ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်
၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့ (23-2-2014) (၇၇၆၅)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ နှစ်(၃၀)ပြည့် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင် ဝါဒူလာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

ဟားခါး
၃ ဒီဂရီစင်တီဂရိတ်
ပူတာအို
၇ ဒီဂရီစင်တီဂရိတ်
နမ့်စန်
၇ ဒီဂရီစင်တီဂရိတ်

# နိုင်ငံရေးဖြစ်စဉ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို ပြဿနာပြေလည်ရေး၊ အပြေထွက်ရေးနှင့် တည်ဆောက်ရေးနည်းလမ်းများဖြင့် ရှုမြင်ဖော်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မိမိအနေဖြင့် ယနေ့အခမ်းအနားသို့ တက်ရောက်ရသည့် ရည်ရွယ်ချက်မှာ လက်တွေ့နယ်ပယ်တွင် စီးပွားရေးလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများ၏ စိန်ခေါ်မှုများ၊ အခြေအနေများကို လာရောက်နားထောင်ရန်ပင်ဖြစ်ပါကြောင်း၊ သို့မှသာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကနေရာမှ စွမ်းဆောင်နေသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ အခက်အခဲများနှင့်လိုလားချက်များကို နိုင်ငံရေးအရ ဦးဆောင်မှုပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများနှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲအခမ်းအနား၌ ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## စုံစမ်းစစ်ဆေးရေးကော်မရှင်က ပဋိပက္ခတွေကို အဖြေရှာဖို့အတွက်လုပ်တာပါ တစ်ဦးတစ်ဖက်အဖွဲ့အစည်းကိုပဲ မျက်နှာသာပေးပြီး စုံစမ်းခဲ့မှုမျိုးလုပ်ခဲ့တာမဟုတ်ပါဘူး

ဒူချီးရားတန်းကျေးရွာတွင်ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဖြစ်စဉ်ဖြစ်ရပ်အမှန် ပေါ်ပေါက်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်ထိ ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ သွားရောက်ကွင်းဆင်း စုံစမ်းစစ်ဆေးခဲ့ကြသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်မှတာဝန်ရှိသူများအား ခရီးစဉ်အပြီးတွင် စစ်တွေမြို့ရှိ Royal Sittwe Resort ၌ ခရီးစဉ်နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

တွေ့ဆုံမေးမြန်း - မောင်မောင်ထွေး
ဓာတ်ပုံ - မိုးလွင် (မြန်/ဆက်)

## ဥပဒေကြမ်းပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ တနင်္ဂနွေအထူးထုတ် စာမျက်နှာ ၄၊ ၅၊ ၆ တွင် လျှပ်စစ်ဥပဒေကြမ်းကို ဖော်ပြထားပါသည်။



ကြေးမုံစာတည်းရှုထောင့် ၂၃-၂-၂၀၁၄၊ တနင်္ဂနွေနေ့

# ကားရထားစီးခရီးသွားများ

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော မြို့ပတ်ရထားတွဲဆိုင်းအားလုံးတွင် အထူးတွဲများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာမှစ၍ တပ်ဆင်ပေးပြီး ခရီးသည် တစ်ဦးလျှင် ကျပ် ၂၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိသော်လည်း ရုံးတက် ရုံးဆင်းချိန်များတွင် အလုအယက်တိုးဝှေ့နေကြရဆဲဖြစ်ပါသည်။

မြန်မာ့မီးရထားမှ ခရီးသွားများ အဆင်ပြေစေရန်ခရီးသွားပြည်သူများ၏ တောင်းဆိုချက်နှင့်အညီ နောက်ထပ်အထူးတွဲသစ်တစ်တွဲစီကို မြို့ပတ်ရထားတွဲဆိုင်းများတွင် မကြာမီထပ်မံချိတ်ဆက်ပြေးဆွဲတော့မည်ဟု သိရသည်။ ယခင် အတိုင်း ခရီးသည်တစ်ဦးလျှင် ကျပ် ၂၀၀ နှုန်းဖြစ်ကြောင်း မြန်မာ့မီးရထား တာဝန်ရှိသူက ရှင်းပြသွားသည်။

ထိုနည်းတူမထသ(ဗဟို)မှလည်း E TICKET စနစ် ကျင့်သုံးတော့မည်ဟု စီစဉ်နေကြောင်း သိရသည်။ အကြောင်းမှာ ယာဉ်လုပ်သားများနှင့် ခရီးသွားများ အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ရခြင်းဖြစ်သည်။ မထသ(ဗဟို)နှင့် မီဒီယာများတွေ့ဆုံပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ယာဉ်လိုင်းများတွင် သတ်မှတ်ယာဉ်စီးခ ကောက်ခံရမည့်အစား အများပြည်သူများမှ E TICKET စနစ်ဖြင့် အသုံးပြုလာကြမည်ဆိုပါလျှင် ယာဉ်လုပ်သားများနှင့် ခရီးသွားများကြား ပို၍ အဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း ရှင်းပြသွားသည်။

ယခင်က IPAY ကတ်စနစ်ဖြင့် ကျင့်သုံးခဲ့သည်ဆိုလျှင်လည်း လက်တွေ့မျက်မြင်အောင်မြင်မှုမရရှိနိုင်သေးပါ။ ယခု တစ်ဖန် နောက်တစ်မျိုးပုံစံပြောင်းလည်း လောလောဆယ်မှာ အခက်အခဲပေါင်းစုံရှိနေဦးမည်ဖြစ်ပါသည်။

မဟာရန်ကုန်တွင် တစ်နိုင်ငံလုံးလူဦးရေ၏ ၁၀ ရာခိုင်နှုန်း၊ တစ်နည်း၊ လူဦးရေ ခြောက်သန်းကျော် မှီတင်းနေထိုင်လျက်ရှိနေသည်။ နိစ္စဓူဝသွားလာမပျက် ရှိကြရာတွင် မြို့ပတ်ရထား၊ လိုင်းကားများကို အားကိုးနေကြရသည်။ မြို့ပတ်ရထားသည် ကျပ် ၁၀၀ တန် လက်မှတ်တစ်စောင်ဖြင့် အသွားအပြန် တစ်နေ့နှစ်ကြိမ်စီးနိုင်ဆဲဖြစ်ပြီး ယခုနောက်ပိုင်းတွင် အထူးတွဲဆိုင်း ကျပ် ၂၀၀ သီးသန့်ရထားများ တိုးချဲ့ပြေးဆွဲပေးလျက်ရှိနေသည်။ ထိုကဲ့သို့ တိုးချဲ့ပြေးဆွဲပေးလျက်ရှိနေသော်လည်း ရထားစီးဦးရေများပြားလာနေ၍ အထူးတွဲများ ထပ်မံချိတ်ဆက်ပေးလာရခြင်းဖြစ်သည်။

ရထားစီးရသည်မှာ အချိန်မှန်သည်။ ဘူတာတိုင်းမှာ ရပ်၊ တင်၊ ချထွက်ကျင့်သုံးသည်။ လက်မှတ်စစ်များ ဆက်ဆံရေးပြေပြစ်သည်။ ရထား၏ သက်သာနှုန်းထားထူးခြားချက်တစ်ရပ်မှာ ၁၀၀ ကျပ်တန်လက်မှတ်တစ်ရွက်နှင့် အသွားအပြန်စီး၍ ရနေသေးခြင်းဖြစ်သည်။ ဆင်ခြေဖုံးများမှ ရန်ကုန်သို့ မနက်လာ ညနေပြန် ကျပ် ၁၀၀ နှင့် ဟုတ်နေကြသည်။

လိုင်းကားများမှာကား ပုံမှန်ထွက်ချိန်၊ ဝင်ချိန် စံသတ်မှတ်ချက်ရှိနိုင်သော်လည်း လိုက်နာမှုမရှိ။ ရပ်ချင်သည့်နေရာတွင် ကြာကြာရပ်ပြီး လူစောင့်တင်သည်။ တစ်စီးနှင့်တစ်စီး အလုအယက် ပြိုင်မောင်းကြသည်။ ရုံးဆင်း/တက်ချိန်ကားတိုင်းမှာ ငါးပိသိပ်၊ ငါးချဉ်သိပ် စပယ်ယာလည်း စိတ်ရှည်သည်းခံ လမ်းကြောင်းမမှန်နိုင်တော့။ အော်ရ၊ ဝေါက်ရ မကြားချင်အဆုံး။ တချို့မှာ ကားနောက်ဘက်သို့မဝင်၊ စုပြုံတိုးဝှေ့ လူ့ဓလေ့ဟုဆိုရမည်လား။ အတွန်းအတိုက်ခံနေကြရလည်း မဖြုံ၊ စပယ်ယာအော်ဝေါက်သည်ကို ပန်းနှင့်ပေါက်သလို ခံနိုင်ရည်ရှိနေကြသူများ။ မဟာရန်ကုန် ခုံးကျော်တံတားမရှိသေးသည့် မြေနီကုန်း၊ တာမွေအဝိုင်းများဆိုလျှင် တရေးတမောအိပ်စောင့်ကြရမည်။

အထူးသဖြင့် ကားသမားနှင့် ခရီးသွားများကြားပြဿနာများမှာ ငွေပိုတောင်းခြင်း၊ မချေမငံဆက်ဆံမှုက အများဆုံး။ နေ့စဉ်လိုင်းကားများ သတ်မှတ်ချိန် နံနက် ၅ နာရီမှ ည ၈ နာရီထိဆိုထားလည်း ညနေ ၆ နာရီဆိုသည်နှင့် လိုင်းကားခတစ်ဆတက်သွားပြီး စပယ်ယာတွေဆိုလျှင်လည်း နေ့ဘက်နှင့်မတူကြတော့ပြီ။ ဆေးမင်ကြောင်နှင့် ဖြူနီကြောင်ကျားတွေဖြစ်ကုန်ပြီ။ ကားတိုင်းမဟုတ်လည်း အထူးသဖြင့် ဆင်ခြေဖုံးအထိပြေးဆွဲသောယာဉ်တချို့မှာ အမြဲလိုလို ဤအဖြစ်မျိုး ကြုံတွေ့နေရဆဲပါ။

မြို့ပြခရီးလမ်းကြောင်းအတွင်း ကားနှင့်ရထားတွင် ငွေကြေးဆက်ဆံမှုကအစ ကွာခြားလွန်းမှုကို အဖြေရှာကြည့်လျှင် ဝန်ထမ်းဟုတ်၊ မဟုတ်နှင့်လည်း သက်ဆိုင်ပါလိမ့်မည်။ မီးရထားဝန်ထမ်းများကဲ့သို့ မထသယာဉ်လုပ်သားများကိုလည်း တစ်နည်းနည်းနှင့် ဝန်ထမ်းပုံစံ၊ စည်းကမ်းကောင်းတစ်ခုအတွင်းမှာ စနစ်တကျစုစည်းနိုင်ပါလျှင် ယနေ့ကြုံတွေ့နေရသည့် ကားစီးခရီးသွားများ အချင်းချင်းကြား(ခရီးသွားနှင့် ကားသမား) အချင်းများမှုလျော့နည်း၍ တဖြည်းဖြည်း ပပျောက်နိုင်ပါကြောင်း။ ။

# ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်၌ ကတ္တရာလမ်းသစ်ဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် မော်လမြိုင်ကျွန်းလမ်းနှင့် မော်လမြိုင်ကျွန်း(၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မော်လမြိုင်ကျွန်းလမ်းနှင့် မော်လမြိုင်ကျွန်း(၁) လမ်းထောင့်ရှိ မင်္ဂလာနေရာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က ဥတ္တရသီရိမြို့နယ် အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး(အင်/ယာ) ဦးအောင်မိုးက မော်လမြိုင်ကျွန်းလမ်းနှင့် မော်လမြိုင်ကျွန်း(၁)လမ်းသစ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးညွန့်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မော်လမြိုင်ကျွန်းလမ်းနှင့် မော်လမြိုင်ကျွန်း(၁)လမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်၊ ကော်မတီဝင် ဦးကျော်မြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်တို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် ဧည့်သည်တော်များသည် မော်လမြိုင်ကျွန်းလမ်းနှင့် မော်လမြိုင်ကျွန်း(၁)လမ်း ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် မော်လမြိုင်ကျွန်းလမ်းနှင့် မော်လမြိုင်ကျွန်း(၁)လမ်း ကတ္တရာလမ်းသစ်သည် အရှည် ပေ ၄၁၉၀ ရှိပြီး ယခင်က ရိစာလမ်းဖြစ်သော်လည်း မိုးတွင်းအခါတွင် သွားလာရန်ခက်ခဲသည့် အခြေအနေများဖြစ်ပေါ်နေသဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ယင်းကြောင့် ရပ်ကွက်နေ ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် ဒေသအချို့တွင် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများ စတင်ဖွင့်လှစ်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် အထူးဒေသ(၂)မှ ဝမ်ဟုန်၌ လည်းကောင်း၊ ရှမ်းပြည်နယ် အထူးဒေသ(၄) မိုင်းလားဒေသရှိ မိုင်းလား၊ ဆီလူး၊ နမ့်ပန်းတို့၌ လည်းကောင်း၊ ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ ခေါင်လန်ဖူး၊ နောင်မွန်းတို့၌ လည်းကောင်း သက်ဆိုင်ရာဒေသမှ တာဝန်ရှိသူများ၏ တောင်းဆိုချက်အရ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာဒေသအဖွဲ့အစည်းများမှ တိုင်းရင်းသားခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ တက်ရောက်၍ ယခုဖွင့်လှစ်သည့် သင်တန်းများတွင် စာရင်းစစ်၊ စာရင်းကောက်အဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဒေသခံ ဆရာ ဆရာမများ၊ ဒေသခံတိုင်းရင်းသား လူငယ်များ တက်ရောက်ကြရာ မိုင်းဆတ်မြို့နယ် အထူးဒေသ(၂) ဝမ်ဟုန်၌ ၁၁၇ ဦး၊ အထူးဒေသ(၄) မိုင်းလားဒေသရှိ မိုင်းလား၌ ၁၀၆ ဦး၊ ဆီဘူး၌ ၇၇ဦး၊ နမ့်ပန်း၌ ၁၉၃ ဦး၊ ပူတာအိုခရိုင်ရှိ ပူတာအို၌ ၁၃၇ ဦး၊ ဆွမ်ပရာဘွမ် ၂၇ ဦး၊ မချမ်းဘော၌ ၃၁ ဦး၊ ခေါင်လန်ဖူး၌ ၅၀၊ နောင်မွန်းနှင့် ပန်နန်းတင်မှ စုပေါင်း၍ နောင်မွန်း၌ ၃၆ ဦးတို့အား စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို ခြောက်ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ယင်းဒေသများတွင် ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသခံဘာသာစကား အခြေအနေတို့ကြောင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုတင်သန်းခေါင်စာရင်းကောက်ယူနိုင်ရန် ဒေသခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာသို့ တောင်းဆိုချက်အရ ယခုကဲ့သို့ စာရင်းစစ်၊ စာရင်းကောက်သင်တန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ သင်တန်းများပြီးဆုံးပါက သက်ဆိုင်ရာဒေသများအတွင်း ရပ်ကွက်၊ ကျေးရွာအနှံ့ မြေပြင်ကွင်းဆင်းကာ တစ်အိမ်တက်ဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) ‘ဝ’ ဒေသတွင်လည်း ဒေသခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ တောင်းဆိုချက်အရ မကြာမီ စာရင်းစစ်၊ စာရင်းကောက်သင်တန်းများ ဖွင့်လှစ်၍ ကြိုတင်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

Ph:09-5403844, 09-5044839

WOODEN HARP
(120,000)
09-403741363 09-420106118 09-259133140

LOVOL
FOUR WHEELED TRACTOR



JADE



## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုဂ္ဂလိကစီးပွားရေးဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**❖ ရှေ့ဖုံးမှ**

တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ နိုင်ငံတော်အမျိုးသားလူမှုရေးနှင့် စီးပွားရေးအကြံပေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်စီးပွားရေးအသင်းအဖွဲ့များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် မိမိအနေဖြင့် အစိုးရတာဝန်ယူပြီးချိန်မှစပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော ကဏ္ဍစုံအပြောင်းအလဲများနှင့် ဆက်စပ်ပြီး အနည်းငယ်ပြောကြားလိုပါကြောင်း။

မိမိတို့အစိုးရ စတင်တာဝန်ယူသည့်အချိန်မှစပြီး နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုများနှင့်အတူ ကဏ္ဍစုံအထွေထွေပြုပြင်ပြောင်းလဲမှုများကို အခြေခံမှစတင်ပြောင်းလဲနိုင်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်ခဲ့ပြီး ယနေ့အခါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဖြစ်ထွန်းမှုများသည် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအနေဖြင့် ရေရာသေချာမှုရှိသည့် နိုင်ငံရေးပုံစံသစ်တစ်ရပ်ကို တည်ဆောက်နေခြင်းဖြစ်ပြီး မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့် ပြောင်းလဲကျင့်သုံးရမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်သည်လည်း စတင်ရှင်သန်စပြုလာသော အနေအထားဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှ ပေါ်ပေါက်လာသော နိုင်ငံရေးပွင့်လင်းလွတ်လပ်မှုများကြောင့် နိုင်ငံရေးအင်အားစုအချင်းချင်း ထိတွေ့မှုများ ပိုမိုများပြားလာသည်နှင့်အမျှ မတူညီသော အင်အားစုများအကြား နိုင်ငံရေးပွတ်တိုက်မှုများရှိခဲ့သော်လည်း နိုင်ငံရေးယဉ်ကျေးမှုသစ်၏ အနှစ်သာရဖြစ်သည့် ထိပ်တိုက်ရင်ဆိုင်ခြင်းများကို ကျော်လွှားပြီး ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းများဖြင့် အကျပ်အတည်းအားလုံးကို ဖြေရှင်းနိုင်ခဲ့ကြပါကြောင်း။

အသွင်ကူးပြောင်းရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော နိုင်ငံရေးတည်ငြိမ်မှုနှင့် ဒီမိုကရေစီအသက်ဝင်ရှင်သန်ရေးအတွက် အရေးကြီးသည့် နိုင်ငံရေးတက်ကြွနိုးကြားမှုတို့ကို ဆက်လက်ထိန်းသိမ်းပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့အစိုးရ ကြိုးပမ်းဆောင်ရွက်နေသော ကိစ္စရပ်များကို အနည်းငယ်ရှင်းလင်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသမိုင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံအနေဖြင့် ပုံစံတကျရှိသော အမျိုးသားစီးပွားရေးတစ်ရပ်ကို ပိုင်ဆိုင်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းဖြတ်သန်းခဲ့ရသော နိုင်ငံရေးစနစ်မျိုးစုံက ရွေးချယ်အကောင်အထည်ဖော်ခဲ့သော အမျိုးသားစီးပွားပုံစံချမှုဖြစ်စဉ်များကို ကြည့်လျှင် နိုင်ငံအတွက် စီးပွားရေးအောင်မြင်မှုနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း မရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ မိမိတို့ရရှိထားသောနိုင်ငံရေးဖြစ်ထွန်းမှုများသည် မိမိတို့လူ့အဖွဲ့အစည်းအတွက် အရေးတကြီးလိုအပ်နေသော ပုံစံတကျရှိသည့် အမျိုးသားစီးပွားရေးစနစ်တစ်ရပ်ကို ပီပြင်စွာ ဖော်ဆောင်နိုင်ရန် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေခြင်းသည် ဈေးကွက်စီးပွားရေးစနစ်ရှင်သန်ပြီးနိုင်ငံသားတိုင်းမျှဝေခံစားနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အခြေခံကောင်းများကို တည်ဆောက်နေခြင်းပင်ဖြစ်ပါကြောင်း၊ ထိုအခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများ လက်တွဲကြိုးပမ်းကြရမည်ဖြစ်ပြီး တက်လှမ်းရမည့် အဆင့်များစွာ ကျန်ရှိနေသေးသည်ကိုလည်း သတိပြုစေလိုပါကြောင်း။

နိုင်ငံ့စီးပွားရေး၏ ၉၀ရာခိုင်နှုန်းရှိသောပုဂ္ဂလိကလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် မိမိတို့အစိုးရ လက်ထက်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုကိုလည်း အခြေခံမှစပြီး ပြုပြင်ပြောင်းလဲနိုင်ရန် အာရုံစိုက်လုပ်ဆောင်ခဲ့ပါကြောင်း၊အဓိကကျသော ပြုပြင်ပြောင်းလဲမှုတချို့မှာ နိုင်ငံ့စီးပွားရေးအတွက် အရေးကြီးဆုံးဖြစ်သော တည်ငြိမ်သည့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်း စနစ်တစ်ရပ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် ဘဏ်လုပ်ငန်းစနစ်များ၊ သီးခြားလွတ်လပ်သော ဗဟိုဘဏ်စနစ်ကို စတင်ပြောင်းလဲခြင်းနှင့် အခြားသောငွေကြေးမူဝါဒများ၊ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများကို ပြောင်းလဲကျင့်သုံးခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံကို နိုင်ငံရေးအခြေအနေများအရ ကမ္ဘာ့နိုင်ငံများက ချမှတ်ကျင့်သုံးခဲ့သော စီးပွားရေးပိတ်ဆို့အရေးယူမှုများကိုလည်း ဖယ်ရှားနိုင်ရန် နည်းလမ်းပေါင်းစုံနှင့်ကြိုးပမ်းခဲ့ရပြီး အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါကြောင်း။

မိမိတို့ပြည်တွင်းထုတ်လုပ်မှုနှင့် လုပ်ငန်းရှင်များအတွက် ပြည်ပပို့ကုန်လုပ်ငန်းများတွင် အားသာချက်ဖြစ်စေမည့် ဥရောပသမဂ္ဂ၏ GSP ကဲ့သို့ အခွန်လျှော့ပေါ့ကင်းလွတ်ခွင့်များ ပြန်လည်ခံစားခွင့်ရရန် ဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံများနှင့်လည်း အခွန်လျှော့ပေါ့မှုနှင့် ကင်းလွတ်ခွင့်များကို ရရှိရန်လည်း ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း။

ထိုသို့ ပြောင်းလဲနိုင်ခဲ့သည့်အတွက် နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်သည့်အခါ ပိုမိုလွယ်ကူပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပို့ကုန်ကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကိုလည်း ပိုမိုအားပေးရာ ရောက်စေပါကြောင်း။

တစ်ဖက်တွင်လည်း အစိုးရအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုပညာပြန့်ပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် ကုန်သွယ်မှုအခန်းကဏ္ဍတွင် တန်းတူအခွင့်အရေးရရှိဖို့နှင့် ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်းမှာ ကုန်သွယ်လုပ်ငန်းခွန် ၈ ရာခိုင်နှုန်းကင်းလွတ်ခွင့်ပြုခြင်း၊ လိုင်စင်အများစုကို ရန်ကုန်တွင် ထုတ်ယူနိုင်ရန်သာမက အချို့ကို လိုင်စင်လျှောက်ထားရန် မလိုအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၇၃ ဘီလီယံရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၇၁ ဘီလီယံထိ တိုးတက်ခဲ့ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် အခြေစိုက်မည့် စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားကို ရည်ရွယ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ရှင်းလင်းလွယ်ကူ၍ ပွင့်လင်းမြင်သာမှုရှိသော လုပ်ငန်းစဉ်များဖြင့် ဖွဲ့စည်းတည်ထောင်ပေးထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၈၈ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၂၀၀ ကျော်၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်ပေါင်း ၁၄၅ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်းပေါင်း ၂၂ သိန်းကျော် တိုးတက်ခဲ့သည်ကို တွေ့ရပါကြောင်း။

ခေတ်အဆက်ဆက်က ရှင်းလင်းဆောင်ရွက်နိုင်ခြင်းမရှိခဲ့သော နိုင်ငံတကာ ကြွေးမြီကိစ္စရပ်များကိုလည်း အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည့်အတွက် ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ်တို့နှင့် ပြန်လည်ချိတ်ဆက်နိုင်ခဲ့ပြီး အနာဂတ်ကာလတွင် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် ငွေကြေးအရင်းအနှီးစုဆောင်းမှုနှင့် ချေးငွေများရရှိနိုင်မည့် အခြေအနေကောင်းများ ပေါ်ထွန်းနေပြီဖြစ်ပါကြောင်း၊ အရင်းအနှီးအတွက် ငွေကြေးအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးအောင် ကြိုးပမ်းနေသကဲ့သို့ ပြည်တွင်းကုန်စည်ဈေးကွက်များ အဆင့်မြင့်မြင့်ဖွံ့ဖြိုးလာပြီး နိုင်ငံတကာ ဈေးကွက်သို့ ချိတ်ဆက်လာနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခက်အခဲအတားအဆီးများ ဖယ်လျှော့ရေးနှင့် အရင်းအနှီးလိုအပ်ချက်များ ပိုမိုရရှိလာရေးကို အစိုးရပိုင်းမှ ဆောင်ရွက်ပေးခဲ့သကဲ့သို့ ပုဂ္ဂလိကပိုင်းမှလည်း ကြိုးစားဆောင်ရွက်မှုများကြောင့် သုံးနှစ်အတွင်း တိုးတက်သင့်သလောက် တိုးတက်လာခဲ့ပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြင့်မားစေရေးအတွက် အရေးကြီးသော လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေး၊ နည်းပညာကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင်လည်း အစိုးရနှင့် ပူးပေါင်းပြီး တိုးတက်ကောင်းမွန်အောင် အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားစီးပွားရေးစနစ်တစ်ရပ် အခြေခိုင်မာစေရန်နှင့် ယခုကဲ့သို့ အခြေခံကိစ္စများတွင် ရလဒ်ကောင်းများရရှိရန် အချိန်အတိုင်းအတာတစ်ခု ယူပြီး တည်ဆောက်ခဲ့ရခြင်းဖြစ်ပါကြောင်း။

ထိုစီးပွားရေးပြုပြင်ပြောင်းလဲမှု၏ အကျိုးရလဒ်များကို ပြည်သူတစ်ရပ်လုံး လက်တွေ့ကျကျရရှိခံစားနိုင်စေရေးအတွက်လည်း အစိုးရနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အတူဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ များမကြာမီ လက်တွေ့အကောင်အထည်ဖော်တော့မည့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဇရိယာ (AFTA)နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ဆိုင်ရာ ကဏ္ဍများတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရသော အချိန်နှင့်တိုက်ဆိုင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် အခြေစိုက်သော စီးပွားရေးလုပ်ငန်းများအနေဖြင့် အားသာချက်များရှိမှာဖြစ်ပြီး အခြေခံလူတန်းစားများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကိုအခြေပြုပြီး စီးပွားရေးကဏ္ဍအသီးသီးတွင်ရှိသည့် အလယ်အလတ်နှင့် အကြီးစားစီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်မှုကွင်းဆက် (Supply Chain)တွင် ဈေးနှုန်းတန်ဖိုးကွင်းဆက် (Value Chain)ညီညွတ်မျှတရေးကို ပူးပေါင်းဆောင်ရွက်ရန် လိုမည်ဖြစ်ပါကြောင်း။

နိုင်ငံသားတိုင်းတန်းတူယှဉ်ပြိုင်ခွင့်ရှိသည့် ဈေးကွက်စီးပွားရေးအခြေပြုလုပ်ထုံးလုပ်နည်းများကြောင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ယခင်ကထိုသို့ကဏ္ဍတစ်ခုတည်းတွင် စုပြုံတိုးဝင်တာမျိုးမဟုတ်ဘဲ မိမိတို့ကျွမ်းကျင်မှုရှိသော၊ အားသာချက်ရှိသော လုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ကိုင်ရင်းနှင့် လုပ်ငန်းအောင်မြင်မှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန်တွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်ကို ပြသနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန်လည်း တိုက်တွန်းအပ်ပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ထွန်းနေသည့် နိုင်ငံရေးဖြစ်စဉ်ရှင်သန်ရန်နှင့် နိုင်ငံရေးတည်ငြိမ်မှု၊ အခြေခံမှစပြီးပြင်ဆင်နေသော စီးပွားရေးပြုပြင်ပြောင်းလဲမှုတို့သည် မိမိတို့နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပိုပြီးအရေးကြီးသောအချက်မှာ လက်ရှိမိမိတို့လုပ်ဆောင်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေပြုသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတည်ဆောက်မှုအောင်မြင်မှသာ အနာဂတ်တွင် လွတ်လပ်ပွင့်လင်းပြီး သာယာဝပြောသော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တက်လှမ်းနိုင်မည်ဖြစ်ပြီး အောင်မြင်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

ထိုသို့တည်ဆောက်တက်လှမ်းနိုင်ရန်အတွက် လက်ရှိရရှိထားသော ဖြစ်ထွန်းမှုအဆင့်ဆင့်ကို ယနေ့တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မိမိတို့နိုင်ငံသားတစ်ဦးချင်းစီက ပါဝင်ကြိုးပမ်းဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်သည်ကို သတိပြုစေလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အောင်မြင်မှုနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့အခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း မှန်ကန်စွာ ရှုမြင်နိုင်ရန် အရေးကြီးပါကြောင်း၊ အဓိကအကျဆုံးအချက်မှာ ယနေ့ဖြစ်ထွန်းနေသော နိုင်ငံရေးဖြစ်စဉ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို မိမိတို့တစ်ဦးချင်းလုပ်နိုင်စွမ်းရှိသော ကဏ္ဍများမှ အဆိုးမြင်ခြင်းနှင့် အပြစ်တင်ခြင်းထက် ပြဿနာပြေလည်ရေး၊ အဖြေထွက်ရေးနှင့် တည်ဆောက်ရေးဆိုသောနည်းလမ်းဖြင့် ရှုမြင်အကောင်အထည်ဖော်ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း အလေးအနက်တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများက စက်မှုဇုန်များဖွံ့ဖြိုးရေး၊ မြန်မာ့ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးရေး၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့**

# အထူးစီးပွားရေးဇုန်အတွင်း စက်ရုံအလုပ်ရုံများ ဖွင့်လှစ်လုပ်ကိုင်သည့်အခါ ကျွမ်းကျင်လုပ်သားများ အဆင်သင့်ရရှိရေး သင်တန်းများဖွင့်လှစ်သင်ကြားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်နှင့်ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် အထူးစီးပွားရေးဇုန်အပိုင်း(က)တွင် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုရာ Myanmar Thilawa SEZ Holding Public Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် Thilawa SEZ Management Committee ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့က အထူးစီးပွားရေးဇုန်အပိုင်း(က)အတွင်းရှိ မြေဧရိယာဟက်တာ(၄၀၀)တွင် မြေယာပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ-ဂျပန်သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (Myanmar-Japan Thilawa Development Ltd.) ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Yanai နှင့် တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)ဖွံ့ဖြိုးရေးအတွက်ဖော်ဆောင်နေမှုနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်တို့က လျှပ်စစ်ဓာတ်အားနှင့် ရေပံ့ပိုးပေးနိုင်မည့်အခြေအနေများနှင့် လမ်းများဖောက်လုပ်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အထူးစက်မှုဇုန် ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တည်ဆောက်ရေးလုပ်ငန်းများအချိန်မီပြီးစီးရေး၊ စီမံကိန်းဧရိယာအတွင်း ရေ၊ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးနှင့် လမ်းများစနစ်တကျဖောက်လုပ်ပေးရေး၊ အထူးစီးပွားရေးဇုန်အတွင်း စက်ရုံအလုပ်ရုံများဖွင့်လှစ်လုပ်ကိုင်သည့်အခါတွင် ကျွမ်းကျင်လုပ်သားများ အဆင်သင့်ရရှိရေးအတွက် သင်တန်းများဖွင့်လှစ်သင်ကြားပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။



သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)တွင် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြေယာပြုပြင်ခြင်းလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်း၊ စီမံကိန်းတစ်ခုလုံး၏ ၁၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း မြေပုံနှင့် စာရင်းဇယားများကို ကြည့်ရှုစဉ်။**
(သတင်းစဉ်)

❒ စာမျက်နှာ ၃ မှ

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ၊ မြို့ပြ မြေအသုံးချမှု၊ အဆောက်အအုံအသုံးချမှုနှင့် ဇုန်များသတ်မှတ်ခြင်းဆိုင်ရာများ၊ အထည်ချုပ်လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းအခြေအနေ၊ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေး၊ ကျောက်မျက်ရတနာလုပ်ငန်းဆိုင်ရာများ၊ ဘဏ်နှင့်ငွေကြေးလုပ်ငန်းများ၊ မြန်မာ့စီးပွားရေးဖိုရမ်ဆိုင်ရာကိစ္စရပ်များ စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးရာတွင် ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများ၊ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယခုကဲ့သို့ တွေ့ဆုံပြီး လုပ်ငန်းအလိုက် အားသာချက်၊ အားနည်းချက်များ၊ မိမိတို့၏ အတွေ့အကြုံများ၊ အခက်အခဲများ၊ အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

ဆွေးနွေးသွားမှုများကို ခြုံငုံကြည့်လျှင် မိမိတို့အကျိုးစီးပွားထက် တိုင်းပြည်၏ အကျိုးစီးပွားကို ပိုမိုအလေးထားကြောင်း တွေ့ရှိရသည့်အတွက် တိုင်းပြည်အပေါ် ထားရှိသည့်စေတနာကိုလည်း အထူးလေးစားမိပါကြောင်း၊ နားမလည်သေးမှုများ၊ သတိမပြုမိခြင်းများ၊ ပညာရပ်ပိုင်းဆိုင်ရာများ များစွာပါဝင်နေသည့်အတွက် မိမိတို့ယနေ့ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအတွက် အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်နိုင်ရေးအတွက်အစိုးရနှင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများ၊ စီးပွားရေးအသင်းအဖွဲ့များအား နီးနီးကပ်ကပ်အမြဲထိတွေ့ ပူးပေါင်းဆောင်ရွက်နေရန် လိုသည်ဆိုသည့် အဖြေတစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ အမြဲထိတွေ့ ပူးပေါင်းဆောင်ရွက်နိုင်မည့် Mechanism တစ်ခု ဖွဲ့စည်းထူထောင်သွားရန် လိုအပ်ပါကြောင်း၊ ယင်းအဖွဲ့အစည်းမှာ မြန်မာ့စီးပွားရေးဖိုရမ် (Myanmar Economic Forum) ဖြစ်ပါကြောင်း၊ တစ်ဖက်က ပုဂ္ဂလိကလုပ်ငန်းရှင် ကိုယ်စားလှယ်များပါဝင်သည့် ကိုယ်စားလှယ်များ၊ လုပ်ငန်းအဖွဲ့ (Working Group) ထိန်းကွပ်ညှိနှိုင်းပေးမည့် ပုဂ္ဂိုလ်များပါဝင်စေပြီး တစ်ဖက်မှလည်း အစိုးရအဖွဲ့မှ Working Group, Delivery Unit များ၊ ညှိနှိုင်းဆောင်ရွက်ပေးမည့် အဖွဲ့များ၊ ထိန်းကွပ်ဆုံးဖြတ်ပေးမည့် အဖွဲ့များပါဝင်စေကာ ယင်းအဖွဲ့နှစ်ဖွဲ့အား အမြဲမပြတ် ထိတွေ့ပေါင်းစပ်ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့၌ ၁၉၉၈၊ ၁၉၉၉၊ ၂၀၀၆ ခုနှစ်ခန့်ကစပြီး Economic Forum များ ဖွဲ့စည်းထူထောင်၍ ဥပဒေ၊ နည်းဥပဒေများရေးဆွဲခြင်း၊ ပေါ်ပေါက်လာသည့် ပြဿနာများ၊ Issue များကို ဝိုင်းဝန်းအဖြေရှာဆုံးဖြတ်ခြင်း၊ နည်းနာများနှင့် ဆောင်ရွက်နေကြပါကြောင်း၊ ထို့ကြောင့် မိမိတို့လည်း Myanmar Economic Forum ကို ဖွဲ့စည်းပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးသွားကြသည့် ဆွေးနွေးချက်များအနက် မိမိတို့၏ အစိုးရပိုင်းမှ လတ်တလောဆောင်ရွက်ပေးနိုင်သည်များ၊ အချိန်ယူပြီး ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မဆောင်ရွက်နိုင်သေးသည့်ကိစ္စများကို ဤအခမ်းအနားအပြီးတွင် သက်ဆိုင်ရာဝန်ကြီးများနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်လက်ဆွေးနွေးကြရန်နှင့် အချို့ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ အချို့ကိစ္စရပ်များကို အစိုးရအဖွဲ့အစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးပြီး ဆုံးဖြတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဆက်လက်တွေ့ဆုံညှိနှိုင်းကြသည်။

**(သတင်းစဉ်)**

❒❒



## ပြည်ထောင်စုဝန်ကြီးများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။

နိုင်ငံတော်သမ္မတနှင့် နံနက်ပိုင်းတွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ယင်းခန်းမ၌ပင် ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးအဖွဲ့အစည်းအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ အောင်မြင်မှုရရှိသည့် လုပ်ငန်းများ၊ ဝန်ကြီးဌာနများက ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို အကျယ်တဝင့် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# (၁၂) ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

(၁၂)ကြိမ်မြောက် ဆရာဝန် တင်ရွှေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားရာ၌ သမိုင်းပညာရှင် H.G Wells က"လူ့သမိုင်းဆိုသည်မှာ အသိပညာ၊ အတတ်ပညာနှင့် ကပ်ဘေးအန္တရာယ်တို့၏ ယှဉ်ပြိုင်ပွဲတစ်ခုအဖြစ် ပို၍ပို၍ ဖြစ်လာနေကြောင်း" ပြောကြားခဲ့သည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာက အနိုင်မရလျှင် ကပ်ဘေးအန္တရာယ် တစ်မျိုးမျိုး၏ လွှမ်းမိုးမှုကို ခံရနိုင်ပါကြောင်း၊ သို့ဖြစ်၍ စာပေပညာရှင်များက အသိပညာ၊ အတတ်ပညာများ တိုးပွားစေရေးအတွက် စာများပိုရေးနေရပါကြောင်း၊ စာကြည့်တိုက်များလည်း ဖွင့်လှစ်ပေးနေရပါကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လုပ်ဆောင်နေရကြောင်း၊ သို့ရာတွင်အောင်မြင်မှုထင်သလောက် မရရှိသေးပါကြောင်း၊ စာပေပညာရှင်များ ဒစ်ဂျစ်တယ် စကြိုပေါ်တက်နိုင်မှ မိမိတို့၏ တတ်သိပညာပေးရေး တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်လိမ့်မည်ဟု ယူဆပါကြောင်း။

မြန်မာနိုင်ငံတွင် လူထုဆက်သွယ်ရေး နည်းလမ်းများ ဖွံ့ဖြိုးတိုးတက်လာပါကြောင်း၊ မကြာမီ လူအများစုသည် အီလက်ထရွန်နစ် ပစ္စည်းကိရိယာများ သုံးစွဲနိုင်တော့မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မကြာသေးမီက မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းကြီးကလည်း Digital စနစ်ဆီသို့ ကူးပြောင်းရန် အရေးကြီးသည့် ခြေလှမ်းတစ်ခု တက်လှမ်းခဲ့သည်ကို တွေ့ရှိရပါသဖြင့် ဝမ်းသာ ဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ (၁)နှင့်ဆရာဝန်တင်ရွှေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးကျော်ဝင်း (မနုသကျော်ဝင်း)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာဝန်တင်ရွှေစာပေဆု ဆုရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က တစ်သက်တာစာပေဆုရ ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) အား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် " Myanmar Super Latives " စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာခင်မောင်ညွန့်၊ "အံ့သြလွန်းလို့ သေတော့မယ်" စာအုပ်ဖြင့် ဆုရရှိသူ ကောင်းဆက်နိုင်တို့အား ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာမင်းယုဝေကလည်းကောင်း၊ "သီးနှံဈေးကွက်တိုးချဲ့ဖို့ တာရှည်ခံအောင် လုပ်ကြစို့" စာအုပ်ဖြင့် ဆုရရှိသူ ထပ်ဆင့်အမျိုးသားစာပေဆုရ ဒေါက်တာချစ်နှင့်" ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး ပါမောက္ခ/ဌာနမှူး ဒေါက်တာ ညဏ်လင်းကျော်နှင့် တွေ့ဆုံစကားပြောခြင်း(သို့မဟုတ်) သက်ကြီးရွယ်အိုနှင့် စိတ်ကျန်းမာရေးပြဿနာ " စာအုပ်ဖြင့် ဆုရရှိသူ မောင်မောင်ထွန်းအောင်(ကျန်းမာရေး) တို့အား စာပေအလှူရှင် ဆရာဝန်တင်ရွှေ၏ ဇနီး ဆရာမကြီး ဒေါ်အေးသန့်ကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် စာပေအလှူရှင် ဆရာဝန်တင်ရွှေ၏ဇနီး ဆရာမကြီး ဒေါ်အေးသန့်က ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ကိုယ်စား အဖွဲ့ဝင်ဦးတင်ခ(တက္ကသိုလ်တင်ခ)အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ် သုံးသိန်းကို မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်ဝင်း(မနုသကျော်ဝင်း) ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆုရရှိကြသူစာရေးဆရာများက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး စာပေအလှူရှင် ဆရာဝန်တင်ရွှေ၏ဇနီး ဆရာမကြီး ဒေါ်အေးသန့်က ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဆရာဝန်တင်ရွှေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆုရစာရေးဆရာကြီးများ၊ စာပေအလှူရှင် ဆရာမကြီး ဒေါ်အေးသန့်နှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



(၁၂)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များ တိုးမြှင့်ခံစားကြရမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပိုမိုတိုးတက်ထိရောက်စေရေးနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့နှင့် Japan International Medical Technology Foundation (JIMTEF)တို့ ပူးပေါင်းကျင်းပသော Japanese Medical Service for Contributing towards the Advancement of Medical Care ဆေးဘက်ဆိုင်ရာ နည်းပညာဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Sedona Hotel မင်းတုန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Japan International Medical Technology Foundation (JIMTEF) နှင့် လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုဖူလုံရေးဥပဒေအသစ်ကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း၊ ထိုဥပဒေသစ်အရ အာမခံထည့်ဝင်ကြေးနှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်းနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များလည်း တိုးမြှင့်ခံစားကြရမည်ဖြစ်သည့်အတွက် လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုများအား ခေတ်နှင့်အညီ တိုးမြှင့်ဆောင်ရွက်ပေးနိုင်မှသာ လူမှုဖူလုံရေးစီမံကိန်းအပေါ် အများပြည်သူများ ယုံကြည်ကိုးစားမှုရရှိမည်ဖြစ်ကြောင်း၊ ဥပဒေသစ်အရ အကျုံးဝင်အာမခံအလုပ်ဌာနများ တိုးချဲ့သတ်မှတ်ခြင်း၊ အကျိုးခံစားခွင့်များ တိုးမြှင့်ဆောင်ရွက်ပေးခြင်းအပြင် မိမိဆန္ဒအလျောက် လူမှုဖူလုံရေး အာမခံထားရှိခြင်းများကြောင့် လက်ရှိ အာမခံအလုပ်သမားဦးရေ ခြောက်သိန်းရှစ်သောင်းကျော်ရှိနေရာမှ များမကြာမီကာလအတွင်း ၁၀ သိန်းခန့်အထိ ရောက်ရှိသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများရှိ ကျန်းမာရေးဝန်ထမ်းများ၏ အရည်အချင်းပြည့်စုံနေရန်မှာ အလွန်အရေးကြီးပါကြောင်း၊ ယခုပြုလုပ်သော Seminar တွင် လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ ပိုမိုတိုးတက်စေရေးအတွက် စွမ်းရည်မြှင့်တင်ပေးသည့်အနေဖြင့် ဂျပန်ပညာရှင်များက ဆေးဘက်ဆိုင်ရာ နည်းပညာများပို့ချခြင်း၊ ဆေးပစ္စည်းကိရိယာများ၊ အသုံးပြုပုံစနစ် သင်ကြားပေးခြင်းများအား ဆောင်ရွက်မှာဖြစ်ပြီး မိမိတို့လူမှုဖူလုံရေးအဖွဲ့ကလည်း အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ဆေးရုံ၊ ဆေးခန်းများအဆင့်မြှင့်တင်ခြင်း၊ ဆေးကုသခြင်းဆိုင်ရာ ကိရိယာများ၊စမ်းသပ်စစ်ဆေးသည့် ကိရိယာများ တိုးချဲ့တပ်ဆင်ခြင်းများကို မိမိအဖွဲ့ပိုင်ငွေကြေးဖြင့် ဝယ်ယူရန်စီစဉ်နေသည့်အပြင် ပြည်တွင်း ပြည်ပ အကူအညီများကိုလည်း ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ အလုပ်သမားဆေးရုံကြီးသုံးရုံအနက် ထန်းတပင်တီဘီရောဂါကုဆေးရုံကြီးကို အထွေထွေရောဂါကုဆေးရုံကြီးအဖြစ်အဆင့်မြှင့်တင်ခြင်းနှင့်ကျန်းမာရေးဝန်ထမ်းအင်အား တိုးမြှင့်ဖြည့်ဆည်းခန့်ထားခြင်းများလုပ်ဆောင်နေပြီဖြစ်ကြောင်း၊ အဖွဲ့ပိုင်ဆေးရုံ၊ဆေးခန်းများ၏ ကျန်းမာရေးဝန်ဆောင်မှုများအပြင် ပုဂ္ဂလိကပိုင်ဆေးရုံ၊ ဆေးခန်းများနှင့်စာချုပ်ချုပ်ဆိုဆောင်ရွက်သွားရန်လည်း စီစဉ်လျက်ရှိကြောင်း၊ ယခုဆွေးနွေးပွဲမှ ရရှိလာမည့်ရလဒ်များ၊ ဆွေးနွေးချက်များအား မိမိတို့ဆေးကုသမှုလုပ်ငန်းခွင်တွင် ပြန်လည်အသုံးချခြင်းဖြင့် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်သွားပြီး လူမှုဖူလုံရေးစီမံကိန်းကို အများပြည်သူ ပိုမိုယုံကြည်အားကိုးလာစေရေးစွမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ဝင်းမော်ထွန်းက ယနေ့ဆွေးနွေးပွဲမှ ရရှိသည့် အတွေ့အကြုံကောင်းများကို လူမှုဖူလုံရေးအဖွဲ့မှ ဆရာဝန်ကြီးများနှင့် ပညာရှင်များကလည်း အပြည့်အဝရယူနိုင်ကြပြီး မိမိတို့စနစ်နှင့်ကိုက်ညီမည်ဆိုလျှင် ထိထိရောက်ရောက်အသုံးချသွားနိုင်ပါရန် မျှော်လင့်ကြောင်း၊ သို့မှသာ ပြည်သူများ၊ အလုပ်သမားများ၏ ယုံကြည်မှုနှင့် မိမိတို့အဖွဲ့အစည်းတိုးတက်ရန်လမ်းစရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Japan International Medical Technological Foundation (JIMTEF) အဖွဲ့တို့မှ တာဝန်ရှိသူများကလည်း နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် JIMTEF မှ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် လူနာတင်ယာဉ်နှစ်စီးနှင့် ဆေးရုံသုံးပစ္စည်း ၁၄ မျိုးကို ပေးအပ်လှူဒါန်းခဲ့သည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံတကာ ဆေးဘက်ဆိုင်ရာ နည်းပညာဖောင်ဒေးရှင်း (JIMTEF) တို့သည် အပြန်အလှန်ပူးပေါင်းကူညီမှုနှင့် လက်တွဲဆောင်ရွက်မှုတို့အရ ဂျပန်စတိုင် ကျန်းမာရေးစောင့်ရှောက်မှုသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အဆင့်အတန်းတိုးတက်မြင့်မားစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဆေးဘက်ဆိုင်ရာ ကဏ္ဍအတွက် ဆေးဘက်ဆိုင်ရာ နည်းပညာသင်တန်းပရောဂျက်များအတွက် စီမံကိန်းရေးဆွဲတင်ပြခြင်း၊လူမှုဖူလုံရေးပရောဂျက်များအတွက် စီမံကိန်းရေးဆွဲတင်ပြခြင်း၊ နောက်ဆုံးပေါ် ဆေးဘက်ဆိုင်ရာကိရိယာများပြုပြင်ထိန်းသိမ်းခြင်း၊ စီမံကွပ်ကဲခြင်း၊ ကိုင်တွယ်အသုံးပြုခြင်းတို့ဆိုင်ရာ နည်းပညာသင်တန်းများ၊အလုပ်သမားဆေးရုံများနှင့် ဆေးပေးခန်းများတွင် တာဝန်ထမ်းဆောင်သူဝန်ထမ်းများအတွက် နည်းပညာသင်တန်းများ၊ကွင်းဆင်းလေ့လာရေးအဖွဲ့များနှင့် ကျွမ်းကျင်သူပညာရှင်များပေးပို့စေလွှတ်ခြင်း၊ဆီမီနာများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဘက်ဆိုင်ရာကဏ္ဍများနှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖလှယ်ခြင်း လုပ်ငန်းရပ်များနှင့် ပတ်သက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**








# လိုင်းကားလောကတိုးတက်စေလိုလျှင် မေတ္တာဖြင့် ပြုပြင်စေချင်

ငွေးအောင် (မြန်အောင်)

ရန်ကုန်မြို့နေ ပြည်သူအပေါင်းနည်းမျိုးစုံဖြင့် ခရီးသွားကြသည်။ အလုပ်ဆင်းအလုပ်တက်၊ ဈေးသွား ဈေးဝယ်၊ ဘုရားဖူးအပန်းဖြေ၊ ကျောင်းသွားကျောင်းတက်စသည်ဖြင့် ကိုယ်ပိုင်ကားတတ်နိုင်သူများက ကိုယ်ပိုင်ကားစီးကြသည်။ မတတ်နိုင်သူများက မီးရထား၊ လိုင်းကားစီးကြရသည်။ များသောအားဖြင့် လိုင်းကားစီးသွားရသူများ၏။ မနက်၊ ည အသွားအပြန်တစ်ရက် လေးနာရီကားစီးရ၏။ မနက်၊ ည တစ်နေ့တာ လေးနာရီက ကားပေါ်မှာ၊ ကားစီးရသော ဒုက္ခသည် မရိုးနိုင်၊ ကားစီးသူပြည်သူနှင့် ယာဉ်မောင်း၊ စပယ်ယာများ နေ့စဉ် တွေ့ရ၏။ လူသည် အရာအားလုံးတွင် စဉ်းစားဉာဏ်ရှိ၏။ စည်းစိမ်ခံစားချင်၏။ အတ္တရှိ၏။ ဆန္ဒရှိ၏။ ကောင်းသောအရာကိုသာရယူလို၏။ သို့သော် လိုင်းကားကဆန့်ကျင်ဘက်၊ အများပြည်သူ ရုံးတက်ရုံးဆင်း၊ အလုပ်သွားအလုပ်ပြန် နေရာရဖို့မလွယ် အချိန်များစွာပေး၍ မတ်တတ်ရပ်ရ၏။ ပင်ပန်း၏။ အတိုးအဝှေ့ခံရသည်။ ကားစီးရသည်ကို မကျေနပ်၊ ယာဉ်မောင်းကိုစိတ်တိုင်းမကျ၊ စပယ်ယာကို စိတ်တိုင်းမကျ၊ စပယ်ယာကလည်း နှုတ်မှ တတွတ်တွတ်ပြောသည်။ တိုးဝှေ့မတ်တတ်ရပ်စီးနေရသည့်ကြားထဲ ဟိုရွှေ့ပါ၊ ဒီရွှေ့ပါအမိန့်သံကြားလျှင် မလုပ်ချင်၊ ယာဉ်မောင်းကလည်း ဘရိတ်နင်းတာ ကြမ်းသည်လို့မြင်သည်။ အရာရာမှာ စိတ်တိုင်းမကျ၊ ထိုအခါ စပယ်ယာနှင့် ယာဉ်မောင်းမှာ အပြစ်သားဖြစ်ရတော့သည်။

လိုင်းကားလောကကို စာတွေရေးကြသည်၊ အပြစ်တင်ကြသည်။ တိုင်ကြတောကြသည်။ စပယ်ယာ မကောင်းကြောင်း၊ ကားစီးရတာ အဆင်မပြေကြောင်း၊ ကားတွေကလုမောင်း ပြိုင်မောင်းကြောင်း၊ မီးပွိုင့်အရှိန်နှင့် ဖြတ်ကြောင်း၊ မယဉ်ကျေးကြောင်း၊ ထိုင်ခုံနည်းကြောင်း စသည် စသည်ဖြင့် ပြောလို့လည်း မပြီးနိုင်တော့။ အခြားနိုင်ငံတွေနှင့် လက်လှမ်းမီသူတွေက နှိုင်းယှဉ်ကြသည်။ စင်ကာပူသယ်ယူပို့ဆောင်ရေးကို တခမ်းတနား ဖော်ပြကြသည်။ ဂျပန်ကုမ္ပဏီကို လှမ်းခေါ်သူက ခေါ်ကြသည်။ BRT စနစ်ဆိုပြီး စီစဉ်ကြပြန်သည်။ အမြန်ကားစနစ်ကို စဉ်းစားကြသည်။ တချို့ကလည်း ကားတွေကကြီးလို့ ကားအလတ်တွေသွင်းရမည်၊ ဖိနပ်မပြင်နိုင်လျှင် ဖနောင့်ဖြတ်လို့ ပြောကြပြန်သည်။ တချို့ကုမ္ပဏီများကလည်း ရန်ကုန်သယ်ယူပို့ဆောင်ရေးကို လက်ဝါးကြီးအုပ်လို၍ ငွေပေါပေါနှင့် လိုင်းတွေဝင်ဆွဲသည်။ လခစားစနစ် လုပ်မည်ဆိုပြီး ကြွေးကြော်သည်၊ အခုတော့ သူတို့လည်း ကျပ် ၅၀ ခရီးစဉ်မရှိ၊ အနည်းဆုံး ကျပ် ၁၀၀ ကစသည်။ ပြီးတော့ လစာစနစ်လည်း မရှိတော့ ပုတ်ပြတ်စနစ် ဖြစ်ကုန်ကြပြီ။

သတင်းစာ၊ စာနယ်ဇင်းများတွင် ရေးသမျှသော ဆောင်းပါးများသည် ဘတ်စ်ကားလောကကို အပြစ်တင်သည်များကိုသာ တစ်ဖက်သတ်ရေးလာသောအခါ သယ်ယူပို့ဆောင်ရေးလုပ်သူတို့နှင့် လိုက်ပါစီးနင်းကြသူတို့ အဆင်မပြေစေရေး လှုံ့ဆော်သကဲ့သို့ ဖြစ်လာသည်။ စပယ်ယာကို လူ့အောက်တန်းစားဘဝ၊ မယဉ်ကျေးသောဘဝသို့ ပို့ပစ်သည်။ ယဉ်ကျေးသည့် စပယ်ယာများကို ဂုဏ်မပြု၊ မရေးသားကြတော့ပေ။ အကြောင်းအရာများစွာဖြင့် ရန်ကုန်မြို့လိုင်းကားသယ်ယူပို့ဆောင်ရေးကို အဆင်ပြေအောင် တွေးကြ၊ ရေးကြသော်လည်း ယာဉ်မောင်းများ၊ စပယ်ယာများ၊ ယာဉ်ပိုင်ရှင်များဘက်က မည်သူမျှမရှိကြ။ စင်ကာပူ၊ ဂျပန်၊ အင်္ဂလန်ယာဉ်မောင်းများ အဆင့်အတန်းရှိပုံရေးကြသော်လည်း မြန်မာနိုင်ငံ ယာဉ်မောင်းနှင့် စပယ်ယာများ

> **မြန်မာနိုင်ငံမှ ဘတ်စ်ကားများ နိုင်ငံတကာနှင့်ယှဉ်လျှင် အလွန်မှ ကားခ သက်သာပါသည်။ ယုံကြည်စိတ်ချမှု ရှိပါသည်။ လိုင်းကားလောကကို ရှုတ်ချအပြစ်တင်ခြင်းဖြင့် မတိုးတက်နိုင်။**

ဘဝမြင့်မားရေး မည်သူမျှမတွေးခေါ်ပေးကြ။ အပြစ်တင်သူ၊ ဝေဖန်ရှုတ်ချသူတို့၏ စာနှင့်စကားသံများ၊ တိုင်သံတောသံများနှင့်သာ ဘတ်စ်ကားလောက ခရီးဆက်နေပေသည်။

စင်ကာပူ၊ ဂျပန်သယ်ယူပို့ဆောင်ရေးအကြောင်း ရေးကြသော်လည်း ၎င်းနိုင်ငံများ၏ ဘတ်စ်ကားခများကိုတော့ မဖော်ပြကြ၊ နှိုင်းယှဉ်ရေးသားကြသူမရှိ။ စင်ကာပူတွင် ခရီးစဉ်အတိုတစ်ပိုင်း ပြား ၆၀ မှ နှစ်ကျပ်အထိ အဝေးအနီးအလိုက် ပေးရသည်။ ထို့အတူ ဂျပန်တွင် ယန်း ၂၀၀ မှ ၅၀၀ ထိ၊ ကိုရီးယားတွင်ဝမ် ၁၂၀၀ မှ ၄၀၀၀ ထိ ကျသင့်လေသည်။ မြန်မာငွေဖြင့် တွက်ပါက စင်ကာပူတွင် ခရီးစဉ်အလိုက် ကျပ် ၄၅၀ မှ ကျပ် ၁၅၀၀ ဂျပန်တွင် ကျပ် ၂၀၀၀မှ ကျပ် ၅၀၀၀၊ ကိုရီးယားတွင် ကျပ် ၁၀၀၀ မှ ကျပ် ၄၅၀၀ ထိ ကျသင့်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရွှေတစ်ကျပ်သား ကျပ် ၁၈၀၀၀ ပေးရသောအချိန်မှစ၍ အထူးကားယာဉ်စီးခ ကျပ် ၂၀၀ သည် ရွှေတစ်ကျပ်သား ငွေကျပ် ၆၀၀၀၀၀ ကျော်၊ ၇၀၀၀၀၀ ထိဖြစ်နေသော်လည်း ဈေးမတက်ခဲ့။ သဘာဝဓာတ်ငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်ဈေးတက်သော်လည်း ရိုးရိုးကားများကိုသာ ဈေးနှုန်းပြင်ဆင်ခဲ့ပြီး ထိုဈေးနှုန်းသည်လည်း ခရီးစဉ်စ၊ ဆုံး ကျပ် ၂၀၀ ထက် မကျော်ခဲ့ပေ။ ဈေးမတက်သည်မှာ လိုင်းကားခတစ်မျိုးသာရှိတော့သည်။ ကျန်သော အဖိုးအခများ ဈေးတက်၍ အလုပ်သမားများ လုပ်ခလစာတိုးတောင်း၏။ ဆန္ဒပြကြ၏။ သို့သော်လည်း ၎င်းတို့နေ့စဉ်စီးနင်းအသုံးပြုနေသော ဘတ်စ်ကားတို့ကို ကားခတိုးပေးရန် ဆန္ဒမရှိကြ။ အပြစ်တင်ရန်သာ ဆန္ဒရှိပုံရပေသည်။

ဘတ်စ်ကားတစ်စီးပြေးဆွဲရန် အထူးယာဉ်တစ်စီး သိန်း ၃၅၀ ကျော် ရင်းနှီးရ၏။ ရိုးရိုးယာဉ်တစ်စီး သိန်း ၁၀၀ ကျော် ရင်းနှီးရ၏။ လစဉ် စက်ဆီ၊ ချောဆီ အမျိုးမျိုးလဲရ၏။ ဘရိတ်ရှူးလဲရ၏။ ခြောက်လတစ်ကြိမ် ကားဘီးလဲရ၏။ ဂီယာဘောက်ချရ၏။ အောက်ပိုင်းပြုပြင်ရ၏။ တစ်နှစ်တစ်ကြိမ် အင်ဂျင်ချ၍ အကြီးစားပြုပြင်ရ၏။ နှစ်ပတ်လည်ပြင်ဆင်စရိတ် သိန်း ၆၀ ကျော်၊ ၇၀ ကုန်ကျ၏။ စရိတ်တို့မှာ ကျဈေးမရှိ၊ တက်ဈေးသာရှိ၏။ ကားခက မတက်သဖြင့် ဝေဖန်သူတို့ ချင့်ချိန်စဉ်းစားရန် လိုပါသည်။

လူ့အသက်ပေါင်းများစွာကို သယ်ဆောင်ရသည်ဖြစ်၍ ပြင်ဆင်မှုတစ်ခုမျှ လျှော့၍မရ။ ခရီးသည်တို့တွေးသလို ကားမကောင်းဘဲ လိုင်းဆွဲ၍မရ။ အတိအကျပြုပြင်ရ၏။ ယာဉ်မောင်းကလည်း ကားကောင်းမှ မောင်း၏။ ဘဝနှင့်မရင်း၊ ယာဉ်ပေါ်လုံးဝမတက်။ စိတ်တိုင်းကျပြင်ပေးမှ ကားထွက်ပါသည်။ ယာဉ်မောင်းများ စည်းကမ်းတကျရှိသော ယာဉ်လိုင်းပေါင်းများစွာ ရှိပါသည်။ ယာဉ်လိုင်းဂိတ်တစ်ခုတွင် ကြီးကြပ်ရေးမှူး၊ ဂိတ်မှူးများထားရှိ၍ စနစ်တကျကြီးကြပ်ပြီးမှ ကားထွက်စေသော ယာဉ်လိုင်းများစွာရှိပါသည်။ ဂိတ်အနီးတွင် အရက်ဆိုင်၊ ဘီယာဆိုင်များဖွင့်လှစ်၍ ယာဉ်မောင်းအချို့ မိမိအလှည့်မရောက်ခင် ယင်းဆိုင်များ၌ ဆက်ရက်မင်းစည်းစိမ် ယစ်မူးနေကြသောကြောင့် ခရီးသည်များ ရင်တမမနှင့် သမ္ဗုဒ္ဓေဂါထာရွတ်၍ စီးနင်းနေရကြောင်းစသည့် အလွန်အကြူးရေးသားမှုမျိုး မရေးသားစေချင်ပါ။ ယာဉ်ပိုင်ရှင်ကလည်း အရက်သောက် ကားမောင်းသော ယာဉ်မောင်းကို မသုံး၊ ကြီးကြပ်ရေးမှူး၊ ဂိတ်မှူးကလည်း ခွင့်မပြု၊ ယာဉ်မောင်းချိန် လုပ်ငန်းခွင်ပြီးမှ အရက်သောက်သူများသာရှိသည်။ လိုင်းကားလောကတွင် အရက်မူးပြီး ကားမောင်းသူမရှိအောင် ကြီးလည်းကြီးကြပ်၏။ ရှိလည်းမရှိပါ။ တွေ့ရှိက လိုင်းအမျိုးအစား ကားနံပါတ်ဖော်ပြ၍ ရေးသားသင့်ပေသည်။

မြန်မာနိုင်ငံမှ ဘတ်စ်ကားများ နိုင်ငံတကာနှင့်ယှဉ်လျှင် အလွန်မှ ကားခ သက်သာပါသည်။ ယုံကြည်စိတ်ချမှုရှိပါသည်။ လိုင်းကားလောကကို ရှုတ်ချအပြစ်တင်ခြင်းဖြင့် မတိုးတက်နိုင်ကြောင်း အပြုသဘောဖြင့် ရေးသားတင်ပြလိုက်ရပေသည်။ ။



ဗုဒ္ဓဓမ္မ ယဉ်ကျေးမှုသင်တန်းဆင်းဂုဏ်ပြုပွဲ (၂၀၁၃-၂၀၁၄)နှင့် ဝဲကြီး အခြေခံပညာမူလတန်းကျောင်း ပညာရည်ထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုပေးပွဲ အခမ်းအနား ကျင်းပစဉ်။

## ဗုဒ္ဓဓမ္မ ယဉ်ကျေးမှုသင်တန်းဆင်းဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ဝဲကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ ဝဲကြီးပရိယတ္တိစာသင်တိုက်၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ၊ ဝဲကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ ဦးဆောင်သော ဗုဒ္ဓဓမ္မ ယဉ်ကျေးမှုသင်တန်းဆင်းဂုဏ်ပြုပွဲ (၂၀၁၃-၂၀၁၄)နှင့် ဝဲကြီးအခြေခံပညာမူလတန်းကျောင်း ပညာရည်ထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုပေးပွဲအခမ်းအနား ကျင်းပခဲ့သည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဝဲကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသက ဩဝါဒကထာ မြွက်ကြားတော်မူပြီးနောက် သင်တန်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် ပတ်သက်၍ တက်ရောက်လာကြသော သင်တန်းကျောင်းနှင့် သက်ဆိုင်သည့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများက ဆက်လက်လုပ်ဆောင်မည့် သင်တန်းဆိုင်ရာ အစီအစဉ်များကို လျှောက်ထားကာ သင်တန်းဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးကြသူများအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပညာရည်ထူးချွန်ဆုအတွက် ကျောင်းသား ကျောင်းသူ ၁၇ ဦး ရွေးချယ်ဆုချီးမြှင့်ခဲ့ပြီး ယဉ်ကျေးမှုဆုအတွက် ကျောင်းသား ကျောင်းသူ ၁၉ ဦးကို ဆုချီးမြှင့်ခဲ့ကာ သင်တန်းတွင် လာရောက်ပို့ချပေးကြသော သင်တန်းပြဆရာဆု ခုနစ်ဆုချီးမြှင့်ခဲ့သည်။ ထို့ပြင် သင်တန်းကာလအတွင်း တက်ရောက်သင်ယူကြသော ကျောင်းသား ကျောင်းသူများအား အာဟာရဒါနအဖြစ် ကျွေးမွေးပံ့ပိုးပေးခဲ့ကြသူများကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

သင်တန်းကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၃ ရက်မှ ယခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်ထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်မြောက်အဖြစ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။ ယခုသင်တန်းသို့ ဒုတိယတန်းမှ အဋ္ဌမတန်းထိ ကျောင်းသား ကျောင်းသူ ၁၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ရာမည**








ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မီးလင်းဘော ရိုက်၍ ပြည်ထောင်စုဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တို့က မီးလင်းဘောကိုရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲများကို စတင်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများမှ ဂေါက်သီးရိုက် အားကစားသမားများသည် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ အတွဲလိုက် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စုဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသက်(၂၅)နှစ်အထက်(အမျိုးသား) ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြို့တော်ဂေါက်ကွင်းတွင် အသင်းခုနစ်သင်း၊ ရေပြာဂေါက်ကွင်းတွင် ရှစ်သင်း၊ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြို့တော်ဂေါက်ကွင်းတွင် အသင်း ငါးသင်း၊ ရေပြာဂေါက်ကွင်းတွင် ရှစ်သင်းနှင့် အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြို့တော်ဂေါက်ကွင်းတွင် အသင်း ငါးသင်း၊ ရေပြာဂေါက်ကွင်းတွင် ခုနစ်သင်းတို့ အလှည့်ကျ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယနေ့ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အသက်(၂၅)နှစ်အထက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်(၂၃၄)ချက်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဦးဆောင်ကစားလျက်ရှိပြီး (၂၅)နှစ်အထက်တစ်ဦးချင်းပြိုင်ပွဲတွင် ကျော်ကျော်(မန္တလေး)က ၁၇ ချက်လျော့ရိုက်၍ ဦးဆောင်ကစားလျက်ရှိသည်။

(၂၅)နှစ်အောက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ စုစုပေါင်း(၂၃၃)ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းကလည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲ၌ စည်သူအောင်(နေပြည်တော်)က ၁၆ ချက်လျှော့ရိုက်၍ လည်းကောင်း ဦးဆောင်ကစားလျက်ရှိသည်။

အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်(၂၉၃)ချက်ဖြင့် ရှမ်းပြည်နယ်အသင်းက လည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင်(ရန်ကုန်)က ကိုးချက်လျှော့ရိုက်၍ လည်းကောင်း ဦးဆောင်ကစားလျက်ရှိသည်။

၂၀၁၄ခုနှစ် ပြည်ထောင်စုဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသားအသင်းများ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသမီးအသင်းများ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ နှစ်(၃၀)ပြည့်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ကားအရောင်းပြခန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

CHEVROLET BRAND EXPERIENCE CENTRE ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီတွင် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းနှင့် အင်းစိန်လမ်းထောင့်ရှိ အဆိုပါ ကားအရောင်းပြခန်း၌ ကျင်းပရာ ရှေးဦးစွာ Pecific AA Motor Ltd. မှ ဥက္ကဋ္ဌ ဦးဇော်မိုးခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေက General Motor ၏ Chevrolet Brand New ကားများကို မြန်မာနိုင်ငံသို့ တင်သွင်းဖြန့်ချိခြင်းကြောင့် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ကို သိရှိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ယာဉ်ကြောနှင့် လိုက်လျောညီထွေဖြစ်သည့် ဘယ်မောင်း Left Hand Drive Brand New ကားများကိုသာ တင်သွင်းမည်ဟုသိရှိရသဖြင့် ယာဉ်အန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများလျော့ချနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုအကျိုးအတွက် Chevrolet မှ ယခုထက် ပိုမိုဆောင်ရွက်နိုင်ပါစေဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Derek Mitchell ကဂုဏ်ပြုဝမ်းမြောက်စကားပြောကြား၍General Motor ၏ South East Asia Operation မှ Vice President Mr. Gustavo Colossi က ကားအရောင်းပြခန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကျောင်းများသို့ Pacific AA Motor Ltd. မှ Executive Director ဒေါက်တာစောနေနွယ်က တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ဘောလုံးများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဧည့်သည်တော်များအား CHEVROLET BRAND ကားများဖြစ်သည့် Suburban, Camaro, Corvettee, Trail Blazer မော်တော်ယာဉ်များအားလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**

**❒ မကွေးနှင့်မှ**

ဆာလာယာ၊ ၆၇ မိနစ်တွင် မန်ဆာတို့က သွင်းယူခဲ့ကြသည်။

**(မုံရွာကွင်း)**

**ဇေယျာရွှေမြေ - နှစ်ဂိုး**

(လှထွန်းအောင်၊ သက်ပိုင်ဦး)

GFA -တစ်ဂိုး

(နိုင်ကျော်သူလတ်)

ဇေယျာရွှေမြေအသင်းမှာ ပြီးခဲ့သည့်ပွဲစဉ်တွင် ရန်ကုန်ကို ရှုံးနိမ့်ထားပြီး ယခုပွဲတွင် နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ GFA အသင်းမှာ နိုင်ပွဲမရရှိသေးဘဲ လေးပွဲစလုံးရှုံးနိမ့်ထားသည်။

**(ယနေ့ပွဲ)**

**(KBZ ကွင်း)**

ကမ္ဘောဇ - ရတနာပုံ

**(သုဝဏ္ဏကွင်း)**

ဆောက်သမ်း-ဇွဲကပင်



## ပုပ္ပားရုပ်/သံစက်ရုံ၌ Digital ရုပ်/သံလွှင့်စက်ပစ္စည်းများ တပ်ဆင်နေစဉ်ကာလအတွင်း လက်ရှိ 5KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2)သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပုပ္ပားရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၆ ရက်အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် Analogue 5 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ Analogue 500 W ရှိသော လွှင့်စက်ဖြင့် ယာယီ ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ယင်းသို့ 500W ဖြင့် ထုတ်လွှင့်မှုကို ပုပ္ပားစက်ရုံမှ အရှေ့ဘက်တွင် လက်ပံပြား၊ အနောက်ဘက်တွင် ပုဂံ၊ ညောင်ဦးနှင့် တောင်ဘက်တွင် ကျောက်ပန်းတောင်းမြို့အထိ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 5KW ဖြင့် ထုတ်လွှင့်စဉ်က ရရှိနေသော ၁၅ မိုင်ကျော် နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 5KW ဖြင့် ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေး စည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေး အောင်မြင်စွာကျင်းပ နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန် မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာ ရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)အစည်း အဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာ သနာ့တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအာဒိစ္စဝံသနှင့် ရန်ကုန် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဗိဝံသတို့က ဩဝါဒကထာ မြွက်ကြားချီးမြှင့်သည်။

ထို့နောက် သာသနာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်း ဆင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ တာဝန်ရှိသူများက ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးအောင်မြင်စွာကျင်းပ နိုင်ရေး လုပ်ငန်းကော်မတီနှင့်ဆပ် ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့်ပဉ္စမ အကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်း အဝေးအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းအစီအစဉ်များကို ရှင်းလင်း လျှောက်ထားခဲ့ကြကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

ကရင်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့်မြေများ ပါဝင်ခြင်း ရှိ၊ မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါကသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

| စဉ် | ကော်မတီအမည် | တည်နေရာ | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁ | ကရင်ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ၀၅၈-၂၁၂၃၃ |
| ၂ | ဘားအံခရိုင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၅၈-၅၁၂၃၅ |
| ၃ | ကော့ကရိတ်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၅၈-၄၀၀၂ |
| ၄ | မြဝတီခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၅၈-၅၀၁၈၃ |
| ၅ | ဖာပွန်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၁-၅၈၁၂၄၆ |
| ၆ | ဘားအံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၅၈-၂၁၀၃၇ |
| ၇ | လှိုင်းဘွဲ့မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၅၈-၄၅၀၀၆ |
| ၈ | သံတောင်ကြီးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၅၈-၄၅၀၀၁ |
| ၉ | ကော့ကရိတ်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၅၈-၄၀၀၃၅ |
| ၁၀ | ကြာအင်းဆိပ်ကြီးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၅၈-၆၀၀၁၄ |
| ၁၁ | မြဝတီမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၅၈-၅၀၀၀၃ |
| ၁၂ | ဖာပွန်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၁-၅၈၁၂၄၆ |

(သတင်းစဉ်)

# သင်ကြားမှု၊ သင်ယူမှုများတွင် သတင်းအချက်အလက်နည်းပညာအသုံးပြုဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်၉ နာရီတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပ သော စက်မှုနှင့်သက်မွေးပညာဦးစီး ဌာန သင်ကြား၊ စီမံဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်အမှာ စကား ပြောကြားရာတွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းအသီးသီး၏ သင်ကြားရေး၊ စီမံရေး၊ ကျောင်းသား ရေးရာနှင့် ဘဏ္ဍာရေးတို့အား စီမံ ခန့်ခွဲရာတွင် နိုင်ငံတော်၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စည်းမျဉ်းစည်း ကမ်းများအား သိရှိလိုက်နာဆောင် ရွက်ကြရန်၊ စီမံခန့်ခွဲရေးဝန်ထမ်းများ ဖြစ်ကြသော ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်း အုပ်ကြီးများက သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်းများရှိ ဝန်ထမ်း များအားလုံးကို သိရှိနားလည်စေရေး ပြောကြားထားရန်၊ တက္ကသိုလ်များ တွင် ဆရာ ဆရာမများ အရေအတွက် သာမက အရည်အချင်းတိုးတက်လာ စေရန် Seminar များ စဉ်ဆက် မပြတ်လုပ်ဆောင်ကြရန်၊ တက္ကသိုလ် တိုင်းတွင် စာသင်ခန်းများ၊ လက် တွေ့ခန်းများ၊ လက်တွေ့လုပ်ဆောင် ရန် လိုအပ်သော စက်ပစ္စည်းများ လုံလောက်မှုရှိစေရေးနှင့် စာကြည့် တိုက်များ ထားရှိစေရေးတို့အတွက် ကြိုးစားထားကြရန်၊ သင်ကြားမှု သင်ယူမှုများတွင် သတင်းအချက် အလက်နည်းပညာကို အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်၊ တက္ကသိုလ်အလိုက် စီမံချက်များထားရှိပြီး ကော်မတီများ ဖွဲ့စည်း၍ လည်းကောင်း၊ ဌာနခွဲများ ဖွဲ့စည်း၍ လည်းကောင်း စီမံချက်များ ကို အကောင်အထည်ဖော်ဆောင်ရွက် သွားကြရန် မှာကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက် ရောက်လာကြသော သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီး များက မိမိတို့၏ တက္ကသိုလ်အလိုက် ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရ ရှိသည်။

**(သတင်းစဉ်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်းပွဲကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး ကျင်းပသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ဒိုက်ဦးမြို့နယ် ရွှေအင်ဒုံကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမင်းမင်း သိန်းက ဆင်စခန်းကျေးရွာမှ သင်တန်းသားများအားလည်းကောင်း၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးသန်းလွင်က ရွှေအင်ဒုံကျေးရွာမှ သင်တန်းသားများအား လည်း ကောင်း သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ပြီး သင်တန်းတွင် လက်သမား၊ ပန်းရန်ပညာ၊ ငါးမွေးမြူရေးပညာ၊ မွေးမြူရေးနှင့် ကုသရေးပညာရပ်များကို အထူးသင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# (၂၅) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ကျပ်သိန်းပေါင်း ၁၅၀၀ တန်ဖိုးရှိ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစု လောင်းလှူခဲ့သော မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး၏ (၂၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တပို့တွဲလပြည့်ကျော် ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မန္တလေး လေးပင်လေးရပ် ကျောင်းတိုက်များမှ တိုက်အုပ်၊ တိုက် ကြပ်၊ ကျောင်းထိုင်နှင့် နာယကဆရာတော်များ အပါအဝင် ပင့်သံဃာ ၈၅၁ ပါး ကြွရောက်အလှူခံခဲ့ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဌာနဆိုင်ရာများ၊ လုပ်ငန်း အသီးသီးမှ လုပ်ငန်းရှင်များ၊ ဘုရားဖူးဧည့်သည်များပါဝင်လောင်းလှူခဲ့ကြ သည်။

စတင်လောင်းလှူသည့်နေရာမှ နောက်ဆုံးလောင်းလှူသည့်နေရာအထိ နှစ်နာရီခွဲခန့်ကြာအောင် ကြွရောက် အလှူခံခဲ့ရကြောင်း၊ အလှူခံဆရာတော် တစ်ပါးလျှင် ငွေကျပ် တစ်သိန်းရှစ်သောင်းဖိုးခန့် အလှူခံရရှိခဲ့ပြီး ယခု လောင်းလှူသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသည် မန္တလေးမြို့ရှိ အခြားဆွမ်း ဆန်စိမ်းလောင်းလှူပွဲများ ဖြစ်သည့် မလွန်ဆန်လှူအသင်း၊ ချမ်းသာကြီး ဆန်လှူအသင်း၊ စတုပစ္စယဆန်လှူအသင်းများနည်းတူ သံဃာတော် အမြောက် အမြားကို လောင်းလှူသော ဆွမ်းဆန်စိမ်း လောင်းလှူပွဲဖြစ်ကြောင်း သိရ သည်။ **အေးမြ(မန္တလေး)**










မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆(အိုင်)၊ မြေကွက်အမှတ်-69.C/၅-၂၊ ဧရိယာဧက(၀. ၀၅၇)ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်(၂၇-၅အေ)၊အောင်ဇေယျလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်ဟုခေါ်တွင်သော အဆောက်အုံနှင့် ယင်းမြေကွက် သို့ အောင်ဇေယျလမ်းမှ [မျက်နှာစာ ၁၈ပေ၊ အနံ ပေ(၄၈+၅၀)အကျယ်ရှိ လမ်းမြေမှ ထာဝရသွားလာခွင့်] အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူများ ဖြစ်ကြသော ဒေါ်စုမြမြစိုး[၁၂/ဗဟန(နိုင်)၀၉၂၃၈၀]နှင့် ဦးကောင်း ပြည့်စိုး[၁၂/ဗဟန(နိုင်) ၀၉၂၃၈၁]တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူပြီးဖြစ်သည့် အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)**
**အမှတ်(၁၂၁)၊ ဒုထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၆၉၁၅၉၊ ၀၁-၂၂၅၆၉၄၊ ၀၉-၇၃၀၄၅၆၈၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၁၄၉)၊ မြေကွက်တည်နေရာအမှတ်(၁၅)၊ ဦးထွန်းတင်လမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်း ဒေါ်အမီနာဘီဘီ(ခ)အေအိပ်ချ်ဒါလီယာ(စီအီး-၀၅၄၁၅၅) အမည်ပေါက်မြေပိုင်မြေ(အိမ်ယာမြေ)အားအမည်ပေါက် ဒေါ်အမီနာဘီဘီ(ခ)အေအိပ်ချ်ဒါလီယာ(မိခင်) နှင့် ဦး GH ပူနာဝါလား(ဖခင်)၊ ညီအစ်ကိုဖြစ်သူ ဦးဇော်ဝင်း[၁၂/သဃက(နိုင်)၀၄၁၆၆၃]လူပျိုကြီး ဘဝဖြင့်လည်းကောင်း၊ ညီမအစ်မဖြစ်သူ ဒေါ်သန်းသန်းထွေး[၁၂/သဃက(နိုင်)၁၂၅၅၉၃]အပျိုကြီး ဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ၁။ဦးကျော်ဝင်း(ခ)အစ်ဘဲလ်[၁၀/မလမ(နိုင်)၁၂၀၂၃၁]၊ ၂။ဦးသိန်းအောင်(ခ)နဆိပ်[၁၂/သဃက(နိုင်)၁၂၄၃၁၈]၊ ၃။ဦးအောင်ဝင်း[၁၂/သဃက(နိုင်)၁၃၂၇၆၀]၊ ၄။ဒေါ်ယဉ်ယဉ်အေး[၁၂/သဃက(နိုင်)၀၀၁၃၉၀]တို့က သားသမီး၊ညီအစ်ကိုမောင်နှမတော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့် ၁၉၉၉ခုနှစ်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား ခဲ့သော်လည်း မြေပုံမထုတ်ယူခဲ့ကြောင်းကတိသစ္စာပြုလွှာနှင့် GP No ၁၁၈၈(၁၃-၁-၁၄)ရသူ ဦးအောင်ဝင်း [၁၂/သဃက(နိုင်)၁၃၂၇၆၀]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိသေး ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စက်မှုဇုန်နယ်မြေဖော်ထုတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်ပတ်ဝန်းကျင်ရှိ နေရာဒေသအချို့တွင် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များဖော်ထုတ်ဖွံ့ဖြိုးစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစက်မှုဇုန်များအား အတွေ့အကြုံရှိသည့် ရင်းနှီးတည်ဆောက်သူများ/လုပ်ငန်းဆောင်ရွက်သူများမှ ဖော်ထုတ်ဖွံ့ဖြိုးစီမံခန့်ခွဲရန် လိုအပ်ပါသည်။ သို့မှသာ အဆိုပါစက်မှုဇုန်များတွင် နိုင်ငံတကာ အဆင့်မီ အထောက်အပံ့ပစ္စည်းများ အခြေခံအဆောက်အအုံများရရှိမှုကို အာမခံချက်ပေးနိုင်ပြီး ပြည်ပပို့ကုန် အတွက်ဖြစ်စေ၊ ပြည်တွင်းစားသုံးမှုအတွက်ဖြစ်စေ၊ ကုန်ထုတ်လုပ်သည့်လုပ်ငန်းများကို လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံသူများ (သို့မဟုတ်)မြေငှားရမ်း၍ စီးပွားရေးလုပ်ကိုင်သူများအား ပိုမို ကောင်းမွန် အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများကို ပေးနိုင်မည်ဖြစ်ပါသည်။

၂။ ရည်ရွယ်စီစဉ်ထားသည့် စက်မှုဇုန်နယ်မြေ လုပ်ငန်းခွင်များသည် ရန်ကုန်နယ်မြေ၏ အနီး ပတ်ဝန်းကျင်တွင်တည်ရှိသဖြင့် လျှပ်စစ်အသုံးပြုမှုနည်းပါးပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိသလောက်နည်းပါးသော လုပ်သားစူးစိုက်၍အသုံးပြုရသည့် စက်ရုံများအား ဦးစားပေး ထူထောင်ရန် ရည်ရွယ်ပါသည်။ စက်မှုဇုန်နယ်မြေများအား ဖော်ထုတ်ဖွံ့ဖြိုးဆောင်ရွက်ပြီးချိန် တွင် ရင်းနှီးမြှုပ်နှံသူများ (သို့မဟုတ်) မြေယာငှားရမ်းမည့်သူများအား သင့်လျော်လက်ခံနိုင်သည့် ဈေးနှုန်းဖြင့် တစ်ဆင့်ပြန်လည်ငှားရမ်းနိုင်ရန်လည်း ရည်ရွယ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စက်မှုဇုန်နယ်မြေများအား ဖွံ့ဖြိုး လာစေရန် စီမံချက်ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်မည့်သူများအား တည်ဆောက်၊ ပိုင်ဆိုင်၊ လည်ပတ် (Build, Own and Operate-BOO)စနစ်ဖြင့် စီမံချက်ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်မည့် အလားအလာရှိသည့် နိုင်ငံခြားသား(သို့မဟုတ်) ပြည်တွင်းရင်းနှီး တည်ထောင်သူများအား ဖိတ်ခေါ်လိုပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(သို့မဟုတ်) မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန်ဖြစ်ပြီး အသေးစိတ်စည်းကမ်းများကို ၂၄-၂-၂၀၁၄ရက်မှ စ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့စီမံရေးရာဌာနတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

# ရန်သူမှ မိတ်ဆွေသို့

ciarmifX;-ynma&;

'ရန်သူမှ မိတ်ဆွေသို့'ဆိုသည့်စကားကို ကြားရုံဖြင့် ကွယ်လွန်သူဆရာကြီး ဒဂုန်တာရာကိုပြေး၍ သတိရမိကြမည်သာဖြစ်သည်။ အကြောင်းမှာ 'ရန်သူမရှိ မိတ်ဆွေသာ ရှိသည်'ဆိုသော ဆရာကြီး၏ လက်သုံးစကားကြောင့်ပင်ဖြစ်သည်။ ရန်သူကို မိတ်ဆွေအဖြစ်ပြောင်းလဲနိုင်ကြလျှင် အမှန်ပင်ငြိမ်းအေးကြမည်ဖြစ်သည်။

တစ်နေကုန်ပင်ပန်းထား၍လားမသိ၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားမိသည်။ ညဉ့်လယ်လောက်ပင်ရှိဦးမည်ထင်သည်။ အသံကြားလျှင် ထိတ်လန့်တုန်လှုပ်တတ်ပါသည်ဆိုမှ မီးသတ်ကားဥသြဆွဲသံကြားလိုက်ရ၏။ အိပ်၍မရတော့၍ ထကြည့်မိလိုက်သည်။ အချိန်အနည်းငယ်အတွင်း မီးသတ်ကားဥသြဆွဲသံများအဆက်မပြတ်တိုး၍ တိုး၍လာတော့သည်။ သေးသေးမွှားမွှား မီးတော့မဟုတ်တန်ရာ၊ နံနက်လင်း၍ အင်တာနက်ဖွင့်ကြည့်ရာ ရန်ကုန်မြို့ သိရိမင်္ဂလာဈေးဟောင်းအပေါ်ထပ်နှင့် Excel တာဝါခြောက်လွှာတို့တွင် တစ်ညတည်းနှစ်ကြိမ်လောင်ကျွမ်းသွားကြောင်း သိရ၏။ အင်တာနက်တွင် ရုပ်/သံဗီဒီယိုဖိုင်ပင် တင်ထားသည်ကိုတွေ့ရ၏။ ထို့ကြောင့်ပင် ယင်းညက မီးသတ်ကားဥသြသံများ ပွက်လောညံသွားခြင်းပင်ဖြစ်သည်။ (ကံသီ၍ သိရိမင်္ဂလာဈေးဟောင်းအောက်ထပ်ယာဉ်ရပ်နားရောင်းဝယ်ရေးစခန်းမှ ညအိပ်ကားပေါင်းများစွာမီးဘေးလွတ်မြောက်သွားခြင်းပင်)

လူ့ယဉ်ကျေးမှုသည် မီးကိုစတင်တွေ့ရှိခဲ့ခြင်းမှ စခဲ့သည်ဟုဆိုကြသည်။ ကမ္ဘာဦးလူသားတို့အတွက် မီးစတင်တွေ့ရှိခဲ့ခြင်းသည် မဟာအောင်မြင်မှုကြီးတစ်ခုဖြစ်သည်။ လူသားတို့အတွက် စားသောက်နေထိုင်ရေးအတွက်သာမက တောရိုင်းတိရစ္ဆာန်တို့၏ အန္တရာယ်မှလည်း ကာကွယ်နိုင်ခဲ့ကြ၏။ ဆိုရလျှင် မီးသည်လူသားတို့အတွက် မိတ်ဆွေ အစစ်အမှန်ပင်ဖြစ်၏။

သို့သော် ယင်းမီးကိုပင် ပေါ့ဆစွာသုံးစွဲမိသောအခါ မိတ်ဆွေအဖြစ်မှ ရန်သူအဖြစ်သို့ တစ်မုဟုတ်ချင်းကူးပြောင်းသွားနိုင်သည်ကို သတိပြုဆင်ခြင်ရပေမည်။ ၂၀၁၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုအခြေအနေကို သုံးသပ်ကြည့်လျှင် မီးလောင်မှုပေါင်း ၂၃၅ ကြိမ်ဖြစ်ပွားခဲ့ရာ ပေါ့ဆမီး ၁၁၅ ကြိမ်၊ လျှပ်စစ်ကြောင့်လောင်သောမီး အကြိမ် ၈၀ တို့ပါဝင်ပြီး အိမ်ခြေ အဆောက်အအုံ ၁၂၇ လုံး၊ စက်ရုံအလုပ်ရုံ လေးရုံ၊ ဂိုဒေါင် သုံးလုံး ဆုံးရှုံးကာ ၂၆ ဦးသေဆုံး၍ ၅၄ ဦး သက်သာရာရခဲ့ကြောင်း သိရ၏။ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀ ရက်အတွင်း မီးလောင်မှုပေါင်း ၂၈ ကြိမ်ဖြစ်ပွားကာ ပေါ့ဆမီး ၁၆ ကြိမ်ပါဝင်ပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း သိရ၏။ (ဇန်နဝါရီ ၃၀၊ ကြေးမုံ)

မီးလောင်မှုများတွင် ပေါ့ဆမီး၊ လျှပ်စစ်မီး၊ လောင်စာမီး၊ ရှို့မီးစသဖြင့် အမျိုးမျိုးရှိရာ ပေါ့ဆမီးနှင့် လျှပ်စစ်ကြောင့်လောင်သောမီးမှာ အများဆုံးဖြစ်နေသည်ကိုတွေ့ရ၏။ အထူးသဖြင့် ညဉ့်နက်ပိုင်းတွင် လောင်သောမီးမှာ လျှပ်စစ်နှင့် ဆက်နွှယ်၍ လောင်သောမီးများ ဖြစ်နေတတ်သည်။ အကြောင်းမှာ အချိန်မြင့်စွာ အပူချိန်မြင့်တက်ခြင်းကြောင့် မီးအားမြှင့်စက်များမှ စတင်လောင်ကျွမ်းသည့် အန္တရာယ်မှာ အထူးဂရုစိုက်စရာပင်ဖြစ်လာတော့၏။

လျှပ်စစ်ဓာတ်အားသည် အိမ်ထောင်စုတစ်စုအတွက် မရှိမဖြစ်သုံးစွဲနေရသည်ဖြစ်ရာ ယင်းနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများသုံးစွဲရာတွင် သတိရှိဖို့ အထူးလိုအပ်လှပါသည်။ အထူးသဖြင့် လျှပ်စစ်မီးဖို၊ မီးပူ၊ ပန်ကာ၊ ရေမော်တာ (အချို့အဲကွန်း၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ)စသည်ဖြင့် နိစ္စဓူဝ ကိုင်တွယ်သုံးစွဲနေကြရာ သတိနှင့်ယှဉ်၍ ကိုင်တွယ်သုံးစွဲနိုင်မှသာ တန်ကာကျပေမည်။

အထူးသဖြင့် ရေမော်တာဖွင့်လျှင် ရေကျမကျ၊ ရေမော်တာလည်မလည်၊ မီးဖို၊ မီးပူသုံးလျှင် စနစ်တကျပိတ်သိမ်း တတ်ရမည်။ သုံးစွဲနေစဉ်မီးပျက်သွားပါက ဖြုတ်သိမ်းထားခြင်း၊ ပလပ်ဖြုတ်ထားခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။ မေ့လျော့တတ်သည့် သတိနှင့်ပျက်စီးပြုန်းတီးတတ်သည့် စက်ပစ္စည်းများ၏ သဘောကိုလည်း ထည့်သွင်းတွက်ချက်တတ်ရပါလိမ့်မည်။

"မီးဘေးရှောင် မလောင်ခင်တား" ဆိုသည့်အတိုင်း ကြိုတင်၍ သတိထားလုပ်ဆောင်ခြင်းသည် မီးလောင်မှုဘေးမှ များစွာကင်းဝေးစေနိုင်၏။ အထူးသဖြင့် မီးလောင်လွယ်သော ဓာတုပစ္စည်းများ၊ အဝတ်အထည်များ၊ ပရိဘောဂများ၊ စာရေးစက္ကူများသည် မီးဖိုနှင့်ဝေးခြင်း (လောင်စာနှင့်ဝေးခြင်း)၊ နေ့စဉ်သုံးစွဲနေသည့် မီးပူ၊ မီးအား မြှင့်စက်များနှင့်ဝေးလေကောင်းလေ ဖြစ်၏။ အထူးသဖြင့် အိပ်ရာဝင်တိုင်း မီးခလုတ်များကိုပိတ်ခြင်း၊ တစ်နေကုန် သုံးစွဲထားသည့် လျှပ်စစ်ပစ္စည်းများကို စစ်ဆေးခြင်း၊ (အိပ်ရာဝင်ခါနီး မီးပျက်ခဲ့လျှင် ပို၍သတိထားပါ) ခြင်ဆေးခွေများငြိမ်းသတ်ခြင်း၊ ပြင်ပထွက်လျှင် မိန်းပိတ်၍ထားခဲ့ခြင်း၊ လောင်စာကဲ့သို့သော ပစ္စည်းရောင်းဝယ်ဖောက်ကားသူများအနေဖြင့် မီးသတ်ဘူး၊ ရေစသည်ဖြင့် လုံလောက်စွာထားရှိခြင်း စသည်တို့သည် မီးဘေးအန္တရာယ်ကျရောက်ခြင်းကို လျော့နည်းစေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မီးလောင်မှုအမျိုးမျိုးတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တိုက်တာများစွာ နှစ်စဉ်ဆုံးရှုံးနေရ၏။ ယင်းတို့သည် အကျိုးမဲ့ဆုံးရှုံးနေခြင်းသာ ဖြစ်သည်။ ထို့ပြင် မီးဘေးသင့်သူများအတွက် လူသားချင်းစာနာမှုအကူအညီပေးကြရ၏။ ယခုကဲ့သို့ ခေတ်သစ်စနစ်သစ်ဖြင့် နိုင်ငံတော်သစ်ထူထောင်နေချိန်တွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးများသဖွယ်မှတ်ယူနိုင်၏။ မီးမရိုသေသူ၊ ပေါ့ဆသူ၊ သတိမရှိသူတစ်ဦးကြောင့် လူအများဒုက္ခနွံတွင်းသို့ ကျရောက်စေသည်မှာ မလိုလားအပ်သောအရာအဖြစ် မှတ်ယူကာ ရန်သူမီးကို မိတ်ဆွေဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များကို သတိရှိရှိ အစဉ်ကိုင်တွယ် သုံးစွဲသင့်ပါကြောင်း။ ။

## အဝေးပြေးယာဉ်နှင့် ခရီးသည် တင်ယာဉ်များ မောင်းနှင်သည့် "င" လိုင်စင်ပြုလုပ်ခြင်းကို စိစစ်ပြီးမှသာ ထုတ်ပေးသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အဝေးပြေး ယာဉ်ကြီးများနှင့် ခရီးသည်တင်ယာဉ်များ မှတ်ပုံတင်ထားသည့် ယာဉ်များအားလုံးမောင်းနှင်နိုင်သည့် "င" လိုင်စင်ပြုလုပ်ရာတွင် အရည်အချင်း ပိုမိုစိစစ်၍ ကြပ်ကြပ်မတ်မတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြင်သာ ကညန လိုင်စင်ရုံးက အကြီးတန်းအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"အထက်ကနေပြီးတော့ ယာဉ်မောင်းလိုင်စင်ပြုလုပ်တဲ့ အခါမှာ သေချာစိစစ်ပြီးပြုလုပ်ဖို့ ညွှန်ကြားချက်တွေ ထုတ်လာပါတယ်။ အဓိကကတော့ ခရီးသည်တင်ယာဉ်မောင်းတဲ့လိုင်စင်ကတော့ အဓိကပေါ့" ဟု ၎င်းကပြောသည်။

အဝေးပြေးယာဉ်များတွင် မောင်းနှင်သည့် ယာဉ်မောင်းများသည် သတ်မှတ်ထားရှိသည့် သက်တမ်း မပြည့်ဝခြင်း၊ အတွေ့အကြုံနည်းပါးခြင်းများကြောင့် အဝေးပြေးလမ်းများပေါ်တွင် ယာဉ်မတော်တဆမှုများနှင့် ယာဉ်တိမ်းမှောက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

"အဝေးပြေးယာဉ်တွေက အခုနောက်ပိုင်းမှာ မကြာခဏဆိုသလို မှောက်တာတွေ ကြားနေရတယ်။ ယာဉ်မောင်းတွေကလည်း အရည်အချင်းမရှိဘဲနဲ့ လိုင်စင်လုပ်ထားကြတော့ မဖြစ်သင့်တာဖြစ်တာပေါ့" ဟု နယ်ဒေသများသို့ အဝေးပြေးယာဉ်ဖြင့် အမြဲတမ်း သွားလာနေသည့် ကိုကျော်စိုးလွင်က ပြောသည်။

ယာဉ်မောင်း လိုင်စင်များအား ယခင်ကထက်ပို၍ စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး "ဃ" လိုင်စင်မှ "င" လိုင်စင်သို့ ကူးပြောင်းရာတွင်"ခ" လိုင်စင်သက်တမ်း ငါးနှစ်နှင့် "ဃ" လိုင်စင်သက်တမ်း နှစ်နှစ်ရှိရမည်ဖြစ်၍ ရေးဖြေနှင့် လက်တွေ့ စစ်ဆေးအောင်မြင်ပြီးသူဖြစ်ပြီး အသက် ၂၃ နှစ် ပြည့်ရမည်ဖြစ်ကြောင်း သိရသည်။

**(ကေသိန်းဆွေ)**

## ကျန်းမာရေးအာမခံ နှီးနှောဖလှယ်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ယမန်နေ့နံနက်တွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသော ကျန်းမာရေးအာမခံနှီးနှောဖလှယ်ပွဲတွင် အမှာစကားပြောကြားသည်။

နှီးနှောဖလှယ်ပွဲကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် Prudential မြန်မာပြည်ဌာနေ ကိုယ်စားလှယ်ရုံးခွဲတို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဒေသတွင်းဆောင်ရွက်နေမှုများကို နည်းပညာဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ
## ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆက်လက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

၁။ ၂၀၁၃ ခုနှစ်၊ ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လစဉ် တန်ဖိုးနည်း မိုဘိုင်းဖုန်း သုံးသိန်းငါးသောင်းစီကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများအလွယ်တကူ အဆင်ပြေချောမွေ့ စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ရောင်းချပြီးသော တန်ဖိုးနည်း မိုဘိုင်းဖုန်း(၃. ၇၅)သန်း အပါအဝင် စုစုပေါင်း မိုဘိုင်းဖုန်း(၇. ၃၅)သန်းကျော် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူး ပေးခဲ့ပြီးဖြစ်သည့် ဖုန်းအရေအတွက်ပေါင်းနှင့် မိမိနိုင်ငံရှိ အိမ်ထောင်စုပေါင်း(၈. ၇) သန်းကျော်အား အချိုးချတွက်ကြည့်မည်ဆိုလျှင် အိမ်ထောင်စု (၁. ၁၈)စုလျှင် မိုဘိုင်းဖုန်း(၁)လုံးနှုန်းရရှိသွားနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ထောင်စုတိုင်း ဖုန်းသုံးစွဲရန် လိုအပ်နေသေး ကြောင်း စိစစ်တွေ့ရှိနေရပါသဖြင့် အိမ်ထောင်စုတိုင်းအတွက် မိုဘိုင်းဖုန်း ပိုမိုသုံးစွဲခွင့်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ် ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် တယ်လီဖုန်း ခေါ်ဆိုခ ၃၀၀ ကျပ် ကြိုတင်ပေးသွင်းထားသော CDMA 800 MHz/GSM/WCDMA မိုဘိုင်းဖုန်း(၃၅၀၀၀၀)ကို SIM Card တစ်ခုအတွက် ၁၅၀၀ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့်အခါ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အများပြည်သူတို့အတွက် ပုံမှန်ရောင်းချပေးနေသည့် အစီအစဉ်အပြင် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားများအတွက် သီးသန့်ထည့်သွင်းဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်ပါသည်။

၃။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မိုဘိုင်းဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချရာ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိ တပ်ဆင်ပေးထားသော လိုင်းအင်အားနှင့် အမှန်တကယ် သုံးစွဲနေသော အခြေအနေများအပေါ် မူတည်၍ ပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပြီးပေးရန် လျာထားတွက်ချက်ထားပါသည်။

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်းများ ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | အများပြည်သူ | | ပင်စင်စား | စုစုပေါင်း |
|---|---|---|---|---|---|
| | | CDMA 800 | GSM | WCDMA | |
| ၁။ | နေပြည်တော်ကောင်စီနယ်မြေ | ၁၈၀၀၀ | | ၂၂၀၀ | ၂၀၂၀၀ |
| ၂။ | ကချင်ပြည်နယ် | ၂၀၀၀ | ၁၀၀၀ | ၁၃၀၀ | ၄၃၀၀ |
| ၃။ | ကယားပြည်နယ် | | ၂၀၀ | ၄၀၀ | ၆၀၀ |
| ၄။ | ကရင်ပြည်နယ် | | ၅၀၀၀ | ၉၀၀ | ၅၉၀၀ |
| ၅။ | ချင်းပြည်နယ် | | ၃၀၀ | ၇၀၀ | ၁၀၀၀ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၀၀၀ | ၄၅၀၀ | ၃၆၀၀ | ၁၄၁၀၀ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | ၆၀၀၀ | | ၇၀၀ | ၆၇၀၀ |
| ၈။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | ၂၀၀၀၀ | | ၃၆၀၀ | ၂၃၆၀၀ |
| ၉။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ၆၀၀၀ | | ၁၆၀၀ | ၇၆၀၀ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | | ၁၅၀၀၀ | ၃၃၀၀ | ၁၈၃၀၀ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၄၆၀၀၀ | | ၅၃၀၀ | ၅၁၃၀၀ |
| ၁၂။ | မွန်ပြည်နယ် | | ၆၀၀၀ | ၂၀၀၀ | ၈၀၀၀ |
| ၁၃။ | ရခိုင်ပြည်နယ် | ၁၀၀၀၀ | | ၁၇၀၀ | ၁၁၇၀၀ |
| ၁၄။ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၀၀၀၀ | | ၁၅၀၀၀ | ၁၄၅၀၀၀ |
| ၁၅။ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | | ၄၅၀၀ | ၁၀၀၀ | ၅၅၀၀ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | ၄၅၀၀ | ၅၀၀ | ၅၀၀၀ |
| ၁၇။ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၂၀၀၀ | ၃၀၀၀ | ၁၆၀၀ | ၆၆၀၀ |
| ၁၈။ | ဧရာဝတီတိုင်းဒေသကြီး | ၄၀၀၀ | ၆၀၀၀ | ၄၆၀၀ | ၁၄၆၀၀ |
| | | ၂၅၀၀၀၀ | ၅၀၀၀၀ | ၅၀၀၀၀ | ၃၅၀၀၀၀ |

၄။ ပြည်သူများသက်သာသော နှုန်းထားဖြင့် အမှန်တကယ် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကတ်ဝယ်ယူထားသည့် နေ့မှစ၍ (၁၅) ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ ကျပ်မကုန်မီ တယ်လီဖုန်း သုံးစွဲသူသည် အနည်းဆုံး (၅၀၀၀)ကျပ်တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကို အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်း ရောင်းချခြင်းမှ ကာကွယ်နိုင်ရန်အတွက် ၁၅ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါသည်။

၅။ ၎င်းတန်ဖိုးနည်း မိုဘိုင်းဖုန်းများသည် လစဉ် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခ ကျပ်(၂၅၀၀)ကို အနည်းဆုံး သုံးစွဲရမည်ဖြစ်ပါသည်။ နှစ်လ ပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ (၅၀၀၀)ကျပ်ကို အပြည့်မသုံးစွဲပါက ကျပ် (၅၀၀၀) ပြည့်သည်အထိ အလိုအလျောက် ဖြတ်တောက်သွားပါမည်။ဖြည့်သွင်းထားသော ငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံ၍ ဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

# ဗြိတိန်ပရိသတ်ကို သီချင်းသစ်များဖြင့် ဖျော်ဖြေခဲ့သည့် တေးသံရှင် ဘီယွန်စေး

တေးသံရှင် ဘီယွန်စေးက ဗြိတိန်သို့ရောက်ရှိနေစဉ်အတွင်း ဗြိတိန်ပရိသတ်များအတွက် တစ်ခါမျှ ဖျော်ဖြေခဲ့ဖူးခြင်း မရှိသည့် ၎င်း၏ တေးအယ်လ်ဘမ်သစ်ထဲမှ သီချင်းသစ်များဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

ဘီယွန်စေးသည် မကြာမီက ပြုလုပ်ခဲ့သည့် Brit Awards ဆုပေးပွဲတွင် သီဆိုဖျော်ဖြေခဲ့ပြီး ဗြိတိန်တွင် Mrs Carter ဂီတဖျော်ဖြေပွဲ၏ ဒုတိယအကြိမ်မြောက်ခရီးစဉ်အဖြစ် ဗြိတိန်သို့ ရောက်ရှိနေစဉ်အတွင်း ဂလက်စ်ဂိုးမြို့ရှိ SSE Hydro အရီနာတွင် ဂီတဖျော်ဖြေပွဲကျင်းပခဲ့ပြီး ယင်းဖျော်ဖြေပွဲတွင် ၎င်း၏အယ်လ်ဘမ်သစ်မှ သီချင်းများဖြစ်သည့် Haunted၊ Drunk In Love and Flawless စသည့် သီချင်းသစ်များဖြင့် ဖျော်ဖြေခဲ့ပြီး "ဒီသီချင်းတွေက ပရိသတ်ကိုတစ်ခါမှ မဖျော်ဖြေရသေးတဲ့ သီချင်းတွေဖြစ်လို့ ကျွန်မ အရမ်းပျော်ပါတယ်"ဟု တေးသံရှင် ဘီယွန်စေးက ပြောကြားခဲ့သည်။



ယင်းဂီတဖျော်ဖြေပွဲတွင် သီချင်းအပုဒ်ပေါင်း ၂၃ ပုဒ် သီဆိုဖျော်ဖြေခဲ့ကာ ဆက်လက်ပြီး မန်ချက်စတာမြို့၊ ဘာမင်ဂမ်မြို့နှင့် လန်ဒန်ရှိ O2 အရီနာတို့တွင်လည်း သီဆိုဖျော်ဖြေသွားဦးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်-စုစည်းသည်**

# မြန်မာ-ဂျပန်ချစ်ကြည်ရေး ယဉ်ကျေးမှုအနုပညာပြပွဲ

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေး မြန်မာ့ပန်းချီနှင့် ရိုးရာယဉ်ကျေးမှု အနုပညာလက်ရာများကို ကမ္ဘာ့နိုင်ငံများက ပိုမိုသိရှိလာစေရေးနှင့် မြန်မာ-ဂျပန်ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး ပိုမိုတိုးတက်ခိုင်မာစေရေးတို့တွင် အထောက်အကူဖြစ်လာစေရေးရည်ရွယ်ကျင်းပသည့် ပန်းချီပြပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်(၁)လမ်းရှိ ဗဟန်းဂယ်လာရီ၌ ကျင်းပသည်။



"ကျွန်တော်တို့ ဂျပန်လူမျိုးများဟာ မြန်မာနှလုံးသားနဲ့ ခံစားမှုချင်းနီးစပ်မှုရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဒေသအသီးသီးမှာရှိတဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့နေရာတွေကို ဂျပန်ကတစ်ဆင့် ကမ္ဘာကသိအောင် အဓိကပေါင်းကူးပေးဖို့ စီစဉ်တာပါ။ အခုပန်းချီပြပွဲပြီးရင် မတ်လမှာ မြန်မာလူငယ်တွေရေးဆွဲတဲ့ ပန်းချီပြပွဲလုပ်ဖို့ အစီအစဉ်ရှိပါတယ်"ဟု မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ (ဂျပန်) မြန်မာ-ဂျပွန် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာယူကာတာနာဂါစုဂိက ပြောကြားသည်။

ထို့နောက် ပြပွဲစီစဉ်သူ ဒေါ်အိအိချောက မြန်မာ့ယဉ်ကျေးမှုအနုပညာများ အာရှနိုင်ငံများမှတစ်ဆင့် ကမ္ဘာအနှံ့ရောက်ရှိအောင် ရည်ရွယ်ပြီး ပြပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ပန်းချီပညာရှင်များလည်း မိမိတို့ပန်းချီကားများကို ယခုပြပွဲတွင် ပါဝင်ပြသနိုင်ကြောင်းပြောကြားသည်။

"ယခုပြသတဲ့ ပန်းချီကားအားလုံးပေါင်း ၁၆ ကားပါ။ ဒြပ်မဲ့ခံစားမှု အခရိုင်းလစ်ပန်းချီအမျိုးအစားဖြစ်ပြီး ကင်းဘတ်ပေါ်မှာရေးဆွဲထားတာဖြစ်ပါတယ်။ ဒီပွဲအပါအဝင်ပြည်တွင်း၊ ပြည်ပအနေနဲ့ ၁၀ ပွဲရှိပါပြီ။ အရွယ်အစားကတော့ ၅ ပေ× ၆ ပေအထိဆိုက်စုံပါဝင်ပြသထားပါတယ်"ဟု မြန်မာပန်းချီဆရာ ဦးအေးကိုက ပြောကြားသည်။

အဆိုပါ ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁၉ ရက်အထိ(စနေ၊ တနင်္ဂနွေ) ရုံးပိတ်ရက်များမှအပ နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး မြန်မာပန်းချီဆရာများအနေဖြင့် မြန်မာ့ယဉ်ကျေးမှုအနုပညာ ပန်းချီကားများကို ဖော်ထုတ်ပြသလိုပါက ပြသနိုင်ကြောင်း သိရသည်။

**သတင်း-အောင်ကျော်ဦး**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

# ရုံဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့် စံချိန်တင်ခဲ့သည့် The Lego Movie

ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ထွက်ရှိခဲ့သည့် ကွန်ပျူတာအန်နီမေးရှင်းဟာသဇာတ်ကား The Lego Movie သည် ထွက်ရှိပြီးနှစ်ပတ်အကြာတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ဖြင့် စံချိန်ချိုးနိုင်ခဲ့ကြောင်း သိရသည်။

The Lego Movie ဗီဒီယိုဂိမ်းကို အခြေခံထုတ်လုပ်ထားသည့် အဆိုပါအန်နီမေးရှင်းဇာတ်ကားကို ဟောလိဝုဒ်၏ နာမည်ကျော် Warner Bros. မှ ထုတ်လုပ်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၆၀ ခန့်သာရှိကြောင်း Forbes မဂ္ဂဇင်း၏ဖော်ပြချက်အရ သိရသည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ အခုလိုစံချိန်တင်တဲ့ အောင်မြင်မှုမျိုးရအောင် အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့တဲ့ ရုပ်ရှင်စတူဒီယိုများနဲ့ ပါဝင်ကူညီခဲ့ကြသူများကို အထူးကျေးဇူးတင်ပါတယ်၊ ကလေးကြိုက်ဇာတ်ကားအဖြစ်သာမကဘဲ ပရိသတ်အားလုံးက အားပေးခဲ့ကြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"ဟု ယင်းဇာတ်ကား၏ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ The Lego Movie ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားကို ၂၀၁၇ ခုနှစ်တွင် ဆက်လက်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။



# Man From U.N.C.L.E

## ဇာတ်လမ်းတွဲသစ် ၂၀၁၅ တွင် ထွက်ရှိမည်

အင်န်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသည့် Man From U.N.C.L.E ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းတွဲသစ်တွင် ဗြိတိန်နှင့် အမေရိကန်မင်းသားသစ်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး ယင်းဇာတ်ကားကို လာမည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် အမေရိကန်၌ စတင်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

စပိုင်အက်ရှင်ဒရာမာဇာတ်လမ်းတွဲဖြစ်သည့် ယင်းဇာတ်ကားတွင် ဗြိတိန်မင်းသား Henry Cavill နှင့် အမေရိကန်မင်းသား Armie Hammer တို့ ပါဝင်အားဖြည့်ကြမည်ဖြစ်ပြီး မင်းသား Henry က U.N.C.L.E ၏ အထူးအေးဂျင့်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

Man From U.N.C.L.E ဇာတ်ကားသည် အထူးလျှို့ဝှက်စုံထောက်နှစ်ဦးဖြင့် ပုံဖော်ထားသော စွန့်စားခန်းများပါဝင်သည့် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်ကြောင်း သိရသည်။


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကချင်ပြည်နယ်အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအား (၂၄)ပေအကျယ် (၅၅)တန် ခံနိုင်ဝန်ရှိ ကျောက်ချောလမ်း(သို့မဟုတ်)ကတ္တရာလမ်းဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများတွင် အပိုင်းလိုက်ဆောင်ရွက်သွားရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | လဝ-ကာမိုင်း-ဖားကန့်လမ်း [မိုင် ၁၈/၀ (မအူပင်)မှ မိုင် ၂၃/၀(နန့်ယား)ထိ] | (၅)မိုင် |
| (ခ) | လဝ-ကာမိုင်း-ဖားကန့်လမ်း [မိုင် ၂၃/၀ (နန့်ယား)မှ မိုင် ၂၈/၀ ထိ] | (၅)မိုင် |
| (ဂ) | လဝ-ကာမိုင်း-ဖားကန့်လမ်း [မိုင် ၂၈/၀ မှ ၃၃/၀ (နန့်တိန်း)ထိ] | (၅)မိုင် |
| (ဃ) | လဝ-ကာမိုင်း-ဖားကန့်လမ်း [မိုင် ၃၃/၀ (နန့်တိန်း)မှ ၃၈/၀ ထိ] | (၅)မိုင် |
| (င) | လဝ-ကာမိုင်း-ဖားကန့်လမ်း [မိုင် ၃၈/၀ မှ ၄၃/၀ (လုံးခင်း)ထိ] | (၅)မိုင် |

၂။ တင်ဒါတင်သွင်းရာတွင် (၅၅)တန် ခံနိုင်ဝန်ရှိ ကျောက်ချောလမ်းနှင့် ကတ္တရာလမ်း Design များကိုပါ တစ်ပါတည်းတင်ပြရန်၊ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၂-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စီးပွားဌာနစိတ်တွင် လာရောက်ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည် ဖြစ်ပါသည်-

(က) တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက် — ၂၄-၃-၂၀၁၄(တနင်္လာနေ့)၊ ၁၆:၀၀ နာရီအထိ
(ခ) တင်ဒါတင်သွင်းရမည့်နေရာ — ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စီးပွားဌာနစိတ် ၀၇၄-၂၂၄၈၄၊ ၀၇၄-၂၂၃၂၉

၃။ ထို့အပြင် ကာမိုင်း-မအူပင် (၆)မိုင်ဖြတ်လမ်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသို့ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဦးဇော်သိန်း၊ အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်းနံပါတ်-၀၇၄-၂၉၅၄၁၊ ၀၇၄-၂၉၅၄၄၊ ၀၇၄-၂၂၄၈၄ နှင့် အင်ဂျင်နီယာမှူးကြီး၊ ကချင်ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့၊ ဖုန်းနံပါတ်-၀၇၄-၂၂၃၃၂၊ ၀၇၄-၂၂၃၆၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

### Post Graduate Diploma in Software Development သင်တန်းသားများခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ပူးပေါင်း၍ Post Graduate Diploma in Software Development (၉)လသင်တန်းကို ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်မှစတင်၍ ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ သင်တန်းကာလ၏ပထမ (၆)လကို အိန္ဒိယနိုင်ငံ The International Institute of Information Technology, Bangalore (III TB)တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ကျန်(၃)လကို မန္တလေးမြို့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ III TB တွင် သင်တန်းတက်ရောက်စဉ်အတွင်း သင်တန်း၏ကုန်ကျစရိတ်၊ နေထိုင်စားသောက်စရိတ်၊ ခရီးစရိတ်အဝဝကို အိန္ဒိယအစိုးရမှ ကျခံသွားမည်ဖြစ်ပါသည်။

၄။ မန္တလေးမြို့တွင် သင်တန်းတက်ရောက်စဉ်အတွင်း သင်တန်းသားများသည် မိမိအစီအစဉ်ဖြင့် နေထိုင်စားသောက်ရမည် ဖြစ်ပါသည်။

၅။ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နောက်ပိုင်း ME(IT), M.C.Sc, M.C.Tech, B.E(IT), B.C.Sc(Hons.)နှင့် B.C.Tech(Hons.)ဘွဲ့ရရှိပြီး ပထမဘွဲ့၏အတန်းစဉ်အလိုက် ပျမ်းမျှရမှတ် ၆၀% နှင့်အထက်ရရှိသူများ လျှောက်ထားနိုင်ပါသည်။

၆။ သင်တန်းသားလျှောက်လွှာများကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website(http://www.ucsm.edu.mm)မှတစ်ဆင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်ထားရာတွင် (၆)လအတွင်း ရိုက်ထားသော ပတ်စပို့အရွယ်ဓာတ်ပုံ(၁)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် ပထမဘွဲ့၏ အတန်းစဉ်အလိုက် ရမှတ်စာရင်းများကိုပါ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

၈။ သင်တန်းသို့ တက်ရောက်ခွင့်ရရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့်လျှောက်ထားသူများသည် အရည်အချင်းစစ်စာမေးပွဲကို ၁၅-၃-၂၀၁၄ ရက်တွင် ဝင်ရောက်ဖြေဆိုကြရမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်များနှင့် စာစစ်ဌာနများကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website တွင် ကြေညာသွားမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website တွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၉-၆၅၀၂၂၁၅ နှင့် ၀၉-၆၅၀၅၀၁၂ များသို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။



# မန်ယူတိုက်စစ်မှူးရွန်းနီတစ်ပတ်လုပ်ခပေါင်သုံးသိန်းဖြင့် စာချုပ်သစ်ချုပ်ဆို

မန်ယူအသင်းမှ အသက်(၂၈) နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး ရွန်းနီသည် တစ်ပတ်လုပ်ခလစာပေါင် သုံးသိန်းဖြင့် ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း မန်ယူအသင်းကအခိုင်အမာ ပြောကြားခဲ့သည်။

တိုက်စစ်မှူးရွန်းနီသည် ၂၀၀၄ ခုနှစ်တွင် အဲဗာတန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီးယင်းအချိန်က မန်ယူအသင်းနှင့် အတူ ၂၀၁၀ ခုနှစ် ဇွန် ၃၀ ရက်အထိ ရှိနေမည့် ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူးရွန်းနီသည် မန်ယူအသင်းအတွက် ပြိုင်ပွဲစုစုပေါင်း ၄၃၀ အထိ ပါဝင်ကစားပေးထားကာ ၂၀၈ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။ တိုက်စစ်မှူးရွန်းနီသည် ကစားသမားဘဝမှ အနားယူပါက မန်ယူအသင်း၏ သံတမန်တစ်ဦးဖြစ်လာမည်ဖြစ်ကြောင်းလည်းသိရသည်။

တိုက်စစ်မှူး ရွန်းနီ၏ ယခင် စာချုပ်သည် တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ ဖြစ်ပြီး ယင်းစာချုပ်သည် လာမည့်နှစ်တွင် ကုန်ဆုံးမည်ဖြစ်ခြင်းကြောင့် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့က မန်ယူအသင်းမှ ထွက်ခွာမည်ဆိုသည့်သတင်းများ ထွက်ပေါ်ခဲ့သည်။ သို့သော် လက်ရှိတွင်မူ ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီး ၎င်း၏ အသက် (၃၃)နှစ်အရွယ်ဖြစ်သည့် ၂၀၁၉ ခုနှစ် ရောက်မှသာ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။ ရွန်းနီသည် မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားငါးကြိမ်နှင့်ချန်ပီယံလိဂ်ဖလားတို့ကို ရယူပေးနိုင်ခဲ့သည်။

# ကွင်းလယ်ဒိုင်အား စေဖန်ခဲ့ခြင်းကြောင့် ပယ်လီဂရီနီအား ယူအီးအက်ဖ်အေ တရားစွဲဆို

မန်စီးတီးအသင်း၏ အိမ်ကွင်း အီတီဟက်ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သော မန်စီးတီးအသင်းက ဘာစီလိုနာ အသင်းအား နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ် (၁၆) သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် ကွင်းလယ်ဒိုင် အဲရစ်ဆင်အပေါ် စေဖန်ခဲ့ခြင်းကြောင့် မန်စီးတီး အသင်းနည်းပြ ပယ်လီဂရီနီအား ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီး အက်ဖ်အေ)က တရားစွဲဆိုထား ကြောင်း သိရသည်။

မန်စီးတီးနည်းပြ ပယ်လီ ဂရီနီသည် ယင်းပွဲစဉ်တွင် နောက်ခံလူ ဒီမီချီလစ်အား ထုတ်ပယ်ခဲ့မှုကြောင့် ကွင်းလယ်ဒိုင်အဲရစ်ဆင်မှာ ဘာစီလိုနာအသင်းဘက်ကို လိုက်သည်ဟု စွပ်စွဲခဲ့ခြင်းနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ၎င်း၏ စေဖန်ခဲ့မှုကို ပြန်လည်တောင်းပန်ခဲ့ရသည်။

သို့ရာတွင် ဥရောပဘောလုံး အဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) အနေဖြင့် မန်စီးတီးနည်းပြ ပယ်လီဂရီနီအား တရားစွဲဆိုထားကြောင်းသိရသည်။

**နိုင်လင်းကြည်**

# ဘိုင်ယန်မြူးနစ် လူငယ်ဖလားဖိတ်ခေါ်ပြိုင်ပွဲ မြန်မာနှင့်ထိုင်း ပူးပေါင်းဝင်ရောက်ယှဉ်ပြိုင်မည်

ဂျာမန်ဘွန်ဒက်စ်လီဂါ ထိပ်တန်းကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ကြီးမှူးကျင်းပမည့် ၂၀၁၄ ဘိုင်ယန်မြူးနစ်လူငယ်ဖလားဘောလုံးပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အသက် (၁၆)နှစ်အောက် လူငယ်ကစားသမားငါးဦးအား စိစစ်ရွေးချယ်၍ ထိုင်းနိုင်ငံမှလူငယ်ငါးဦးနှင့်အတူ ပူးပေါင်းအသင်းဖွဲ့စည်းကာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆက်သွယ်ညှိနှိုင်းလာသည့် အဖွဲ့အစည်းမှာ ဘိုင်ယန်မြူးနစ်အသင်း၏ ပူးတွဲစပွန်ဆာတစ်ဦးဖြစ်သော စင်ကာပူ အခြေစိုက် Yingli Green Energy Singapore Co. Pte. Ltd. (YINGLI SOLAR) မှဖြစ်ပြီး ယင်းအဖွဲ့အစည်းအနေဖြင့် အဆိုပါ လူငယ်ပြိုင်ပွဲသို့ ထိုင်းအသင်းနှင့် မြန်မာအသင်းတို့အား ပေါင်းစပ်၍ အရှေ့တောင်အာရှဒေသကိုယ်စားပြု အသင်းတစ်သင်းအဖြစ် ပါဝင်ယှဉ်ပြိုင်သွားရန် ကမ်းလှမ်းဆွေးနွေးလာခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ ဘိုင်ယန်မြူးနစ်ကလပ် လူငယ်လေ့ကျင့်ရေးစခန်းတွင် ယခုနှစ် မေလအတွင်း၌ ကျင်းပမည့် အဆိုပါ ၂၀၁၄ ဘိုင်ယန်မြူးနစ်လူငယ်ဖလားပြိုင်ပွဲသို့ အသက်(၁၄)နှစ်မှ (၁၆)နှစ်ကြားရှိ လူငယ်ကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ယင်းပြိုင်ပွဲသို့ အိမ်ရှင်ဂျာမနီလူငယ်အသင်းနှင့်အတူ ဘရာဇီး၊ အီတလီ၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ အိန္ဒိယနှင့် မြန်မာ-ထိုင်းတို့ ပေါင်းစပ်ထားသည့် အရှေ့တောင်အာရှကိုယ်စားပြုအသင်း စုစုပေါင်း ရှစ်သင်း ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်းသိရသည်။

ပြိုင်ပွဲပုံစံမှာ အသင်းအားလုံး အုပ်စုပတ်လည်ဖြစ်ပြီး အမှတ်အနည်းအများ အပေါ်မူတည်၍ ပထမ၊ ဒုတိယ၊ တတိယ သတ်မှတ်ပေးမည်ဖြစ်သည်။ ပွဲကစားချိန်ကို တစ်ပိုင်းလျှင် ၃၅ မိနစ်စီအဖြစ် Interval ၁၅ မိနစ် (၃၅-၁၅-၃၅) ဖြင့် ကစားစေမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ဂိုးသမားတစ်ဦးအပါအဝင် တစ်ဖက်ခုနစ်ယောက်စီကစားရမည်ဖြစ်ပြီး လူစားလဲခွင့်ကို အသင်းများအားလုံး ပါဝင်သည့် အသင်းမန်နေဂျာအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်သတ်မှတ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ရွေးချယ်ခံရမည့် လူငယ်အသင်းအားလုံးကို ဘိုင်ယန်မြူးနစ်အသင်းမှ နာမည်ကြီး ကစားသမားဟောင်းကြီးများနှင့် နည်းပြများက ဘောလုံးအခြေခံနည်းစနစ်များ၊ ကစားပုံများနှင့် ပတ်သက်၍ အသိပညာပေး အချိန်ပိုင်းသင်တန်းများ(Football Clinics) ပြုလုပ်ပေးမည့်အပြင် ယင်းပြိုင်ပွဲတွင် အထူးခြေစွမ်းပြပြီး အလားအလာရှိသော လူငယ်ဘောလုံးသမား အချို့အား စိစစ်ရွေးချယ်၍ ဘိုင်ယန်မြူးနစ်အသင်းကြီး၏ လူငယ်အသင်းတွင် လာရောက်ပူးတွဲ လေ့ကျင့်နိုင်မည့် အခွင့်အရေး ရရှိမည်ဖြစ် သည်။ ထို့အပြင် ပြိုင်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့်အသင်းများမှ လူငယ်ကစားသမားများ အနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းကြီး၏ နိုင်ငံတကာအားကစားလေ့ကျင့်ရေးဗဟိုဌာနများနှင့် လေ့ကျင့်မှုများကိုလည်း ကြည့်ရှုလေ့လာခွင့်ရမည်ဖြစ်သည်။

Yingli Green Energy မှ တာဝန်ရှိသူ၏ ဆွေးနွေးတင်ပြချက်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါ ပြိုင်ပွဲသို့ ထိုင်းလူငယ်အသင်းနှင့် ပူးပေါင်းပါဝင်ယှဉ်ပြိုင်နိုင်ရန် အဆင့်မီ အသက်(၁၄)နှစ်မှ (၁၆)နှစ်ကြားရှိ လူငယ်ကစားသမား ဂိုးသမားတစ်ဦးအပါအဝင်ငါးဦးနှင့် နည်းပြဆရာနှစ်ဦးအပါအဝင် အင်္ဂလိပ်စကားပြောကျွမ်းကျင်သည့် စကားပြန်တစ်ဦးတို့အား မတ် ၁၀ ရက် နောက်ဆုံးထား ရွေးချယ်ပေးရမည်ဖြစ်ပြီး နောက်ဆုံးဆန်ခါတင်ရွေးချယ်ပွဲသို့ ဘိုင်ယန်မြူးနစ်အသင်း၏ Global Ambassador ဖြစ်သူ Mr.Paul Breitner နှင့် ဘိုင်ယန်မြူးနစ် အသင်းမှ Scouting coaches များ၊ Scout များ ကိုယ်တိုင်လာရောက်ကြီးကြပ်ရွေးချယ်ပေးမည် ဖြစ်သည်။ အဆိုပါအဖွဲ့ အကြောင်းကြောင်းကြောင့် မလာဖြစ်ပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးကြပ်၍ သက်ဆိုင်ရာ နည်းစနစ်ကျွမ်းကျင်သူများ၊ နာမည်ကြီးကစားသမားဟောင်းကြီးများနှင့် နည်းပြများက စိစစ်ရွေးချယ်ပေးရမည်ဖြစ်သည်။

ယခုနှစ် မေလတွင် ကျင်းပမည့် အဆိုပါ ၂၀၁၄ ဘိုင်ယန်မြူးနစ်လူငယ်ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်လေ့ကျင့်မှုအဖြစ် မြန်မာလူငယ်အဖွဲ့နှင့် နည်းပြများသည် မတ်လကုန်(သို့မဟုတ်) ဧပြီလအတွင်း၌ ထိုင်းနိုင်ငံသို့ သွားရောက်ကာ ထိုင်းအသင်းနှင့်အတူ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

**အားကစားမြှင့်တင် စိတ်လန်းရှင်**
**ဆန့်ကျင် မူးယစ်ဆေး**

## “ရက်မြတ်ဆုမွန်”

* နေ့မှာ ရှင်နေမင်း
ညအခါ ရွှေလဝန်း
နှစ်ပါးစင်းက
အမှောင်ကိုခွင်း
အလင်းဆောင်သည့်ပမာ
* ဖေဖေကရှေ့ဆောင်
မေမေက လမ်းပြ
နှစ်ပါးစုံစီ
စိတ်တူညီတော့
သားတို့ကလိမ္မာ
သမီးကယဉ်ကျေး
လှပတဲ့မိသားစုဘဝလေး
ဖြစ်တည်ခဲ့တာ
ဖေနှစ်ဆယ့်သုံးမှာ
ငွေရတုသို့တိုင်ခဲ့ပြီ။
* ဤနေ့မှသည်
ရွှေရတု၊ စိန်ရတုတိုင်
ချစ်သားသမီး
ရှမြေးတို့နှင့်
အတူမခွဲ
ဆင်နွှဲနိုင်ပါစေ
မြတ်ဆုခြွေ၏။

ချစ်သားသမီးများ


















**မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်**

## အိုဘားမား နှင့် ဒလိုင်းလားမား တွေ့ဆုံမှု တရုတ်နိုင်ငံ ကန့်ကွက်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် သောကြာနေ့၌ တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမားနှင့် တွေ့ဆုံခဲ့ရာ အဆိုပါ ပြည်ပရောက် တိဗက်ဘာသာရေး ခေါင်းဆောင်နှင့် တွေ့ဆုံခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမည်ဖြစ်ကြောင်း ပေကျင်း၏ သတိပေးချက်အား အဘယ်ကြောင့် အိမ်ဖြူတော်က ဂရုမစိုက်ရပါသနည်းဟု တရုတ်အစိုးရက မဆိုင်းမတွ မေးခွန်းထုတ်ခဲ့သည်။

တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျန်ရွှေဆွေ့က တရုတ်နိုင်ငံရှိ အမေရိကန်သံရုံး ယာယီတာဝန်ခံ ဒနိုင်းရဲလ်ကရီတင်းဘရင့်ကို သောကြာနေ့ညဉ့် ဆင့်ခေါ်၍ ယင်းသို့ တွေ့ဆုံခြင်းသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်ဟု ရှုတ်ချခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

၁၉၅၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ဝင်ရောက်ခိုလှုံသွားခဲ့သည့် ဒလိုင်းလားမားသည် အကြမ်းဖက်သောနည်းဖြင့် လွတ်လပ်သော တိဗက်နိုင်ငံ ထူထောင်ရန် ကြိုးစားနေသည်ဟု တရုတ်အစိုးရက ပြောကြားသည်။

ဒလိုင်းလားမားက တရုတ်တို့၏ ပြောဆိုချက်ကို ငြင်းဆိုခဲ့ပြီး ၎င်းသည် တိဗက်အတွက် စစ်မှန်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုသာ အလိုရှိကြောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် တိဗက်ဘုန်းတော်ကြီးနှင့် အိုဘားမား၏ အလွတ်သဘောတွေ့ဆုံခြင်းသည် တစ်နာရီခန့်မျှကြာမြင့်ခဲ့သည်။ အိုဘားမားက တိဗက်၏ ထူးခြားသော ဘာသာရေး၊ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ရိုးရာဘာသာစကားနှင့် တိဗက်လူမျိုးတို့၏ လူ့အခွင့်အရေးအား ၎င်း၏ ထောက်ခံမှုကို ထပ်မံအတည်ပြုပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ တိဗက်တို့က လွတ်လပ်ရေးရယူရန်ကို ၎င်းအနေဖြင့် မထောက်ခံကြောင်း အိုဘားမားက ပြောကြားပြီး ဒလိုင်းလားမားကလည်း ထိုသို့ထောက်ခံမှုရှိရန် ကြိုးစားခြင်းမပြုကြောင်း ပြောကြားခဲ့သည်ဟု အိမ်ဖြူတော်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **ရိုက်တာ။**



ဖေဖော်ဝါရီ ၂၂ရက်က တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်ရှိ ဂျပန်သံရုံးအနီးတွင် ကန့်ကွက်ဆန္ဒပြကြစဉ်။

## တာကဲရှိမနေ့ အထိမ်းအမှတ်အခမ်းအနား ဂျပန်ကျင်းပမှု တောင်ကိုရီးယား ကန့်ကွက်

တိုကျို ဖေဖော်ဝါရီ ၂၂

နှစ်ပတ်လည် "တာကဲရှိမနေ့" အထိမ်းအမှတ် အခမ်းအနားကို ဂျပန်နိုင်ငံအနောက်ပိုင်း ရှိမန်းပြည်နယ်၌ ဖေဖော်ဝါရီ ၂၂ရက်က ကျင်းပရာ အစိုးရအထက်တန်းတာဝန်ရှိသူများနှင့် နိုင်ငံရေးသမားများ တက်ရောက်ခဲ့ကြသည်။ ဂျပန်နိုင်ငံတွင် တာကဲရှိမနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်းကို တောင်ကိုရီးယားနိုင်ငံသားများက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

တာကဲရှိမနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခြင်းဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ဂျပန်နှင့် တောင်ကိုရီးယားအကြား ပင်လယ်ရေကြောင်းပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုကို ပိုမိုပြင်းထန်စေနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ အခေါ်အဝေါ်အရ တာကဲရှိမကျွန်းစု၊ တောင်ကိုရီးယားအခေါ်အဝေါ်အရ တွတ်ဒိုကျွန်းစုဟု သိရှိကြသော ကျွန်းများပိုင်ဆိုင်မှုနှင့် ပတ်သက်၍ နှစ်နိုင်ငံအငြင်းပွားမှုများ ဖြစ်ပေါ်နေချိန်တွင် တာကဲရှိမနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။ လောလောဆယ်တွင် အဆိုပါ ကျွန်းစုကို တောင်ကိုရီးယားက ထိန်းချုပ်ထားသည်။

တာကဲရှိမကျွန်းစုအပေါ် မိမိတို့နိုင်ငံက တရားဥပဒေအရ အာဏာပိုင်စိုးကြောင်း ရှိမန်းပြည်နယ်က အခိုင်အမာပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ဂျပန်ဝန်ကြီးအဖွဲ့မှ ပါလီမန်ရေးရာဝန်ကြီး ယိုရှိတမီကာမီအိုကာက ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို ကိုယ်စားပြု၍ တက်ရောက်ခဲ့သည်။

ဖေဖော်ဝါရီ ၂၂ရက်ကို တာကဲရှိမနေ့အဖြစ် ဒေသန္တရအစိုးရအဖွဲ့က ၂၀၀၅ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး နှစ်စဉ် နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားကို ကျင်းပလေ့ရှိသည်။ **ပီတီအိုင်။**

## ဆိုမာလီသမ္မတနန်းတော်တိုက်ခိုက်မှု ၁၂ဦးထက်မနည်းသေဆုံး

အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၂၂

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးရှိ သမ္မတနန်းတော်ကို အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုမှ တိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ရာ ဝန်ကြီးချုပ်၏ အမြဲတမ်းအတွင်းဝန်နှင့် ထောက်လှမ်းရေးတပ်မှူးဟောင်း အပါအဝင် ၁၂ ဦးထက်မနည်း သေဆုံးရသည်။

### သေဆုံး

သမ္မတနန်းတော်အတွင်းသို့ စီးနင်းဝင်ရောက်နိုင်ရန် စစ်သွေးကြွတို့ ကြိုးပမ်းခဲ့ကြပြီး အသေခံဗုံးခွဲ တိုက်ခိုက်သူနှစ်ဦးအပါအဝင် တိုက်ခိုက်သူ ကိုးဦး သေဆုံးခဲ့သည်။ အစိုးရတာဝန်ရှိသူ နှစ်ဦးနှင့် စစ်သားတစ်ဦးတို့မှာလည်း အသက်ဆုံးရှုံးခဲ့ကြရသည်။

ဖေဖော်ဝါရီ ၂၁ ရက်က သမ္မတနန်းတော်၏ အဝင်ဂိတ်အနီး ကားဖြင့် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ပြီးနောက် စစ်သွေးကြွတို့က စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် သမ္မတ ဟာဆန်ရှိတ်မိုဟာမက်မှာ နန်းတော်အတွင်း ရှိနေခဲ့သော်လည်း ထိခိုက်မှုမရှိခဲ့ပေ။ **ပီတီအိုင်။**


ဆိုမာလီသမ္မတနန်းတော်ဂိတ်ဝတွင် ကားဗုံးပေါက်ကွဲပြီးနောက် တွေ့ရစဉ်။

## ထိုင်းတွင် ဆန္ဒပြသူများက စီးပွားရေးလုပ်ငန်းများကို ပစ်မှတ်ထား ခြိမ်းခြောက်လျက်ရှိ

ဗန်ကောက် ဖေဖော်ရီဝါ ၂၂

**ထိုင်းနိုင်ငံတွင် အတိုက်အခံများက ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာ၏ မိသားစုနှင့် အဆက်အသွယ်ရှိသည့် စီးပွားရေးလုပ်ငန်းများကို ခြိမ်းခြောက်မှုပြုလုပ်ခြင်းအား ဝန်ကြီးချုပ်ကို ထောက်ခံသူများက ၎င်းတို့၏ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခြင်း မပြုမီတစ်ရက်အလို စနေနေ့တွင် ပြစ်တင်ရှုတ်ချသည်။**

အစိုးရကို ဆန့်ကျင်ဆန္ဒပြနေကြသူများက ဗန်ကောက်မြို့၏ အရေးပါသော လမ်းဆုံများကို တိုင်ကီများ၊ ကားတာယာများ၊ သဲအိတ်များဖြင့် ပိတ်ဆို့ထားကြသည်။

၎င်းတို့က ဝန်ကြီးချုပ် ယင်လတ်ရာထူးမှ ဆင်းပေးရေးနှင့် သူမ၏အစ်ကိုတော်စပ်သူ ဘီလျံနာသက်ဆင်ရှင်နာဝါထရာ၏ဩဇာအရှိန်အဝါကို တားဆီးရန် ကြိုးပမ်းလျက်ရှိသည်။

ယခုသီတင်းပတ်အတွင်း၌ ရှင်နာဝါထရာ မိသားစုနှင့် ပတ်သက်ခဲ့ဖူးသော သို့မဟုတ် ပတ်သက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများကို ၎င်းတို့က ပစ်မှတ်ထားခဲ့သည့်အတွက် စတော့ဈေးနှုန်းများမှာ ကျဆင်းလာခဲ့သည်။

အစိုးရမပါဝင်သော စတော့အိတ်ချိန်းမှ ကုမ္ပဏီများကို ခြိမ်းခြောက်ခြင်းအား ၎င်းတို့အနေဖြင့် မနှစ်မြို့ကြောင်း အာဏာရှင်ဆန့်ကျင်ရေးဒီမိုကရေစီ ညီညွတ်ရေးတပ်ဦး (ယူဒီဒီ)၏ အမျိုးသမီးဥက္ကဋ္ဌ သီတာတဝန်ဆက်က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကန့်ကွက်ဆန္ဒပြပွဲများကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေး ဆုံးရှုံးမှုမှာ များပြားလျက်ရှိရာ အထူးသဖြင့် ခရီးသွားလုပ်ငန်းဖြစ်ပြီး ဗန်ကောက်မြို့သို့ လာရောက်လည်ပတ်သော ခရီးသည် အရေအတွက်မှာ ထိုးကျသွားခဲ့ပြီဖြစ်သည်။

လူဦးရေသိပ်သည်းသော နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့၌ အခြေခံသည့် ရှပ်နီအဖွဲ့ ယူဒီဒီ၏ ခေါင်းဆောင်များသည် ဗန်ကောက်မြို့မြောက်ပိုင်း နာခွန်ရက်ချာစီမာ၌ တနင်္ဂနွေနေ့တွင် ဆွေးနွေးပွဲ ကျင်းပကြမည်ဖြစ်သည်။ **ရိုက်တာ။**



ဆန္ဒပြမှုများကြောင့် ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်များသော ဆီလုံလမ်းမကြီးအား ပိတ်ထားရသည်ကို တွေ့ရစဉ်။

## ပြင်သစ်ရဲတပ်ဖွဲ့က ကိုကင်း ၁ ဒသမ ၄ တန် သိမ်းဆည်းရမိ

ပါရီ ဖေဖော်ဝါရီ ၂၂

ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်း လီဟာဗ့်ဆိပ်ကမ်းတွင် ကိုကင်း ၁ဒသမ၄ တန်ကို ရဲတပ်ဖွဲ့က သိမ်းဆည်း ရမိကြောင်း၊ နိုင်ငံ၏ ပင်မနယ်မြေတွင် သိမ်းဆည်းရမိသမျှအထဲတွင် ယခုအကြိမ် ဖမ်းမိမှုပမာဏမှာ အများဆုံးဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၂ရက်တွင် ဖော်ပြသည်။

အဆိုပါ ကိုကင်းများကို ကုန်တင်ကား၏ တာယာများအတွင်း ဝှက်၍ယူဆောင်လာခြင်းဖြစ်ကြောင်း ပြင်သစ်နိုင်ငံထုတ် နေ့စဉ်သတင်းစာ လီပါရီဘီယန်တွင် ဖော်ပြထားသည်။

### ဖမ်းဆီး

သိမ်းဆည်းရမိသော ကိုကင်းများ၏ ခန့်မှန်းခြေတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၃၇၀(ယူရိုသန်း ၂၇၀) ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ယင်းပစ္စည်းများနှင့်ဆက်စပ်နေသော ဘူလ်ဂေးရီးယားလူမျိုးနှစ်ဦးနှင့် စပိန်လူမျိုးနှစ်ဦးကို ဖမ်းဆီးထားကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# လူ့အခွင့်အရေးကော်မရှင်ပထမဆုံး မကွေးနှင့်စစ်ကိုင်းသို့ သွားမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၂**

ယခုနှစ်အတွင်း အသိပညာပေးပထမဆုံးခရီးစဉ်အဖြစ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိမြို့နယ်များသို့ ဖေဖော်ဝါရီ ၂၃ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

"အခုသွားရောက်မယ့် ခရီးစဉ်ကိုတော့ အကြမ်းအားဖြင့် ၅ ရက်နဲ့ ၇ ရက် လောက်ကြာမယ်လို့ ခန့်မှန်းထားတယ်။ အဲဒီမှာ တက်ရောက်လာသူတွေနဲ့ လူ့အခွင့်အရေးအကြောင်း အပြန်အလှန်ဆွေးနွေးသွားမှာ။ ပြီးရင် လူ့အခွင့်အရေး ကြေညာစာတန်းစာအုပ်တွေနဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေသွားမယ်။ အဲဒီမှာ ဒေသဆိုင်ရာအာဏာပိုင်တွေ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုတွေကို ဖိတ်ကြားထားမယ်" ဟု လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါခရီးစဉ်အပြီး မတ်လကုန်တွင် ရှမ်းပြည်နယ်သို့သွားရောက်မည်ဖြစ်သည်။ ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်များသို့လည်း သွားရောက်၍ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း လူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

ယခုကဲ့သို့ ဟောပြောပွဲများပြုလုပ်ရာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်၍ သိရှိသင့်သည့်အကြောင်းအရာများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရပါက မည်ကဲ့သို့တိုင်ကြားရမည်ကို ကျယ်ပြန့်စွာသိရှိစေရန်နှင့် အဆိုပါမြို့နယ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုများ စစ်ဆေးမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍ ကုလသမဂ္ဂသို့ အထူးအစီရင်ခံစာတင်သွင်းရသူ မစ္စတာကင်တားနားမှလည်း ၎င်း၏ခြောက်နှစ်ကြာတာဝန်ထမ်းဆောင်ချိန်တွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးအခြေအနေ ပိုမိုကောင်းမွန်လာသည့် အရေးပါသောအပြောင်းအလဲများကို တွေ့မြင်ခဲ့ရကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**တင်မောင်ဦး**



အင်းဝမြို့ဟောင်းနယ်နိမိတ်အတွင်း တည်ရှိသောရှေးဟောင်းဝက်ပါချောင် အုတ်ကျောင်းတော်အား တွေ့ရစဉ်။

# တူးဖော်ပြီးမြို့ဟောင်းများတွင် ရတနာပုံနှင့် အင်းဝမြို့ဟောင်း၌ နန်းတော်ရာလက်ရာ အများအပြားကျန်ရှိနေ

**မန္တလေး၊ ဖေဖော်ဝါရီ ၂၂**

ရှေးမြို့ဟောင်းရှစ်မြို့အား တူးဖော်မှုပြီးစီးခဲ့ရာ ရတနာပုံမြို့ဟောင်းနှင့် အင်းဝမြို့ဟောင်းနှစ်မြို့သာနန်းတော်ရာလက်ရာ အများအပြားကျန်ရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျန်တဲ့မြို့ဟောင်းခြောက်မြို့က ကုန်းမြေတွေပဲကျန်ခဲ့တယ်။ ရတနာပုံနဲ့အင်းဝမြို့ဟောင်းကတော့ သစ်တပ်၊ မြို့ရိုး၊ ကျုံး၊ နန်းမြင့်မျှော်စင်၊ နန်းတော်ကုန်း၊ နန်းတော်ရာလက်ရာတွေ ရှာဖွေတွေ့ရှိခဲ့တယ်" ဟု ၎င်းကဆိုသည်။

တူးဖော်ပြီးစီးခဲ့သည့် မက္ခရာမြို့ဟောင်း၊ မြင်းစိုင်းမြို့ဟောင်း၊ ပင်လယ် (မိုင်းမော)မြို့ဟောင်း၊ ပင်းယမြို့ဟောင်း၊ အင်းဝမြို့ဟောင်း၊ အမရပူရမြို့ဟောင်းနှင့် ရတနာပုံမြို့ဟောင်းများတွင် ရတနာပုံမြို့ဟောင်းမှာ နောက်ဆုံး ရှေးဟောင်းမြို့ဖြစ်သည့်အတွက် မြို့တည်နန်းတည် ခုနစ်ခုစလုံး၏ လက်ရာများ ကျန်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါမြို့ဟောင်းအား ပြုပြင်ထိန်းသိမ်းမှုအနေဖြင့် သုဓမ္မာဇရပ်တော်၊ ပဋ္ဌာန်းဟောသိမ်တော်နှင့် ပိဋကတ်တိုက်တော်များကို ပြုပြင်မှုများလုပ်ဆောင်နေကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

> **နောက်ဆုံး ရှေးဟောင်းမြို့ဖြစ်သည့်အတွက် မြို့တည်နန်းတည် ခုနစ်ခုစလုံး၏လက်ရာများ . . .**

"ဒီမြို့တည်နန်းတည်လက်ရာသုံး ခုကို ပြုပြင်ပေးမယ်ဆိုရင်တော့ ရှေးဟောင်းလက်ရာ ခုနစ်ခုစလုံးကို ရှေးဟောင်းအမွေအနှစ်အဖြစ် ဆက်လက်တည်ရှိသွားမှာဖြစ်ပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မန္တလေးတိုင်းဒေသကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲမှ ရှေးမြို့ဟောင်းရှစ်မြို့အား တူးဖော်ပြီးစီးခဲ့ပြီဖြစ်၍ လေ့လာမှုများပြုလုပ်နိုင်မည်ဖြစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးအတွင်း ရှေးဟောင်းနယ်နိမိတ်ရှစ်ခုကိုလည်း ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အဆောက်အအုံတည်ရှိရာဇုန်အဖြစ် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## သတင်းတို

### တိုက်ကြီး၌ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ရှင်းလင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက် မြို့နယ်သာသနာ့ဗိမာန်တွင် ဖေဖော်ဝါရီ ၂၀ ရက် နေ့လည် ၁ နာရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ် ရှင်းလင်းပွဲအခမ်းအနား ကျင်းပခဲ့ရာ လူဦးရေ ၁၅၀ ကျော် တက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဇော်ဝင်းက လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များကို ရှင်းပြသည်။

**မြို့နယ် (ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးသတင်းစာစက္ကူဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

Newsprint Paper (48.8 Gsm) (30") High Bright

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

Web Offset Ink (Black)
Web Offset Ink (Cyan)
Web Offset Ink (Magenta)
Web Offset Ink (Yellow)
Sheet Fed Ink Black
CTP Plate
CTP Plate (Kodak)
Developer (Fuji)
Developer (Kodak)
Replenisher (Fuji)
A3 Toner
Gum Arabic
Wipe on Aluminium Plate
Wipe on Aluminium Plate
Wipe on Aluminium Plate
Ortho Film (22"x32")
Film Developer
Film Fixer
Rubber Blank for Offset Reel
Stencil Paper
Duplicating Ink Tube
Coating
Developing Lacquer

# စည်းကမ်းမဲ့ယာဉ်များအား စည်ပင်အထူးတရားရုံးသို့ တရားစွဲဆိုတင်ပို့နေ

**မန္တလေး၊ ဖေဖော်ဝါရီ ၂၂**

မန္တလေးမြို့တွင် စည်းကမ်းမဲ့ယာဉ်များအား အရှိန်အဟုန်မြှင့်၍စစ်ဆေးမှုများပြုလုပ်နေပြီး ယာဉ်စည်းကမ်းမလိုက်နာသော ယာဉ်များကို စည်ပင်ဥပဒေပုဒ်မ ၂၆ ဖြင့် စည်ပင်အထူးတရားရုံးသို့ တရားစွဲဆိုတင်ပို့လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး အမှတ် (၁၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၁၉ ရက်အထိ စည်းကမ်းမဲ့ယာဉ်အရေးယူမှု ၉၆၇ မှုရှိခဲ့ပြီး မြို့တွင်း ယာဉ်သွားလာမှုရှုပ်ထွေးသည့်နေရာများတွင် မတော်တဆမှု မဖြစ်ပေါ်ရေးအတွက်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက အဖွဲ့လိုက်စီမံချက်တစ်ခုအနေဖြင့် ဆောင်ရွက်နေကြောင်း အဆိုပါတပ်ဖွဲ့ခွဲမှ ဒုရဲမှူးသန်းထွန်းအောင်က ပြောကြားသည်။

ဆိုင်ကယ်သွားလာမှု အများဆုံးလမ်းများဖြစ်သည့် ၈၄ လမ်းမကြီး၊ ၂၆ လမ်း၊ ၇၈ လမ်းနှင့် ၈၆ လမ်းမကြီးများအား စည်ပင်၊ ရဲ၊ ကညနနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များအား စစ်ဆေးခြင်း၊ ယာဉ်မတော်တဆမှု မဖြစ်စေရေးတို့အတွက် အဓိကထားဆောင်ရွက်နေကြောင်း ၎င်းကပြောသည်။

"စီမံချက်ကို ဖေဖော်ဝါရီ ၄ ရက်ကစပြီး ဆောင်ရွက်နေတာပါ။ ကျွန်တော်တို့ ပူးပေါင်းအဖွဲ့တစ်ဖွဲ့မှာ အဖွဲ့ဝင် ၇ ယောက် ၈ ယောက်လောက်ပါတယ်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်နေပါတယ်" ဟုပြောသည်။

ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအနေဖြင့် ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း၊ အဓိကလမ်းဆုံကြီးများတွင် အသံချဲ့စက်များဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခြင်းဖြင့် တစ်နှစ်ထက်တစ်နှစ်ယာဉ်မတော်တဆမှုများ လျော့နည်းလာရန် ဆောင်ရွက်လျက်ရှိသည်။

**အောင်ရဲသွင်**

# မထသ(ဗဟို) သို့ တိုင်ကြားမှုများ၏ ၅၀ ရာခိုင်နှုန်း ကျော်မှာ ယာဉ်စီးခ ပိုမိုတောင်းခံခြင်းကြောင့်ဖြစ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၂**

ယခုနှစ်အစပိုင်းဖြစ်သော ဇန်နဝါရီနှင့် ဖေဖော်ဝါရီအတွင်း မထသ(ဗဟို) သို့ တိုင်ကြားမှုများမှ ၅၀ ရာခိုင်နှုန်းကျော်မှာ ယာဉ်စီးခပိုမိုတောင်းခံခြင်းများဖြစ်ကြောင်း မထသ(ဗဟို) ဥက္ကဋ္ဌဦးလှအောင်က ဖေဖော်ဝါရီ ၁၉ ရက် မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားသည်။

"အခုနောက်ပိုင်းအရည်အချင်းရှိတဲ့ ယာဉ်လုပ်သားရရှိမှု အခက်အခဲလာတယ်။ ယာဉ်ပေါ်တွေမှာ အကူတွေဆိုပြီး အပိုပါလာတဲ့သူတွေများလာတယ်။ သူတို့တွေက ယာဉ်စီးခပိုတောင်းတာနဲ့ မချေမငံဆက်ဆံမှုတွေရှိလာတယ်" ဟု ၎င်းကပြောသည်။



**ရန်ကုန်မြို့တွင်းတစ်နေရာတွင် ခရီးသည်တင် မထသ ယာဉ်လိုင်းများ ပြေးဆွဲနေစဉ်။**

ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ မထသ(ဗဟို)သို့ တိုင်ကြားလာမှုများတွင် ယာဉ်စီးခပိုမိုတောင်းခံခြင်းအပါအဝင် တိုင်ကြားမှုပေါင်း စုံချိန်တင်အဖြစ် ၈၄ ကြိမ်အထိရှိခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၁၆ ရက်အထိ တိုင်ကြားမှု ၃၄ ကြိမ်အထိရှိခဲ့ရာ တိုင်ကြားမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာယာဉ်လိုင်းကော်မတီများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား အရေးယူဆောင်ရွက်လျက်ရှိနေကြောင်း မထသ(ဗဟို) မှ သိရသည်။

"ကျွန်တော်တို့ဆီကို တိုင်ကြားလာတဲ့စာတွေကို အရေးယူပြီးတာနဲ့ တိုင်ကြားတဲ့သူတွေဆီကို ဖုန်းနဲ့ပြန်ဆက်သွယ်ပြီး အကြောင်းကြားတာရှိသလို၊ လိပ်စာနဲ့တကွ စာနဲ့ပြန်အကြောင်းကြားမှုတွေလည်း လုပ်ဆောင်ပေးနေပါတယ်။ အဲဒါအပြင် စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်တွေကို အထူးအဖွဲ့ ၁၆ ဖွဲ့နဲ့ တစ်ပတ်ကိုနှစ်ရက် ခ‌တ်ပုံမှတ်တမ်းတွေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ထံတင်ပြနေတယ်" ဟု မထသ(ဗဟို) တွဲဖက်အတွင်းရေးမှူးက ပြောသည်။

၂၀၁၃ ခုနှစ်အတွင်း မထသ(ဗဟို) လက်အောက်ရှိယာဉ်လိုင်းများမှ ယာဉ်လုပ်သား ၈၀၉ ဦး အလုပ်ခန့်ပြီး ယာဉ်စည်းကမ်းဖောက်ဖျက်သောလုပ်သား ၃၀၉ ဦးအား မထသ လက်အောက်ရှိယာဉ်လိုင်းများတွင် လုပ်ကိုင်ခွင့် ပိတ်သိမ်းခဲ့ကြောင်း မထသ(ဗဟို) ၏ အပတ်စဉ်မီဒီယာတွေ့ဆုံပွဲတွင် ထုတ်ပြန်သောစာရင်းများအရ သိရသည်။

**တင်မောင်ဦး**

## သတင်းတိုများ

### ကလေးဝမြို့နယ်၌ တရားမဝင်သစ်များသိမ်းဆည်းရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကောင်းညွှန့်နှင့် မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူးသိန်းဝင်းတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တရားမဝင်သစ်များခိုးထုတ်မှုမရှိစေရေးအတွက် ဖေဖော်ဝါရီ ၁၂ ရက်ညနေ ၄ နာရီခွဲက မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် ၁၁၃/၇ ၌ ကားလမ်းအနောက် လျှိုအနီး၌ တမလန်းသစ် ၃၂၈ ချောင်း (၂၀ ဒသမ ၃၀၆၀ တန်)တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

### ငဖဲကျေးရွာဆောက်လုပ်ရေးသို့ အလှူငွေများပေးအပ်

မကွေးတိုင်းဒေသကြီး ငဖဲမြို့ အမျိုးသားစီမံကိန်းနှင့် စီးပွားဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ငလှိုင်တောကျေးရွာ ရေကျော်လျှပ်တန်းပြုပြင်တည်ဆောက်ရေးအတွက် ပေးအပ်ခဲ့သော အလှူငွေ ကျပ် ၁၀ သိန်းကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ ကျေးရွာဆောက်လုပ်ရေးကော်မတီသို့ ဖေဖော်ဝါရီ ၁၄ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက ဖွံ့ဖြိုးရေးလုပ်ငန်းများ ရန်ပုံငွေရရှိဆောင်ရွက်မှုနှင့်ပတ်သက်၍လည်းကောင်း၊ ငလှိုင်တောကျေးရွာအုပ်ချုပ်ရေးမှူးက ရေကျော်လျှပ်တန်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း တက်ရောက်လာကြသူများအား ပြောကြားခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**

# ကလေးမြို့နယ် စည်ပင်သာယာမှ လုပ်ငန်း ၈၅ မျိုးကို မဲစနစ်ဖြင့် လေလံတင်ရောင်းချမည်

**ကလေး၊ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ယခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်အထိ လုပ်ငန်း ၈၅ မျိုးကို ဖေဖော်ဝါရီ ၂၄ ရက်တွင် မဲစနစ်ဖြင့် ကလေးမြို့ မြို့တော်ခန်းမ၌ လေလံတင်ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

လေလံတင်ရောင်းချမည့်အခွင့်အရေးလိုင်စင်များထဲတွင် သားသတ်လိုင်စင် ၅၁ ခု၊ ကူးတို့လိုင်စင် ၁၈ ခု၊ မြို့ဝင်ဘီးကောက်လိုင်စင် ၁ ခု၊ အပေါင်ဆိုင်လိုင်စင် ၂ ခု၊ ဈေးကောက်လိုင်စင် ၇ ခုနှင့် အခြားလိုင်စင် ၆ ခုတို့ ပါဝင်မည်ဖြစ်ပြီး လေလံလျှောက်ထားသူများသည် လျှောက်လွှာကို မှန်ကန်စွာရေးသွင်းဖော်ပြ၍ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လျှောက်ထားနိုင်ကြောင်းသိရသည်။

လျှောက်လွှာတစ်စောင်လျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် စည်ပင်ရုံးမှ ရောင်းချသွားမည်ဖြစ်ပြီး လိုင်စင်လျှောက်ထားသူများအနေဖြင့် လျှောက်လွှာများကို ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထားကာ စည်ပင်သာယာရေးကော်မတီရုံးသို့ တင်သွင်းရမည် ဖြစ်ကြောင်းသိရသည်။

**လင်းလက်ကြယ်စင်**

CTP (Computer to Plate) Machine

ကျက်ဖရီညှော်လမ်းညွှန်
0973129358, 0931693030, 0931860260

M.Sc. (Maths). Final.
Non-Stop
Ph: 09-51-21302 (or) 09-250359833

# မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ အထက်မင်းလှမြို့နယ်ကျေးရွာများသို့ကွင်းဆင်းဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာသဥ္ဇာမင်း ခေါင်းဆောင်၍ ဆေးဝန်ထမ်း ၁၃ ဦးအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၃ နာရီက အထက်မင်းလှ မြို့နယ် ပေတောကျေးရွာသို့ ရောက်ရှိ ကာ ညပိုင်းတွင် ရွာဦးဘုန်းတော်ကြီး ကျောင်း၌ ကျန်းမာရေးပညာပေးဟောပြောရာ ဒေသခံ ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တီဘီရောဂါတိုက်ဖျက်ရေးဌာန အထူးကုဆရာဝန်ကြီး ဒေါက်တာသဥ္ဇာမင်းက တီဘီရောဂါကာကွယ်တားဆီးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြော ကြားခဲ့သည်။ ထို့နောက် အထက်မင်းလှ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းအဆင့်-၁ ဦးဌေးလွင်က မျိုးဆက်ပွား ကျန်းမာရေး HIV/AIDS ရောဂါအကြောင်း ကိုယ်ဝန်ဆောင် မိခင်မှ သန္ဓေသားသို့ ရောဂါပိုး မကူးဆက်ရေးအတွက် ပညာပေးခြင်း၊ ၂၀၁၃ ခုနှစ်တွင် အထက်မင်းလှမြို့နယ် အတွင်း ကျန်းမာရေးဌာနခွဲ ၂၆ ခုရှိသောကြောင့် ၂၀၁၄ ခုနှစ်တွင် ကျေးရွာ များသို့ ကျန်းမာရေးစောင့်ရှောက်မှု ပို၍ ပေးသွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၉ ရက် နံနက်တွင် ရောဂါရှာဖွေစမ်းသပ်ကုသမှုများ ဆောင်ရွက်ခဲ့ရာ တီဘီသံသယရှိသူ ၁၀ ဦးတွေ့ရှိခဲ့ပြီး အထွေထွေရောဂါသည်များကိုလည်း အထူးကုဆရာဝန်ကြီးများအဖွဲ့က အထူးစစ်ဆေးကုသမှုများပေးခဲ့သည်။ ရောဂါရှာဖွေစမ်းသပ်ရာတွင် ပေတော၊ ချောင်းခွ၊ ကဒ၊ ကိုင်းရွာနှင့် သပြေတောရွာများမှ ဒေသခံ ၁၆၉ ဦး လာရောက် ကုသမှုခံယူကြသည်။ တီဘီရောဂါတိုက်ဖျက်ရေးအစီအစဉ်အရ မကွေး၊ မင်းဘူး၊ မင်းလှ၊ သရက်မြို့နယ် လေးမြို့နယ်သို့ လောလောဆယ်ကွင်းဆင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်းသိရသည်။

**မကွေးလှမြင့်**



**ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက နိုင်ငံခြားခရီးသည်ကမ္ဘာလှည့်ခရီးသည်များ သန်လျင်မြို့တွင်းသို့ မြင်းလှည်းများဖြင့် လှည့်လည်ပြီး သန်လျင်မြို့မဈေးကြီးအတွင်းသို့ ဝင်ရောက်၍ ဈေးဝယ်ကြသည်ကို တွေ့ရစဉ်။**

ဓာတ်ပုံ-တင်မောင်ဌေး

# သတင်းတို

## ကျေးရွာပြည်သူများအား ထင်းများဖြန့်ဝေ

**ပခုက္ကူ ဖေဖော်ဝါရီ ၂၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် သဘာဝတောကျန်ထိန်းသိမ်းကာကွယ်ခြင်း ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်းဖြစ်သည့် ပင်ပူးခွာ၊ ကိုင်းတက်ချိုင်ခြင်းတို့မှ ထွက်ရှိသော ထင်း ၁၇ ဒသမ ၁ တန်အား ပခုက္ကူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများက ပခုက္ကူမြို့နယ် အရှေ့ကမ်းဖြူကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတို့အား ဖေဖော်ဝါရီ ၂၀ ရက်က ထင်းများဖြန့်ဝေပေးအပ်ခဲ့ကြောင်းသိရသည်။

**အောင်(မန်းတက္ကသိုလ်)**

# ဖရဲ သခွားမွှေး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ ဒေသခံများအလုပ်အကိုင်ရရှိ

**သာစည် ဖေဖော်ဝါရီ ၂၂**

သာစည်မြို့နယ် ငှက်မင်းကုန်းကျေးရွာအနီးတွင် ဖရဲသခွားမွှေးများ စတင်စမ်းသပ်စိုက်ပျိုးရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။



"အဓိကကတော့ ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး စိုက်ပျိုးတာပါ။ အရင်က ကျွန်တော်တို့ဆီမှာ စိုက်ပျိုးနေကျ သီးနှံတွေပဲ စိုက်တာပါ။ အခုဒီသခွားမွှေးစိုက်လို့အောင်မြင်သွားရင် အခြားသူတွေလည်း စိုက်ပျိုးနိုင်အောင် အကူအညီပေးနိုင်မယ်။ နောက်ပြီး သခွားမွှေးစိုက်တဲ့အခါမှာ အလုပ်သမားများများလိုတယ်။ အလုပ်သမားခက တစ်နေ့လုပ်ခတစ်ဦး ကျပ် ၂၀၀၀ ပေးရတယ်။ ရေတင်ရေသွင်း လုပ်တဲ့သူဆို ကျပ်၃၀၀၀ထိ ပေးရတော့ စားဝတ်နေရေး အဆင်ပြေစေတဲ့ အလုပ်အကိုင်တွေလည်း ပေးနိုင်တယ်။ စိုက်တာကတော့ တစ်ဧကအတွက် မျိုးစေ့ လေးထုပ်လောက် ဝယ်ရတယ်။ လေးထုပ်ဆို ပင်ရေ ၁၀၀၀၀ လောက် ပျိုးထောင်ထားရတယ်။ အင်မတန်ပေါက်နှုန်းကောင်းမှ အပင် ၈၅၀၀ ခန့်ပဲ ဖြစ်တာ။ ပျိုးသက် ခုနစ်ရက်ကျော်ရင် စစိုက်လို့ရတယ်။ ပထမဆုံး မြေပြင်ပေးရပါတယ်။ ထယ်ရေးညက်တာနဲ့ မြေဆီပက်၊ ထွန်၊ ပေါင်ဆွဲ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ရပါတယ်။ သခွားမွှေးသီးကိုတော့ ရောင်းတဲ့အခါမှာ တစ်လုံးချင်းအလေးချိန်ကို ကီလိုဂရမ်နဲ့တွက်ပြီး ရောင်းရပါတယ်။ အများဆုံးကတော့ မူဆယ်ဘက်ကို တင်ပို့ပါတယ်" ဟု ဥသျှစ်ကုန်းကျေးရွာမှ သခွားမွှေးစိုက်ပျိုးသူ ကိုနေမင်းနိုင်က ပြောပြသည်။

သာစည်မြို့နယ်တွင် သခွားမွှေးကို ယခင်က ကွမ်းခြံကုန်းကျေးရွာအနီးတွင်သာ စိုက်ပျိုးရာမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့စိုက်ပျိုးလာခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း ( သာစည် )**



**တာမွေမြို့နယ် အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး Grade-3 မှ ပတ်လည်ဒုတိယဆုရရှိသော မခန့်ဝင့်ထည်အား ဆုချီးမြှင့်စဉ်။**

ဓာတ်ပုံ-ကြေးမုံ















## တောင်သုံးလုံး သာသနာပြုစခန်း
## ၁၀၈ တောင် စေတီတော် ထီးတော်တင်လှူခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာကုန်းမြို့နယ်၊ ကုန်းသံဒင်းကျေးရွာ၊ တောင်သုံးလုံးသာသနာပြုစခန်းတွင် အဘအဘိုးသံတည်ထားခဲ့သော ၁၀၈ တောင်စေတီ(သဗ္ဗသိဒ္ဓိအောင်မင်္ဂလာမဟာစေတီ)၏ထီးတော်အား တောင်သုံးလုံးဆရာတော် ဦးဝါယမ(ဝစီပိတ်ဆရာတော်)မှ ကြီးမှူးပြီး အသစ်ပြန်လည်မွမ်းမံပြီးဖြစ်ပါသဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၉ ရက် (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်)(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဆရာတော်နှင့်တကွ အလှူရှင်များ၊ လက်နက်ခဲယမ်းတပ်၊ တပ်မှူးနှင့်တပည့်သာဝကများမှ တင်လှူပူဇော်မည်ဖြစ်ပါသဖြင့် အဘ အဘိုးသံ၏ တပည့်သာဝကများနှင့် ဝစီပိတ်ဆရာတော်၏တပည့်သာဝကများမှ ကြွရောက်ကြည်ညိုပူဇော်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**တောင်သုံးလုံး ဆရာတော် ဦးဝါယမ**
**(ဝစီပိတ်ဆရာတော်)**

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31589922
09 31268183

## ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး
## နိုင်ငံခြားသားဧည့်ဝင်ကြေးကို
## အမေရိကန်ဒေါ်လာအစား
## မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည်

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်လေ့လာကြသော နိုင်ငံခြားသား ခရီးသွားဧည့်သည်များအား ဧည့်ဝင်ကြေးအဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈ ဒေါ်လာ ကောက်ခံလျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံခြားသားဧည့်ဝင်ကြေးကို အမေရိကန်ဒေါ်လာဖြင့် ကောက်ခံခြင်းမပြုတော့ဘဲ နိုင်ငံခြားသားတစ်ဦးလျှင် မြန်မာကျပ်ငွေ ၈၀၀၀/-(ကျပ်ရှစ်ထောင်တိတိ)ဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းနှင့်ဆက်နွှယ်လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဌာန/အသင်းအဖွဲ့များအားလုံး သိရှိနိုင်စေရန် ကြော်ငြာအပ်ပါသည်။

**ဂေါပကအဖွဲ့.**

Booking email: mtm.gayatour@gmail.com, Fax: 2305802

ပညာပါရမီ
ကိုယ်ပိုင်အထက်တန်းကျောင်း
(၅)တန်း- (၁၀)တန်း အဆင့်မြင့်ဘော်ဒါ

SUMMIT INTERNATIONAL LEARNING CENTRE
No.91, Upper Kyeemyindine Rd, Yangon. www.silceducation.com

Summer English 4-Skills
Opening on 4th March
March, April & May
• ( Mon – Fri ) Sessions
• ( Sat – Sun ) Sessions
Session I - 8:30 am – 11:30 pm
Session II - 12:00 am – 3:00 pm
Ph: 01-538398, 09 4500 66812, 09731 50347.


မြို့မဟုတ်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ


MYANMAR GEMMOLOGICAL INSTITUTE
"ကျောက်စိမ်းပညာလုပ်ငန်းခွင်သင်တန်း"

မိုးသောက်ပန်းအဆင့်မြင့်မူကြို
(1) Juntion စင်ရာနီး Ph:571545, 09-5126882
(2) Ph:200917, 09-43122884
(3) Ph:566592, 09-421008133

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀A°)၊ မြေကွက်အမှတ် Southern ½ of V Class 19၊ မြေကွက်တည်နေရာအမှတ်-၆၄၊ (၁၇)လမ်း၊ လသာမြို့နယ်၊ Koe Cheng Leong အမည်ပေါက် မြေပိုင်မြေအား ဦးသောင်းထွန်းဦး[၁၂/သကတ(နိုင်)၁၁၅၇၁၆]၊ ဦးပြည်အေး[၁၂/ဥကတ(နိုင်)၀၁၀၇၀၉]တို့က ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ်-၁၄၀/၂၀၁၁ ၏ ၁၀-၇-၂၀၁၃ ရက်စွဲပါအမိန့်၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၁၆၅/၂၀၀၄ နှင့် တရားမဇာရီမှုအမှတ်-၁၄၀/၂၀၁၁ တို့အရ ထုတ်ပေးသည့် ၁၅-၈-၂၀၁၃ ရက်စွဲပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းကြောင်း လက်မှတ်စာ၊ မြေတွင် ဆိုင်ရာဆိုင်ခွင့်ကို လွှဲပြောင်းကြောင်းမှတ်တမ်းတို့တင်ပြ၍ မြေအမည်ပြောင်းလျှောက်ထားရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာမေးပွဲအောင်ပွဲဝင်ယတြာများ

စာမေးပွဲဆိုတာ ပြိုင်ပွဲတစ်ခုပါပဲ။ အောင်မြင်ရန် ကံတရားလည်း အရေးကြီးပါတယ်။ ဒီအဆိုကိုလက်ခံလျှင် လာခဲ့ပါ။ **ဖုန်း-၀၉-၅၀၇၅၈၂၇**

Full Auto
09420035882, 73199257

လျက်ပါရီ ဧည့်ရိပ်သာ...
09731293358, 0931693030, 0931860260

မလိခ
MALIHKU
REAL ESTATE
Tel : 09 500 7647, 09 503 1621

သင့်ဈေးဖြင့်
အသက်ကယ်ပါ

# ပြည်ထောင်စုဖလားဂေါက်သီးရိုက်ပြိုင်ပွဲ နေပြည်တော်၌ စတင်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၁၄ ခုနှစ် ပြည်ထောင်စုဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့တွင် နေပြည်တော် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ကျင်းပရာ ပြိုင်ပွဲဝင်အမျိုးသား/အမျိုးသမီး အသင်း ၄၀ မှ ဂေါက်သီးရိုက် အားကစားသမား ၁၇၂ ဦး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ နံနက် ၆ နာရီတွင် ပြည်ထောင်စုဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ

**စာမျက်နှာ ၇ ကော်လံ ၃ သို့ ☆**



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (ယာပုံ) နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် (ဝဲပုံ)တို့ မီးလင်းဘောရိုက်၍ ပြည်ထောင်စုဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)



## မာတိကာ


လိုင်းကားလောက တိုးတက်စေလိုလျှင် မေတ္တာဖြင့် ပြုပြင်စေချင် — စာမျက်နှာ - ၆

စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ — စာမျက်နှာ - ၈

ဘိုင်ယန်မြူးနစ်လူငယ်ဖလား ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာနှင့် ထိုင်းပူးပေါင်းဝင်ရောက်ယှဉ်ပြိုင်မည် — စာမျက်နှာ - ၁၃


# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုစဉ်ကာလ လျှပ်စစ်ဓာတ်အား ၂၄ နာရီပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၂ ရက်မှ မတ် ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုမည့်ကာလအတွင်း ကျောင်းသားကျောင်းသူများ စာကျက်မှတ်မှု အဆင်ပြေစေရန်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုကို ၂၄ နာရီ မပြတ်တောက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားပေးထားသော မြို့များတွင်လည်း ညအချိန်တိုး၍ ဓာတ်အားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မကွေးနှင့်ဧယျာဝတီရွှေမြေ နိုင်ပွဲကိုယ်စီရရှိ

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

MNL Myanmar 2014 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**

**မကွေး - သုံးဂိုး**

(စိုးမင်းနိုင်၊ ဆာလာယာ၊ မန်ဆာ)

**ချင်း - နှစ်ဂိုး**

ကိတ်(ပင်နယ်တီ)၊ ချစ်စုမိုး

နှစ်သင်းစလုံးမှာ သုံးပွဲစီကစားထားပြီး တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားကြ၍ ယခုပွဲတွင် အနိုင်ရရန်ကြိုးစားခဲ့ကြသည်။ မကွေးအသင်းမှာ နိုင်ပွဲရရန် ရုန်းကန်ခဲ့ရသည်။ ချင်းအသင်း၏ ကြိုးစားအားထုတ်မှုကြောင့် အလွယ်တကူ အနိုင်မရခြင်းဖြစ်သည်။ မကွေးအသင်းမှာ ယခုနိုင်ပွဲကြောင့် ဒုတိယမြောက် နိုင်ပွဲရရှိခဲ့သည်။

မကွေးအသင်း၏ အနိုင်ဂိုးများကို မိနစ် ၂၀ တွင် စိုးမင်းနိုင်၊ ၄၇ မိနစ်တွင်

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ❒**




မကွေးနှင့် ချင်းယူနိုက်တက်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။







ကြေးမုံ Mirror
တနင်္ဂနွေ အထူး
SUNDAY SPECIAL
2014 FEBRUARY 23, SUNDAY

Rain Flower
Contact Us
09 73100890
09 73100891

PREMIER COFFEE

စီးပွားရေး

# မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အကူအညီ အထောက်အပံ့

**မြန်မာနိုင်ငံသည် နိုင်ငံတကာအကူအညီ အထောက်အပံ့များနှင့် အလှမ်းဝေးနေခဲ့သည်မှာ ၂၅ နှစ်ကျော်မျှရှိခဲ့ပြီ ဖြစ်ပါသည်။ ယခုအခါတွင် နိုင်ငံတကာမှ အကူအညီအထောက်အပံ့များ အလုံးအရင်းဖြင့် ဝင်ရောက်ရန် တာစူနေပြီ ဖြစ်ပါသည်။ အကူအညီများအနေဖြင့် ချေးငွေ (Loan)အဖြစ် လည်းကောင်း၊ ထောက်ပံ့ငွေ (Aid)အဖြစ် လည်းကောင်း၊ အကူအညီ (Grant) အသီးသီးဝင်ရောက်လာရာ ချေးငွေနှင့် ကူညီထောက်ပံ့ငွေတို့၏ ကွဲပြားခြားနားမှုကို နားလည်ရန် အလွန်အရေးကြီးပါသည်။**

tnw&vkif

ချေးငွေသည် ပြန်ဆပ်ရမည့် နှစ်ကာလရှိသည်။ ဆိုင်းငံ့ကာလရှိသည်။ သတ်မှတ်အတိုးပေးရမည်၊ အချိန်မီ ပြန်မဆပ်နိုင်ပါက ဒဏ်ငွေဆောင်ရသည်။ ထောက်ပံ့ငွေသည် ပြန်ဆပ်ရန်မလို၊ အတိုးမပေးရ၊ သို့သော် ဝန်ဆောင်မှုစရိတ်ရှိတတ်သည်။ အကူအညီငွေသည် အလှူငွေထည့်သည့်သဘောဖြစ်၍ ပြန်ဆပ်ရန်မလို၊ အတိုး/ဝန်ဆောင်မှုစရိတ်ပေးရန်မလို။ မည်သို့ပင်ဖြစ်စေကာမူ အဆိုပါ နိုင်ငံတကာ အကူအညီ အထောက်အပံ့များသည် စီးပွားရေးအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း၊ ဥပဒေရေးအရလည်းကောင်း အကူအညီအထောက်အပံ့ လက်ခံရယူမည့်နိုင်ငံအနေဖြင့် ပြောင်းလဲဖွင့်ဟပေးရမည် ဖြစ်ပါသည်။

ရရှိလာသော နိုင်ငံတကာအကူအညီအထောက်အပံ့များအား ရည်ရွယ်ချက်အတိုင်း အမှန်တကယ် ထိထိရောက်ရောက်သုံးနိုင်ရန်လည်း လိုအပ်ပါသည်။ အခြားနိုင်ငံများ၏ အတွေ့အကြုံအရ ရည်ရွယ်ချက်အတိုင်း အမှန်တကယ်အသုံးပြုခြင်း ရှိ၊ မရှိနှင့် ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်နိုင်ခြင်းရှိ၊ မရှိစိစစ်နိုင်ရန်မှာလည်း အလွန်အရေးကြီးပါသည်။

အဆိုပါချေးငွေနှင့် ထောက်ပံ့ငွေများရရှိရေးအတွက် အမျိုးသားစီးပွားရေးကို အကာအကွယ်ပေးထားသော ဥပဒေများအား ၎င်းတို့အကျိုးစီးပွားအလို့ငှာ ဖွင့်ပေးရခြင်း၊ အလွန်ဈေးကြီးသော နိုင်ငံတကာမှ ကျွမ်းကျင်သူ ပညာရှင်များ (Consultant Technician)အား ငှားရမ်းရခြင်း၊ သုံးစွဲရမည့် ပစ္စည်းများမှာ ကန့်သတ်မှုရှိခြင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ ထုတ်ကုန်ပစ္စည်းများအား ၎င်းတို့သတ်မှတ်ထားသော ဈေးနှုန်းများအတိုင်း ပေးရခြင်းများရှိသဖြင့် အဆိုပါ အကူအညီအထောက်အပံ့များကို မဟာဗျူဟာကျစွာသုံးစွဲရန် လိုအပ်ပါသည်။ နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် ငွေကြေးပမာဏကြီးမားပြီး စီမံကိန်းကာလကြာမြင့်သည့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ



တွင် ချေးငွေကို သုံးစွဲစေခြင်းဖြင့် ပိုမိုအကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ (ဥပမာအားဖြင့် တံတား၊ ဆေးရုံ၊ လေယာဉ်ကွင်း စသည်တို့ တည်ဆောက်ခြင်းများ)

မြန်မာနိုင်ငံအနေဖြင့် ကူညီထောက်ပံ့ငွေများ စီမံခန့်ခွဲရေးကော်မတီ(Aid Management Committee)ကို ဖွဲ့စည်းထားပြီးဖြစ်သည်ဟု ကြားသိရပါသည်။ အဆိုပါ ကော်မတီ၏ လုပ်ဆောင်နိုင်မှုများနှင့် မဟာဗျူဟာမြောက် ရည်မှန်းချက်များသည် ယခုကဲ့သို့အချိန်တွင် တိုင်းပြည်အတွက် အလွန်အရေးကြီးပါသည်။

အကယ်၍ ရရှိလာသော International Aids/Public Financing/PPP Financing များအား ပညာနှင့်ယှဉ် အသုံးချနိုင်ပါက မြန်မာနိုင်ငံသည် အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုရှိသည့် နိုင်ငံအဖြစ် ပြောင်းလဲသွားနိုင်မည် ဖြစ်ပါသည်။ အမှန်တကယ်တတ်မြောက်သော၊ အတွေ့အကြုံရှိသော၊ ပညာရှင်ဆန်သော စီးပွားရေးပညာရှင်များ မြန်မာနိုင်ငံတွင်ရှိသော်လည်း ထိုပုဂ္ဂိုလ်များအား အသုံးချမှု အားနည်းနေသည်ကိုလည်း တွေ့ရှိရပါသည်။

စာမျက်နှာ ၂၂ သို့ »»

## အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး မြန်မာနိုင်ငံတွင် စတင်

atOrfjpH

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများကြား လွတ်လပ်စွာကုန်သွယ်မှုပြုနိုင်ရေးအတွက်ရည်ရွယ်သော (၂၅) ကြိမ်မြောက် အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်လုပ်ငန်းစဉ်များအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်က ရန်ကုန်မြို့တွင် စတင်ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် လင်ပေါင်ဟင်းနှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထိပ်တန်းအရာရှိများတက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ၂၀၁၅ ခုနှစ်အလွန် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် အဓိကထားဆွေးနွေးခဲ့ကြကြောင်းနှင့် ၂၀၁၅ ခုနှစ်နောက်ပိုင်း အာဆီယံစီးပွားရေးအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်နိုင်ရေးအတွက် ဆွေးနွေးအဖြေရှာခဲ့ကြကြောင်း၊ မိမိတို့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများမှာ ၈၆ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီ ဖြစ်ကြောင်း ဒေါက်တာစန်းလွင်က ပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ယခုလောလောဆယ် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိနေကြပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အာဆီယံနိုင်ငံများကြား တစ်ခုတည်းသောဈေးကွက်နှင့် ကုန်ထုတ်ပစ္စည်းများကိုအခြေခံ၍ ကုန်စည်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျွမ်းကျင်လုပ်သားများ လွယ်ကူစွာ ကူးသန်းသွားလာစီးဆင်းနိုင်စေရန် ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။

PUN HLAING HOSPITAL
Endoscopic Sinus Surgery
ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၂ ရက်နေ့အထိ
Email : enquiry.phhespa.com.mm

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နိုင်ငံတကာကင်ဆာရောဂါသုတေသနအေဂျင်စီ (International Agency for Research on Cancer -IARC)က ကင်ဆာရောဂါကြောင့် သေဆုံးရတဲ့လူဦးရေဟာ ၂၀၁၂ ခုနှစ်မှာ ၈ ဒသမ ၂ သန်းရှိပြီး ယမန်နှစ်ကထက် ၈ ရာခိုင်နှုန်းတိုးလာတယ်လို့ဆိုပါတယ်။ ရင်သားကင်ဆာကြောင့် သေဆုံးရမှုနှုန်းဟာလည်း ၁၄ ရာခိုင်နှုန်းတိုးလာပြီး အရေအတွက်အားဖြင့် ငါးသိန်းနှစ်သောင်းကျော်ရှိတယ်လို့ ဆိုပါတယ်။ IARC အဖွဲ့ကြီးရဲ့ထုတ်ပြန်ချက်အရ ၂၀၀၈ ခုနှစ်က ကင်ဆာရောဂါခံစားရသူ ၁၂ ဒသမ ၇ သန်းသာရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ ၁၄ ဒသမ ၁ သန်းကျော်ရှိခဲ့တယ်လို့ဆိုပါတယ်။ ဒီအထဲမှာ အမျိုးသမီး ၁ ဒသမ ၇ သန်းဟာ ရင်သားကင်ဆာဖြစ်ခဲ့ကြပြီး ၂၀၀၈ ခုနှစ်ထက် ၂၀ ရာခိုင်နှုန်းတိုးခဲ့တယ်လို့ဆိုပါတယ်။

Globocan 2012 လို့ အမည်ပေးထားတဲ့ IARC ရဲ့ ၂၀၁၂ Report မှာ နိုင်ငံပေါင်း ၁၈၄ နိုင်ငံက ကင်ဆာရောဂါပေါင်း ၂၈ မျိုးဖြစ်ပွားမှုကို မှတ်တမ်းပြုထားတာဖြစ်ပါတယ်။ ဒီအထဲမှာ ယောကျ်ား/မိန်းမနှစ်မျိုးစလုံးမှာ အဖြစ်အများဆုံး ကင်ဆာတွေကတော့ အဆုတ်၊ ရင်သားနှင့်အူမကြီးကင်ဆာတွေဖြစ်ပြီး သေဆုံးမှုအများဆုံးကင်ဆာတွေကတော့ အဆုတ်၊ အသည်းနှင့် အစာအိမ်ကင်ဆာတို့ပဲဖြစ်တယ်လို့ ဆိုထားပါတယ်။ သူတို့အဆိုအရ ၂၀၂၅ မှာ ကင်ဆာဝေဒနာရှင် ၁၉ ဒသမ ၃ သန်းထိတက်လာနိုင်တယ်လို့ ခန့်မှန်းထားကြောင်းတင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ သတင်းကတော့ လူတွေမှာအဖြစ်အများဆုံး မျက်စိရောဂါတစ်ခုဖြစ်တဲ့ အတွင်းတိမ်ရောဂါကို ကာကွယ်နိုင်တဲ့နည်းလမ်းတစ်ခုကို ဆွီဒင်နိုင်ငံမှ ဆေးပညာရှင်တွေကတွေ့ရှိခဲ့တာဖြစ်ပါတယ်။ အစားအစာတွေထဲမှာရော ဆေးဝါးအနေနဲ့ပါရှိနေတဲ့ Antioxidant တွေဟာ လူတွေရဲ့အတွင်းတိမ်(Cataract) ဖြစ်နိုင်မှုကို ကာကွယ်နိုင်တယ်လို့ဆိုပါတယ်။ ဒီလေ့လာချက်ကို ဆွီဒင်နိုင်ငံ Karolinska Institute Environmental Medicine ဌာနမှ ဆေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အသက်(၄၉)နှစ်နှင့်အထက် အမျိုးသမီးပေါင်း သုံးသောင်းကို ခုနစ်နှစ်ကြာလေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုလေ့လာတဲ့အခါ အစားအစာထဲမှာ Antioxidant များများစားတဲ့အုပ်စုမှာ လူ ၇၀၀ ခန့်သာအတွင်းတိမ်ဖြစ်တာတွေ့ရပြီး Antioxidant အနည်းငယ်သာ စားသောက်တဲ့အုပ်စုမှာ ၉၅၀ ခန့် အတွင်းတိမ်ဖြစ်တာကိုတွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် Antioxidant ဟာ Cataract ဖြစ်စေနိုင်မှုမှာ အနည်းဆုံး ၁၃ ရာခိုင်နှုန်းလျှော့ချနိုင်တယ်လို့ဆိုပါတယ်။ Antioxidant များများပါတဲ့ အစားအစာတွေကတော့ လက်ဖက်ရည်၊ ကော်ဖီ၊ လိမ္မော်သီး၊ အစေ့၊ အဆန်တွေနဲ့ အမျှင်ဓာတ်များများပါတဲ့ အသီးအနှံတွေဆိုတာ တင်ပြလိုက်ရပါတယ်။

# ဆေးပညာသတင်းဆန်းများ (၅၈)

a'|ufvmu FIEt

အဝလွန်တဲ့ အမျိုးသမီးတွေမှာ ရင်သားကင်ဆာပိုဖြစ်နိုင်တယ်ဆိုတာ အရင်တုန်းက လေ့လာချက်တွေမှာတွေ့ခဲ့ပြီးပါပြီ။ ဒါပေမယ့် ဘာအကြောင်းကြောင့်ဆိုတာ တိတိကျကျမသိနိုင်ခဲ့ပါဘူး။ အခုတော့ ဒီအချက်ကို အမေရိကန်နိုင်ငံ Duke University မှ ဆေးပညာရှင်အဖွဲ့က ဖော်ထုတ်နိုင်ခဲ့ပါပြီ။ သူတို့တွေ့ရှိချက်အရ သွေးထဲမှာရှိနေတဲ့ Cholestrol ဓာတ်ကိုခြေဖျက်ပြီး ထွက်လာတဲ့ molecule တစ်ခုဟာ Oestrogen Hormone ဓာတ်နဲ့ အသွင်သဏ္ဍာန်တူနေပြီး ဒီ molecule ဟာ ရင်သားကင်ဆာဖြစ်ခြင်းကို မီးမွှေးသလိုဖြစ်တာကြောင့် အခုလို ဝနေတဲ့ အမျိုးသမီးတွေဟာ Cholestrol ဓာတ်များတဲ့ အမျိုးသမီးတွေမှာ ရင်သားကင်ဆာပိုဖြစ်ရတာလို့ ထောက်ပြထားပါတယ်။

**အဝလွန်တဲ့ အမျိုးသမီးတွေမှာ ရင်သားကင်ဆာပိုဖြစ်နိုင်တယ်ဆိုတာ အရင်တုန်းက လေ့လာချက်တွေမှာတွေ့ခဲ့ပြီးပါပြီ။ ဒါပေမယ့်ဘာအကြောင်းကြောင့်ဆိုတာ တိတိကျကျမသိနိုင်ခဲ့ပါဘူး။ အခုတော့ ဒီအချက်ကို အမေရိကန်နိုင်ငံ *Duke University* မှ ဆေးပညာရှင်အဖွဲ့က ဖော်ထုတ်နိုင်ခဲ့ပါပြီ။**

ဒီ molecule ကို 27 HC လို့ အမည်ပေးထားပြီး အရှည်အားဖြင့် 27 Hydroxy Cholestrol လို့ခေါ်တယ်။ ဒါကြောင့် ရင်သားကင်ဆာသံသယဖြစ်သူတိုင်း သွေးထဲက Cholestrol ဓာတ်ကို စမ်းသပ်ခြင်းနှင့် လိုအပ်ပါက Cholestrol ကျစေတဲ့ ဆေးတွေကိုပါ အသုံးပြုသင့်ကြောင်း အကြံပြု ထားပါတယ်။ ဒ့ါအပြင် ဒီ Cholestrol ဓာတ်ဟာ တခြားကင်ဆာရောဂါတွေပေါ်မှာရော ဘယ်လိုအကျိုးသက်ရောက်တယ်ဆိုတာ စမ်းသပ်ရဦးမှာဖြစ်တယ်လို့ အမေရိကန်နိုင်ငံထုတ် Science ဂျာနယ်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

အမေရိကန်နိုင်ငံက လေ့လာချက်နှစ်ခုမှာတော့ AIDS ရောဂါနဲ့ပတ်သက်ပြီး ယခင်က မတွေ့ခဲ့ရသေးတဲ့ လျှို့ဝှက်ချက်နှစ်ခုကို တွေ့ခဲ့ကြပါတယ်။ ဒါကတော့ HIV ပိုးကိုယ်ခန္ဓာထဲကိုဝင်လာတာနဲ့ ခန္ဓာကိုယ်ထဲက ကိုယ်ခံအား Cells တွေ ဘယ်လိုအတိုက်ခိုက်ခံရသလဲဆိုတဲ့အချက်ဖြစ်ပါတယ်။ HIV ပိုးတွေဟာ ခန္ဓာကိုယ်ထဲရောက်တာနဲ့ ကိုယ်ခံအား Cells တွေဖြစ်တဲ့ CD4 T Cells တွေကို စတင်တိုက်ခိုက်တော့တာပါပဲ။ ဒါပေမယ့် ဒီ T Cells တွေ မသေခင်၊အဖျက်ဆီးမခံရခင်မှာ ကိုယ်ခန္ဓာထဲမှာ Immune Respone တစ်ခုပေါ်လာပြီး ဒီပေါ်လာတဲ့ Reaction ကြောင့်သာ CD4 T Cells တွေ သေခဲ့ရတာလို့ ဆိုပါတယ်။ ဒီလို ကိုယ်ခန္ဓာမှာ သူ့အလိုလို ဖြစ်လာတဲ့ Reaction နဲ့ Cells တွေ ပျက်စီးရတာကို Pyroptosis လို့ ဆေးပညာအရ ခေါ်ဝေါ်တယ်လို့ ဖော်ပြထားပါတယ်။ ဒီအကြောင်းကို ဆန်ဖရန်စစ္စကို Glastone Institute မှ သိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပြီး အမေရိကန်နိုင်ငံထုတ် Science and Nature ဂျာနယ်မှာ ဖော်ပြထားတာပါ။ ဒီအချက်က အမှန်တကယ်ဆိုရင် AIDS ရောဂါကုသရေးမှာ အရောင်လျှော့ဆေး Anti Inflammatory Drug တစ်ခုပါ ပါဝင်လာနိုင်တယ်လို့ထောက်ပြထားတာကို တင်ပြလိုက်ရပါတယ်။

ရောဂါတွေကလည်း ဆန်းပြားလာပါတယ်။ အလိုလိုနေရင်း ကြွက်သားအားအင်တွေ ယုတ်လျော့လာတဲ့ ထူးဆန်းတဲ့ရောဂါတစ်ခုအကြောင်းကိုလည်း တင်ပြချင်ပါတယ်။ ဒါပေမယ့် လူတစ်သန်းမှာ ၇၂ ဦးလောက်သာဖြစ်နိုင်တဲ့ရောဂါကြောင့် တော်ပါသေးတယ်။ ဒီရောဂါနာမည်ကတော့ (Sporadic Inclusion Body Myositis, SIBM)လို့ ခေါ်ပါတယ်။ ရောဂါလက္ခဏာကတော့ အလိုလိုနေရင်း ပေါင်ကကြွက်သားတွေ အားပျော့လာပြီး ကိုယ့်ဟာကိုယ် မရပ်နိုင်၊ လက်နဲ့အားယူပြီး ရပ်နေတာက တဖြည်းဖြည်း လက်က ကြွက်သားတွေကိုပါ ထိခိုက်လာပြီး အလိုလို ရပ်နိုင်ဖို့ လက်ကိုပါ အားကိုးမရဖြစ်တတ်တဲ့ရောဂါပါ။ ပစ္စည်းတစ်ခုကျသွားလို့ ကောက်မယ်ဆိုရင်တောင် လက်ကညှပ်ယူလို့မရနိုင်ဖြစ်တတ်ပါတယ်။ ဒါရောဂါရဲ့ဖြစ်ရတဲ့ အကြောင်းကို တိတိကျကျ မသိရသေးပေမယ့် တချို့ပြင်းထန်တဲ့ ကင်ဆာဝေဒနာရှင်တွေမှာ တွေ့ရတတ်တာပါ။ ဒီရှားပါးပြီးဖြစ်ခဲတဲ့ ရောဂါတစ်မျိုးကို ကုသနိုင်ဖို့ Swiss နိုင်ငံက ဆေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Novartisc ကုမ္ပဏီက ကြိုးစားခဲ့တာ အခုတော့ အောင်မြင်ပြီလို့ သိရပါတယ်။ သူတို့ဆေးနာမည်ကတော့ Bimagrumab လို့ခေါ်ပြီး အမှတ်အသားအနေနဲ့ BYM 338 လို့ အမည်ပေးထားပါတယ်။ ဒီဆေးပေါ်လာတာကြောင့် ဒီရှားပါးတဲ့ ကြွက်သားအားပျော့သွားရတဲ့ ဝေဒနာရှင်တွေအတွက် အားတက်စရာသတင်းတစ်ခုအဖြစ် ဖော်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကုသရခက်ခဲတဲ့ ရင်သားကင်ဆာတစ်မျိုးဖြစ်တဲ့ အရပ်အခေါ် Triple Negative Breast Cancer ခေါ်တဲ့ ငယ်ရွယ်သူတွေမှာဖြစ်တတ်ပြီး အသက်ရှည်ဖို့ အခွင့်အလမ်းနည်းတဲ့ ကင်ဆာရောဂါတစ်မျိုးအတွက် စိတ်ချရတဲ့ ဆေးတစ်ခုဟာ အောင်မြင်တဲ့အဆင့်ကို ရောက်နေပြီဆိုတဲ့သတင်းပါ။ ဒီဆေးကို မခွဲစိတ်ခင်ပေးထားပြီးမှ ခွဲစိတ်ကုသမှုပြုလုပ်ရင် ခွဲပြီးဓာတ်ကင်ခြင်း (Radiotherapy)၊ ဆေးသွင်းကုသခြင်း(Chemotherapy)တို့ ပြုလုပ်တာထက် ပိုမိုကောင်းမွန်ကြောင်းတွေ့ရတယ်လို့ဆိုပါတယ်။ ဒီဆေးကို Abb-Vic ကုမ္ပဏီကထုတ်လုပ်ခဲ့တာဖြစ်ပြီး ဆေးနာမည်ကတော့ Veliparib လို့ခေါ်ပါတယ်။ ငယ်ရွယ်သူတွေမှာပိုဖြစ်တတ်တဲ့ ရင်သားကင်ဆာအတွက် ဆေးအသစ်တစ်ခုပေါ်လာတာကို ဝမ်းသာစရာသတင်းအဖြစ် ဖော်ပြလိုက်ရပါတယ်။

အဝလွန်ရောဂါနှင့်ပတ်သက်တဲ့ Gene အသစ်တစ်ခုကို ရှာတွေ့ကြောင်းရှန်ဟဲမြို့ Ruijin ဆေးရုံကဆရာဝန်တစ်စုက ကြေညာလိုက်ပါတယ်။ သူတို့ဟာ ၂၀၁၄ ခုနှစ်ကစပြီး အသက်(၃၀) အောက်အဝလွန်နေသူ ၁၀၀၀ ကျော်ခန့်ကို လေ့လာပြီး တွေ့ရှိခဲ့တာလို့ဆိုပါတယ်။ သူတို့အခေါ် LGR 4 လို့အမည်ပေးထားတဲ့ Gene ဟာအဝလွန်သူတွေနဲ့တိုက်ရိုက်သက်ဆိုင်နေပြီး ဒီ Gene မျိုးရှိနေသူတွေဟာ မရှိသူတွေထက် အဝလွန်ဖို့နှစ်ဆပိုများနေတယ်လို့ဆိုပါတယ်။ ဒီတွေ့ရှိချက်ဟာ ယခင်က ရှိခဲ့ဖူးတဲ့ဥရောပသိပ္ပံပညာရှင်တွေတွေ့ရှိခဲ့တာနဲ့လည်း တူညီနေတယ်လို့ဆိုပါတယ်။ ဒီလေ့လာမှုကို လူတွေမှာမလုပ်ခင် ကြွက်တွေရဲ့ ကိုယ်ခန္ဓာထဲမှာ ဒီ LGR 4 Gene ကိုအစွမ်းမထက်အောင် ပြုလုပ်ထားပြီး ကြွက်တွေကို အဝလွန်နိုင်မယ့်အစားအစာတွေကို ကျွေးပြီးစမ်းသပ်တဲ့အခါ အဝလွန်တာကို မတွေ့ရဘူးလို့ဆိုပါတယ်။ ဒါကြောင့် ငယ်ရွယ်သူတွေအဝလွန်ရောဂါကို ကာကွယ်နိုင်ဖို့ကုထုံးကို မကြာခင်ရှာနိုင်တော့မယ်ဆိုတာကို သိရကြောင်း တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

## မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကူအညီ အထောက်အပံ့

»»ရွှေဖုံးမှ

မြန်မာနိုင်ငံအနေဖြင့် ယခုအခါ ကြွေးမြီကဏ္ဍတွင် အလွန်ကောင်းမွန်သော အခြေအနေတွင်ရရှိနေပါသည်။ ဥရောပမှ အချို့နိုင်ငံများအပါအဝင် အခြားနိုင်ငံများသည် နှစ်ပေါင်းများစွာ တင်ကျန်ခဲ့သော ကြွေးမြီများနှင့် အတိုးများအား ပြန်လည်ပေးဆပ်ရန် ရုန်းကန်ကြိုးစားနေရသောအခါတွင် မြန်မာနိုင်ငံသည် ဂျပန်နှင့်ဒိန်းမတ်၊ ဂျာမနီ အပါအဝင် ဥရောပနိုင်ငံတို့မှကြွေးမြီကို ချေလိုက်သောကြောင့် နိုင်ငံတကာ ကြွေးမြီများမရှိသလောက် လျော့နည်းသွားပြီဖြစ်ပါသည်။

ချေးငွေချေးယူစဉ် နိုင်ငံတစ်ဝန်းစိတ်ဝင်စားစရာ၊ အားရဂုဏ်ယူစရာဖြစ်စေခဲ့သည့်နည်းတူ ထိုချေးငွေများအား မည်ကဲ့သို့အသုံးချရမည်၊ မည်သည့်နေရာတွင် သုံးမည်၊ မည်ကဲ့သို့ ပြန်လည်ဆပ်ရမည်ဟူသောအချက်များကိုပါ တိုင်းပြည်အား ပွင့်လင်းမြင်သာစွာ ချပြနိုင်ရန်လည်း အလွန်အရေးကြီးပါသည်။ ဥပမာဆိုရလျှင် ဖိလစ်ပိုင်သည် ဂျပန်ထံမှ ချေးငွေယူစဉ်က တစ်ဒေါ်လာကို ၂၅၀ ယန်းပေါက်ခဲ့သော်လည်း ပြန်ဆပ်သောအခါ တစ်ဒေါ်လာကို ယန်း ၁၀၀ သာပေါက်ခဲ့သောကြောင့် ငွေလဲနှုန်းကွာဟမှုအတွက် ဒုက္ခကြီးစွာရောက်ကာ အကြွေးပင်လယ်ထဲ မျောသလိုဖြစ်ခဲ့ရသည်ကို သတိမူသင့်ပါသည်။

IMF/IFC/ADB/WB ကဲ့သို့သော အဖွဲ့အစည်းများက ပြည်ပရင်းနှီးသူများ အကြိုက်တွေ့ရေးအတွက် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများအား အတိုင်းအဆ၊ အကန့်အသတ်မရှိဖွင့်ပေးရအောင် တွန်းအားပေးသောကြောင့် နောက်ဆုံးတွင် ဖွင့်ပေးရတော့မည် ဖြစ်ပါသည်။ ထိုအကျိုးဆက်ကြောင့် နိုင်ငံ၏အနာဂတ်ကို များစွာထိခိုက်စေမည်ဆိုသည်ကို မဖြစ်မနေထည့်သွင်း စဉ်းစားကြရပါမည်။

အလုံးစုံဖွင့်ပေးပြီးမှသာ ပြန်ပိတ်ခြင်းထက် တဖြည်းဖြည်းလိုအပ်သလောက်သာ ဖွင့်ပေးခြင်းက နိုင်ငံတကာတွင် စီးပွားရေးအရ အရှက်တကွဲဖြစ်စေမည့်အရေးက ကာကွယ်နိုင်ပါသည်။ အထူးသဖြင့် နိုင်ငံခြားအကူအညီများယူသည့်နေရာတွင် အမေရိကန်နိုင်ငံ၌ ပြောလေ့ရှိသည့် There is no free lunch ဆိုသည့်စကားကို မျက်ခြည်မပြတ်ရန်လိုပါသည်။ အကူအညီအထောက်အပံ့အများစုမှာ ချေးငွေများသာဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ငွေဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားရေးမူဝါဒအဖြစ်သော် လည်းကောင်း၊ အထူးအခွင့်အရေးများဖြင့်သော် လည်းကောင်း မလွဲမသွေ ပြန်လည်ပေးဆပ်ရလိမ့်မည်ဆိုသည်ကို သတိပြုကြရပါမည်။

အမေးရှိလျှင်အဖြေရှိမည်၊ ပြဿနာရှိလျှင် ကောင်းမွန်သော ဖြေရှင်းနည်းရှိသည်ဟု ယုံကြည်ပါသည်။ အနာဂတ်မြန်မာနိုင်ငံ၏ အကျိုးကျေးဇူးကိုရှေးရှုလျက် အလွှာပေါင်းစုံပူးပေါင်းကာ အမျိုးသားရေးစိတ်ဓာတ်ဖြင့် လုပ်ဆောင်နိုင်ပါမှ တော်ကာကြပေမည် ဖြစ်ပါသည်။

■



ဧရာဝတီတိုင်းဒေသကြီး

# သတင်းမီဒီယာများဖွံ့ဖြိုးရေးသင်တန်း ပုသိမ်မြို့၌ ဖွင့်လှစ်

**ပုသိမ် ဖေဖော်ဝါရီ ၂၂** - မြန်မာနိုင်ငံ၌ ပြည်တွင်း သတင်းမီဒီယာဖွံ့ဖြိုးမှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိစေရန်ရည်ရွယ်၍ ဆွီဒင်နိုင်ငံ သတင်းစာပညာ သင်ကြားရေးတက္ကသိုလ်ဌာနတစ်ခုဖြစ်သော Fojo Media Institute မှ သင်တန်းဆရာမ Fion Barton နှင့် ပြည်တွင်းသင်တန်းအကူ ဆရာဦးမြင့်ကျော်၊ ဆရာမဒေါ်အေးအေးဇင်တို့အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်များမှ သတင်းမီဒီယာများ၊ ရေဒီယို၊ တီဗွီသတင်းဌာနများသို့ သတင်းများ ရေးသားပေးပို့လျက်ရှိသော သတင်းမီဒီယာများအား ရက်တိုသင်တန်းများ လှည့်လည်၍ ဖွင့်လှစ်ပေးလျက်ရှိရာ အမှတ်စဉ်(၁) သင်တန်းကို ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ ခုမှ သတင်းမီဒီယာသမား ၂၆ ဦးတို့ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ပုသိမ်မြို့ အမှတ်(၄) နယ်မြေ မင်းကြီးလမ်း ကရုဏာဖောင် ဒေးရှင်းခန်းမ၌ဖွင့်လှစ်သင်ကြားခဲ့သည်။ **(အပေါ်ပုံ)** **[ပုသိမ်လှကြည်]**



မကွေးတိုင်းဒေသကြီး

## မင်းတုန်းမြို့နယ် ရပ်ကွက်လမ်းများ ကတ္တရာထပ်ပိုးလွှာခင်း

**မင်းတုန်း ဖေဖော်ဝါရီ ၂၂** - မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စတုတ္ထ သုံးလပတ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၂၈၉၅၀၀၀ ကျပ် အကုန်အကျခံ၍ လမ်းအကျယ် ၁၂ ပေ၊ အရှည်ပေ ၃၄၀ ရှိ အမှတ်(၂)ရပ်ကွက် ရုံးလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ အမှတ် (၂)ရပ်ကွက် ရုံးလမ်းသည် ယခင်က ပြည်သူများ အသုံးပြုမှုများလာခြင်းနှင့် ရေတိုက်စားမှုများခြင်းကြောင့် ပျက်စီးနေသဖြင့် ယခုနှစ်အတွင်း ကတ္တရာထပ်ပိုးလွှာခင်းပေးခြင်းဖြင့် ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ သွားလာမှုလွယ်ကူ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**[သူရထွန်း-မကွေး]**



တနင်္သာရီတိုင်းဒေသကြီး

## ရေဖြူမြို့နယ်၌ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်

**ရေဖြူ ဖေဖော်ဝါရီ ၂၂** - တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်ရှိ ပြည်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့ပေါ်ရပ်ကွက်လမ်းများ၊ ဈေးများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှကြီးကြပ်၍ လမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရေဖြူမြို့ (ခ)ရပ်ကွက် ဆေးရုံလမ်းတစ်လျှောက် အရှည်ပေ ၁၃၄၀ ထပ်ပိုးလွှာကတ္တရာလမ်းခင်းခြင်းအတွက် ကျပ် ၁၇၅ ဒသမ ၅ သိန်း၊ (ခ)ရပ်ကွက် သန္တာလမ်း အရှည်ပေ ၇၀၀ ထပ်ပိုးလွှာကတ္တရာလမ်းခင်းခြင်းအတွက် ကျပ်သိန်း ၁၀၀၊ (က)ရပ်ကွက် အနောက်ဘက်ကမ်းဈေးအဟောင်းကိုဖျက်၍ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ် ၂၁၅ သိန်း၊ (က)ရပ်ကွက် ကညင်ကောက်လမ်း ပေ ၉၆၀ အတွက် ကတ္တရာခင်းခြင်း ကျပ် ၁၂၅ ဒသမ ၃ သိန်း၊ ဆေးရုံလမ်း ပလက်ဖောင်းပြုလုပ်ခြင်း ပေ ၁၆၅၀ အတွက် ကျပ်သိန်း ၁၆၀ စုစုပေါင်း ၇၆၅ ဒသမ ၈ သိန်းခွင့်ပြုငွေဖြင့် အချိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **[မြို့နယ်ပြန်/ဆက်]**






ကရင်ပြည်နယ်

## ကော့ကရိတ်မြို့တွင် မော်တော်ဆိုင်ကယ်လိုင်စင်များ ပြုလုပ်ပေး

**ကော့ကရိတ် ဖေဖော်ဝါရီ ၂၂** - ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်၍ ဇူလိုင်လအထိ ရက်ပေါင်း ၉၀ကြာ(One Stop Service) ဖြင့် မြို့နယ်ခန်းမတွင် မော်တော်ဆိုင်ကယ်လိုင်စင်များ ပြုလုပ်ပေးလျက်ရှိသည်။ **(အောက်ယာပုံ)**

အဆိုပါလုပ်ငန်းတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့မှ တစ်နေရာတည်း ပူးပေါင်း၍ နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၇ ရက်က အစီး ၂၀ ခန့်နှင့် ၁၈ ရက်တွင် ၁၀ စီးခန့်သာ လိုင်စင်လာရောက်ပြုလုပ်သည်ကို တွေ့ရှိရသည်။ ရက် ၉၀ ကြာ ပြုလုပ်ပေးမည်ဖြစ်၍ အချို့ဆိုင်ကယ်ပိုင်ရှင်များသည် အခြေအနေကို စောင့်ကြည့်အကဲခတ်လျက်ရှိပြီး CLF တန်ဖိုးမှာ အမှန်တကယ်ဝယ်ယူရသော ပေါက်ဈေးထက် အနည်းငယ်မြင့်မားနေသဖြင့် အကောက်ခွန်၊ ကုန်သွယ်ခွန် ငါးရာခိုင်နှုန်းသည် မများသော်လည်း သတ်မှတ်တန်ဖိုးမြင့်သဖြင့် လိုင်စင်ကြေး အနည်းငယ်များနေကြောင်း ဆိုင်ကယ်ပိုင်ရှင်တစ်ဦးက ဆိုသည်။ **[တင်ဝင်းလှိုင်-ကော့ကရိတ်]**



# လျှပ်စစ်ဥပဒေကြမ်း

**လျှပ်စစ်ဥပဒေကြမ်း**
**၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (    )**
**၁၃၇၅ ခုနှစ်၊ လ ရက်**
**(၂၀၁၄ ခုနှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လျှပ်စစ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လျှပ်စစ်ဓာတ်အား**ဆိုသည်မှာ စွမ်းအင်အရင်းအမြစ် တစ်မျိုးမျိုးကို အသုံးပြု၍ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကိုဆိုသည်။

(ခ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆိုသည်။

(ဂ) **လျှပ်စစ်ဆိုင်ရာ**လုပ်ပိုင်ခွင့်ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်သည့် လုပ်ပိုင်ခွင့်ကို ဆိုသည်။

(ဃ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရန်၊ ဆောင်ရွက်ခွင့်ပြုရန် အခွင့်အာဏာရှိသော အဖွဲ့အစည်းများက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(င) **ဓာတ်အားပို့လွှတ်ရေးစနစ်** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် ပင်ရင်းမှ ပင်မဓာတ်အားခွဲရုံသို့လည်းကောင်း၊ ပင်မဓာတ်အားခွဲရုံ အချင်းချင်းသို့လည်းကောင်း ဓာတ်အားလိုင်းကြိုးများ၊ တာဝါတိုင်များ၊ ကွန်ကရစ်တိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဓာတ်အားပို့လွှတ်သည့်စနစ်ကို ဆိုသည်။

(စ) **လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်း** ဆိုသည်မှာပြည်တွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံ တစ်ခုခုနှင့်ဖြစ်စေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း ကိစ္စရပ်များအတွက် ငွေပေးငွေယူပြုလုပ်ခြင်းနှင့် အခကြေး ငွေရယူဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဆ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း** ဆိုသည်မှာ သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးနှင့်ကြိမ်နှုန်းရှိသော လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်များနှင့် အညီ ရယူအသုံးပြုခြင်းကို ဆိုသည်။

(ဇ) **လျှပ်စစ်ဓာတ်အားစနစ်**

(၁) **မဟာဓာတ်အားလိုင်းစနစ်**ဆိုသည်မှာ အဓိကလျှပ်စစ် ဓာတ်အားပေး စက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်း များ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်း များကို ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်နေသော တစ်နိုင်ငံလုံးနှင့် ဆိုင်သော စနစ်ကိုဆို သည်။

(၂) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ရုံ၊ ဓာတ်အားခွဲရုံတို့မှ ဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်းတိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသည့် စနစ်ကို ဆိုသည်။

(၃) **ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်** ဆိုသည်မှာ မဟာဓာတ်အား လိုင်းနှင့် ဆက်သွယ်မှုမရှိသော ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အား စနစ်ကို ဆိုသည်။

(ဈ) **လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်း များကို ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော နယ်နိမိတ်ကို ဆို သည်။

(ည) **လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေ** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားလိုင်းတစ် လျှောက် လျှပ်စစ်အန္တရာယ် ကင်းရှင်းရန် ဤဥပဒေ၊ နည်းဥပဒေများအရ သတ်မှတ်ထားသော အကွာအဝေးအတွင်းရှိ နယ်မြေကို ဆိုသည်။

(ဋ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားနှင့် စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ ရောင်းဝယ်ခြင်းနှင့် ဓာတ်အားစနစ် ကွပ်ကဲ ခြင်းလုပ်ငန်းတို့မှအပ အခြားလျှပ်စစ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေး ခြင်းကို ဆိုသည်။

(ဌ) **လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုသော လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကိရိယာ တန်ဆာပလာများ၊ ဓာတ်အားလိုင်းများနှင့် လျှပ်စစ်တိုင်းတာရေး ကိရိယာများအား သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

(ဍ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ် သော ဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဏ) **လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့** ဆိုသည်မှာ သတ်မှတ်ထားသော လျှပ်စစ် ဓာတ်အားပေးရေး နယ်နိမိတ်တွင် လျှပ်စစ်ဓာတ်အားလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(တ) **လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဆိုသည်မှာ** လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ တစ်ခုခုနှင့် ပြည်တွင်း ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်တို့ အစုစပ်လုပ်ငန်းအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတည်ထောင် ထားသော လုပ်ငန်းကိုဆိုသည်။

(ထ) **ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သူ**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ကို တည်ဆဲဥပဒေများနှင့်အညီ ရယူပြီး လျှပ်စစ်ဓာတ် အား ထုတ်လုပ်ရောင်းချသူကို ဆိုသည်။

(ဒ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူ**ဆိုသည်မှာ တည်ဆဲဥပဒေများနှင့်အညီ လျှပ်စစ်ဓာတ်အားရယူသုံးစွဲသူကို ဆိုသည်။

(ဓ) **အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ် ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(န) **အလတ်စားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၁၀ မဂ္ဂါဝပ် အထက်မှ ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ပ) **အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၃၀မဂ္ဂါဝပ်အထက် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဖ) **စစ်ဆေးရေးမှူးချုပ်** ဆိုသည်မှာ ဤဥပဒေပါ စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ် တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကို ဆိုသည်။

(ဗ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်း များ လုပ်ကိုင်ရန် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးထားသော ကျွမ်းကျင် ကြောင်း လက်မှတ်ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အစိုးရ၏ လက်ရှိစီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့်အညီ စနစ်တကျစီမံခန့်ခွဲ ခြင်းဖြင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရန်။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ကျင့်သုံးလျက် ရှိသော မူဝါဒများနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် အများ ပြည်သူတို့ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်အန္တရာယ် ကင်းရှင်း စေရေး ကြိုတင်ကာကွယ်ရန်နှင့် ထိရောက်သည့် ပြစ်ဒဏ်ပေးမှုများနှင့် တိကျသော နည်းဥပဒေများ ကျင့်သုံးနိုင်ရန်။

(ဃ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ပိုမို ပါဝင်လာစေရန်။

(င) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ခေတ်စနစ်နှင့် ညီညွတ်သော လျှပ်စစ်ဓာတ်အားခနှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် လျှပ်စစ် ဓာတ်အားကဏ္ဍ၏ မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော် သော နည်းဥပဒေစည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရန်။

(စ) မြန်မာနိုင်ငံက အတည်ပြု လက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့်အညီ လေးစားလိုက်နာ ဆောင်ရွက်မှု ရှိစေရန်။

## အခန်း(၃)
## လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှု ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ထိရောက် အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးအား ဦးဆောင်စေ လျက် နည်းပညာကျွမ်းကျင်သူများ၊ အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အဖွဲ့ဝင် ၅ ဦး မှ ၇ ဦးအထိ ပါဝင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင် (Electricity Regulatory Commission)ကို ဖွဲ့စည်းပေးရမည်။

၅။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားလျှပ်စစ်စွမ်းအားမူဝါဒ (National Electricity Policy) ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင် ပြုစု ရေးဆွဲခြင်း။

(ခ) ခေတ်စနစ်နှင့် ညီညွတ်သော လျှပ်စစ်ဓာတ်အားခနှုန်းထားများ သတ်မှတ် နိုင်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားခမူဝါဒ (Electricity Tariff Policy) ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြုစု တင်ပြခြင်း ။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများအား လိုအပ်သလို အကြံပေးခြင်း။

(ဃ) လျှပ်စစ်ကဏ္ဍတစ်ခုလုံး၏ အခြေအနေများကို နိုင်ငံတကာ လျှပ်စစ်စံချိန် စံညွှန်းများနှင့် နှိုင်းယှဉ်လေ့လာပြီး စောင့်ကြည့် စစ်ဆေးခြင်း၊ အကဲဖြတ် ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် တွေ့ရှိချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန များသို့ လိုအပ်သလို ဆောင်ရွက်နိုင်ရန် အကြံပြုခြင်း။

(င) ပုဂ္ဂလိကကုမ္ပဏီများ စတင်ရင်းနှီးမြှုပ်နှံရန် သင့်လျော်သော အခြေအနေ များ ဖန်တီးပေးရန်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ နည်းဥပဒေများ လိုက်နာစေရန် ဆောင်ရွက်ခြင်း။

(စ) မျှတသော၊ သင့်လျော်သော နည်းလမ်းများဖြင့် ဘက်လိုက်မှု မရှိဘဲ ဆောင်ရွက်ခြင်း။

(ဆ) အများလက်ခံနိုင်မည့် နည်းဥပဒေများ ကျင့်သုံးလျက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း။

(ဇ) နိုင်ငံတော်ပိုင် အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့များ၊ အခြား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဈ) လျှပ်စစ်ဓာတ်အားကဏ္ဍတိုးတက်စေရန်အတွက် နည်းပညာများ၊ အတတ် ပညာများ ရရှိစေရန် ပြည်တွင်း/ပြည်ပမှ ကျွမ်းကျင်သူများ၊ အဖွဲ့အစည်း များနှင့် တိုင်ပင်ဆွေးနွေးခြင်း။

(ည) လျှပ်စစ်ဓာတ်အားစနစ်၏ နည်းပညာဆိုင်ရာ စည်းမျဉ်းသစ်များနှင့် စံချိန်စံညွှန်းသစ်များအား ပြုစုရေးဆွဲပြဋ္ဌာန်းခြင်းများအပေါ် ကြီးကြပ် ကွပ်ကဲခြင်း။

(ဋ) လျှပ်စစ်ဓာတ်အားစနစ်နှင့် သင့်တော်သော Grid Code အား ပြင်ဆင် ရေးဆွဲရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဌ) လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ကြီးဌာန တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းများတွင် အသုံးပြုနိုင်သည့် ဝန်ဆောင်မှု စံချိန်စံညွှန်း အရည်အသွေးများအား လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း။

(ဍ) လျှပ်စစ်ဓာတ်အားကဏ္ဍအပေါ် စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ် ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ကို ရည်ရွယ်၍ နိုင်ငံတကာ လျှပ်စစ် လုပ်ငန်း စံချိန်စံညွှန်းများ၊ ဝန်ဆောင်မှုများ၊ ဆောင်ရွက်မှုမှတ်တမ်းများနှင့် နှိုင်းယှဉ်ပြီး လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ကြီး ဌာန၊ ဦးစီးဌာနများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ၊ လျှပ်စစ်ဓာတ်အားစနစ်နှင့် လျှပ်စစ်ဓာတ်အား ကဏ္ဍတစ်ခုလုံး၏ ဆောင်ရွက်မှုများနှင့် ပတ်သက်သော သတင်းအချက် အလက်များ၊ စာရင်းအင်းများကို ခွဲခြမ်းစိတ်ဖြာ၍ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

(ဎ) ကော်မရှင်၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာကို ပြည်ထောင်စု အစိုးရ အဖွဲ့သို့ နှစ်စဉ်တင်ပြခြင်း။

(ဏ) ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်ချက်များမှ ရရှိလာသည့် သတင်းအချက်အလက်များအား လျှို့ဝှက်ချက်များမှအပ ပညာပေးရေး နှင့် ပွင့်လင်းမြင်သာမှုရှိစေရေး ပြည်သူလူထုသို့ အသိပေးခြင်း။

(တ) လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုခြင်းတို့တွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိမရှိစစ်ဆေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း။

(ထ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော လျှပ်စစ်ဆိုင်ရာ အခြား လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စု အစိုးရ အဖွဲ့က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့် ရှိသည်။

## အခန်း(၄)
## လျှပ်စစ်ဆိုင်ရာလုပ်ငန်း ခွင့်ပြုခွင့်ရှိသည့် အဖွဲ့အစည်းများ

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါအစိုးရဌာန၊ အဖွဲ့ အစည်းများ အား လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ ခွင့်ပြုနိုင် ရန် အခွင့်အာဏာကို အပ်နှင်းသည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာနများ။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ။

(ဂ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ။

၈။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်လုပ်ကိုင် ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသူများအား လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင် ခွင့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင် သည်။

၉။ (က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့် ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ် ခြင်းတို့ ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အစိုးရအဖွဲ့သည် မိမိဒေသ အတွင်း ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်း မရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်များ ထုတ်ပေးခြင်း၊ ကြီးကြပ်

**စာမျက်နှာ (၅)သို့**

**စာမျက်နှာ (၄)မှ**

စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင်သည်။

(ဂ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိမြို့နှင့် ကျေးရွာများအတွက် လျှပ်စစ်မီးဆိုင်ရာကိစ္စ လုပ်ကိုင်ခွင့်များအား ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

(ဃ) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က)အရ လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းကို ဖွဲ့စည်းရာတွင်-

(၁) သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ပုံသေပိုင်ပစ္စည်းများနှင့် လုပ်ငန်းများအားလုံးကို လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းပိုင်အဖြစ် တရားဝင် လွှဲပြောင်းသတ်မှတ်ပေးရမည်။

(၂) ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို သီးခြားလွတ်လပ်စွာဖြင့် စီမံခွင့်ရှိစေရန် ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ(က) တွင် ဖော်ပြထားသော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းများသည် သင့်လျော်သည့်အချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားလွတ်လပ်သော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းများအဖြစ် ပြောင်းလဲရပ်တည်ခွင့် ရှိသည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သက်ဆိုင် ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် အများပြည်သူ၏အကျိုးငှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင်-

(က) အသုံးပြုရန်လိုအပ်သော မြေပမာဏကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရယူအသုံးပြုခွင့်၊ လွှဲပြောင်းပေးခွင့် သို့မဟုတ် စွန့်လွှတ်ခွင့် ပြုနိုင်သည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပတ်ဝန်းကျင်ထိခိုက်နိုင်မှုကို ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ ထိခိုက်မှုများအတွက် ပြန်လည်ပေးလျော်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထည့်ဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) လျှပ်စစ်ဓာတ်အားစနစ်အတွင်း တည်ဆောက်အသုံးပြုနေသော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများနှင့် ဆက်စပ်အဆောက်အအုံများကို တည်ဆဲဥပဒေများနှင့်အညီ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခွင့် ရှိသည်။

## အခန်း(၅)
## လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်

၁၁။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ခုခုကို ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်သော သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်း မရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသော မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ခွင့်ပြုနိုင်သည်။

၁၄။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် လျှပ်စစ်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အား ရောင်းချလိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၁၅။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိမြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်မီးဆိုင်ရာကိစ္စ လုပ်ကိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ခွင့်ပြုနိုင်သည်။

၁၆။ ပုဒ်မ ၁၂၊ ၁၃ နှင့် ၁၅ တို့အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုနိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းသည် ပုဒ်မ ၁၁ အရ လျှောက်ထားချက်များကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပါက ခွင့်ပြုချက်ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူအား ထုတ်ပေးရမည်။ ခွင့်ပြုချက် ထုတ်ပေးရာတွင် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်မှုတို့ကို အခြေခံ၍ ဆောင်ရွက်ရမည်။ လုပ်ငန်းဆောင်ရွက်ရန် ငြင်းပယ်ပါက ငြင်းပယ်ကြောင်း လျှောက်ထားသူအား ပြန်ကြားရမည်။

၁၇။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရာ၌ လုပ်ကိုင်ခွင့်ကာလနှင့် သက်တမ်းတိုးသည့်ကာလများကို ဤဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့်အညီ သတ်မှတ်ရမည်။

၁၈။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် အခြားအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်လိုခြင်း၊ လွှဲပြောင်းလိုခြင်း၊ ခွင့်ပြုမိန့်ပါ လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း ပြုလုပ်လိုပါက ခွင့်ပြုမိန့်ပေးခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ လျှောက်ထားနိုင်သည်။

၁၉။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့်ရရှိသူများသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

၂၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့် ရရှိသူများသည် လုပ်ကိုင်ခွင့်ရရှိသော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၁။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်ကာလ ကုန်ဆုံးချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော်လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်။

## အခန်း(၆)
## အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များ

၂၂။ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်သူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသော စာချုပ်များနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သဘောတူသတ်မှတ်ချက်များကို လိုက်နာရမည်။

၂၃။သက်ဆိုင်ရာ ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်နှင့် သက်ဆိုင်ခြင်း မရှိသော စက်ရုံအလုပ်ရုံများ၊ ယင်းတို့တွင် တပ်ဆင်ထားသော စက်ပစ္စည်းကိရိယာများ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ၊ ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းရောင်းချသော လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများနှင့် စပ်လျဉ်းသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ စစ်ဆေးခြင်းများကို ဆောင်ရွက်ရမည်။

## အခန်း(၇)
## လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများစစ်ဆေးခြင်း

၂၄။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်း ကိရိယာစစ်ဆေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၂၅။ သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စစ်ဆေးရေးမှူးချုပ် တစ်ဦးကို ခန့်အပ်တာဝန်ပေးရမည်။

၂၆။ စစ်ဆေးရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်းနှင့် ညီ မညီ စစ်ဆေးခြင်း။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသော စာချုပ်များတွင်ပါရှိသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေရန်ဆောင်ရွက်ခြင်း။

(ဂ) မည်သည့်နယ်မြေတွင်မဆို လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် စစ်ဆေးရေးမှူးအဖွဲ့များအား တာဝန်ပေးအပ်ခြင်း။

(ဃ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။

(င) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(စ) လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လိုအပ်သော သက်သေများကို စစ်ဆေးခြင်း။

(ဆ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း ကြီးကြပ်မှုကော်မရှင်တို့က ပေးအပ်သော စစ်ဆေးခြင်းဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၂၇။ စစ်ဆေးရေးမှူးချုပ်နှင့် စစ်ဆေးရေးမှူးများသည် ယင်းတို့၏ တာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်ခွင့်ရှိသည်။

## အခန်း (၈)
## ဓာတ်အားစနစ်ဖွံ့ဖြိုးမှု စီမံရေးနှင့်ထိန်းညှိကွပ်ကဲရေး

၂၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် -

(က) နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုစီမံခြင်းနှင့် လျှပ်စစ်ဓာတ်အားစနစ်ကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် သင့်လျော်သည့်နေရာများတွင် လျှပ်စစ်ဓာတ်အား ကွပ်ကဲရေးဌာနများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အား ကွပ်ကဲရေးဌာနများက လိုက်နာဆောင်ရွက်ရမည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်ရမည်။

(ဂ) ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းရမည်။

၂၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ခေတ်မီနည်းစနစ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန်လိုအပ်သော သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ယင်းလုပ်ငန်းများကို အခြားမည်သည့် ပုဂ္ဂိုလ်အဖွဲ့ အစည်းကိုမဆို ဆောင်ရွက်ရန်လည်း ခွင့်ပြုနိုင်သည်။

## အခန်း (၉)
## လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းစနစ်များ

၃၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ရမည်။

၃၁။ လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများ စစ်ဆေးချက်ရလဒ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးသတ် အတည်ဖြစ်စေရမည်။

၃၂။ လျှပ်စစ်ဓာတ်အားစနစ်သို့ ဆက်သွယ်မည့် အခြားဌာန၊ အဖွဲ့အစည်းများ၏ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

၃၃။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်သူများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် လိုအပ်သော စစ်ဆေးမှုကိုလည်း ခံယူရမည်။

## အခန်း (၁၀)
## လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့်ဝန်ဆောင်မှုစရိတ်များ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့်ဝန်ဆောင်မှုစရိတ်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သော နှုန်းထားကိုပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခ နှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၃၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် မိမိဒေသအတွင်း မိမိအစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးသော ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များနှင့် စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခ နှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

## အခန်း(၁၁)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၃၆။ ပုဒ်မ ၈ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၉ ပုဒ်မခွဲ (ခ)နှင့် (ဂ) တို့အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးခွင့်ရှိသူများသည် မိမိတို့ထုတ်ပေးခဲ့သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် ရရှိသူက ခွင့်ပြုမိန့်ပါစည်းကမ်းချက် သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနကထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ဖြစ်စေ ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

## အခန်း(၁၂)
## တားမြစ်ချက်များ

၃၇။ မည်သူမျှ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပေးသော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်မရှိဘဲ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၃၈။ မည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမျှ ခွင့်ပြုမိန့်ပါ လုပ်ငန်းတွင်ပါရှိသည့် လုပ်ငန်းဆောင်ရွက်ခြင်းမှအပ အခြားမည်သည့်လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိစေရ။

၃၉။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်း မပြုရ။

၄၀။ မည်သူမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဆက်သွယ်အသုံးပြုခြင်း မပြုရ။

၄၁။ မည်သူမျှ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှု မရှိသော လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၄၂။ မည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမျှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သည့်အဖွဲ့အစည်းနှင့်မဆို လုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုရ။

၄၃။ မည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမျှ လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကိုဖြစ်စေ၊ လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ပါလုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

၄၄။ မည်သူမျှ လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေအတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ။

၄၅။ မည်သူမျှ မရိုးမဖြောင့်သောသဘောဖြင့် လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖျန်းတီးမှု ပြုလုပ်ခြင်း၊ အသုံးပြုခြင်းတစ်ခုခုကို မပြုရ။

၄၆။ မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့် လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း မပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၇။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၈။ မည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။

**စာမျက်နှာ (၆)သို့**

**စာမျက်နှာ (၅)မှ**

ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၉။ မည်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိ ချမှတ်ရမည်။

၅၁။ မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ်သိန်းသုံးဆယ် ချမှတ်ရမည်။ ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ ဖျက်ဆီးရမည်။

၅၂။ မည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၃။ မည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူမဆို ပုဒ်မ ၄၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်တစ်ဆယ်သိန်း အထိ ချမှတ်ရမည်။

၅၆။ မည်သူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံးငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၇။ မည်သူမဆို ပုဒ်မ ၃၇ မှ ၄၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ရန် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်းများ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ယင်းပြစ်မှုများပါ ပြစ်ဒဏ်များအတိုင်း ချမှတ်ရမည်။

**အခန်း(၁၄)**
**နစ်နာကြေး၊ လျော်ကြေး**

၅၈။ ပုဒ်မ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅ နှင့် ၅၆ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် မိမိ၏ ကျူးလွန်မှုကြောင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူအား နစ်နာပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာ ဖြစ်စေပါက ယင်းဆုံးရှုံးသည့် တန်ဖိုးကို သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း နစ်နာကြေးအဖြစ် ပေးလျော်ရမည်။

၅၉။ မည်သူမဆို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုကို ပြတ်တောက်မှုဖြစ်ပွားအောင် ပြုလုပ်ခဲ့ပါက နစ်နာဆုံးရှုံးသည့် ဓာတ်အားပမာဏနှင့်ညီမျှသော တန်ဖိုးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ သတ်မှတ်သည့်အတိုင်း ပေးဆောင်စေရမည်။

၆၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသူ၏ ပေါ့လျော့မှုကြောင့် ဖြစ်စေ၊ တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်စေ ဓာတ်လိုက်မှု၊ မီးလောင်မှုများဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ကိုယ်လက်အင်္ဂါမသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်လျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဆိုင်ရာလုပ်ကိုင်ခွင့်ရှိသူ၊ လျှပ်စစ်တပ်ဆင်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည်-

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသောလျော်ကြေး။

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသော လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ပေးသောလျော်ကြေး။

**အခန်း (၁၅)**
**အယူခံခြင်း**

၆၁။ ပုဒ်မ ၅၈ နှင့် ၅၉ တို့အရ ချမှတ်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေး ပေးဆောင်ရန် အမိန့်နှင့် စပ်လျဉ်း၍ မကျေနပ်သူသည် -

(က) အမိန့်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ယင်းကဲ့သို့အယူခံခြင်းသည် သတ်မှတ်ထားသော နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ပေးဆောင်ပြီးမှသာ အယူခံနိုင်ခွင့်ရှိသည်။

၆၂။ ပုဒ်မ ၆၁၊ ပုဒ်မခွဲ (က) အရ အယူခံမှုတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးသည် လျော်ကြေးအမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ပြုနိုင်သည်။

၆၃။ ပုဒ်မ ၆၂ အရ ချမှတ်သော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၆၄။ နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးဆောင်ရန် အမိန့်ချမှတ်ခြင်း ခံရသူသည် အယူခံမှုတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက နစ်နာကြေး သို့မဟုတ် လျော်ကြေးကို အချို့အဝက်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပြန်ပေးစေရန် အမိန့်ချမှတ်လျှင် ယင်းဆုံးဖြတ်ချက်နှင့်အညီ ပြန်လည်ရထိုက်ခွင့်ရှိသည်။

**အခန်း (၁၆)**
**အထွေထွေ**

၆၅။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ ၊ စည်းမျဉ်းများ သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်း ကြီးကြပ်မှုကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၇။ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်သည်။

၆၈။ ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၆၉။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သော ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေအရ ပြုလုပ်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

---

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်း ဖြစ်ပါသည်။**

" ကျေးဇူးတင်ဝမ်းမြောက်ခြင်း "

(၁၈.၂.၂၀၁၅)နေ့တွင် Trader Hotel (BAGO Room) ၌ ပြုလုပ်သော International Finance Corporation (IFC) နှင့် မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (MOB) တို့အကြား " Global Trade Finance Program Facility " သဘောတူလက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော မိတ်သင်္ဂဟများအား မြန်မာအရှေ့တိုင်းဘဏ်လီမိတက်မိသားစုမှ အထူးကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း။

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်မိသားစု

## တိုင်းရင်းသားသွေးချင်းများအတွက် အမျိုးသားရေးတာဝန်

»» ကျောဖုံးမှ



ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လမ်းညွှန်မှုကိုခံယူလျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ယခင်က ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ၁၁ ခုဖြင့် ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ကချင်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ ရှမ်းပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ ကယားပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ မွန်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ ကရင်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ တနင်္သာရီတိုင်းဒေသကြီး ဆိုင်ရာလုပ်ငန်းကော်မတီ၊ ရခိုင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊ ချင်းပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီးဆိုင်ရာ လုပ်ငန်းကော်မတီဟူ၍ ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ကိုးခုပြင်ဆင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ထို့အတူ ယခင်က လုပ်ငန်းဆပ်ကော်မတီ ၁၈ ခုရှိရာမှ နိုင်ငံတော်၏ ပြောင်းလဲလာသော ခေတ်စနစ်၊ မူဝါဒများနှင့်အညီ ၁၃ ခု ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေမည့် စီးပွားဖြစ် ကုန်ထုတ်လုပ်ငန်းများထူထောင်ခြင်း၊ ဈေးကွက်ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးထွက်ပေါက်များမှ စနစ်တကျ ကူးသန်းရောင်းဝယ်မှု မြှင့်တင်ခြင်းတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ပေးနိုင်ရန်နှင့် တိုင်းရင်းသားလူမျိုးစုများ၏ စားဝတ်နေရေးလူမှုစီးပွားရေးများ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ် ဧပြီလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၁၁)ဖြင့်ဖွဲ့စည်းပေးသော “ စီးပွားဖြစ်ကုန်ထုတ်လုပ်ငန်းများ ထူထောင်၍ ဒေသခံပြည်သူများ၏ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ၊ လူမှုစီးပွားရေးအခြေအနေများ တိုးတက်အောင်အကောင်အထည်ဖော်ရေးလုပ်ငန်းဆပ်ကော်မတီ” ပါဝင်လာခဲ့သည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ၃၁-၃-၂၀၁၁ ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်းပေါင်း ၃၉၇၄၂၂ ဒသမ ၅၂ သန်းသုံးစွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သောလုပ်ငန်းများမှာ မြေလမ်း ၅၆၈၁/၇ မိုင်၊ ကျောက်ခင်းလမ်း ၄၃၃၄/၇ မိုင်၊ ကတ္တရာလမ်း ၂၆၄၅/၄ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၃၅၉၀/၃ မိုင်၊ တံတားကြီး ၂၀၁ စင်း၊ တံတားငယ် ၁၆၄၅ စင်း၊ ကြိုးတံတား ၈၅ စင်း၊ ဆေးရုံ ၁၀၁ ရုံ၊ ဆေးပေးခန်း ၉၉ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၂၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၁၂ ခု၊ အထက ၁၀၉ ကျောင်း၊ အလက ၉၃ ကျောင်း၊ အမက ၉၂၄ ကျောင်း၊ စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၈ ခု၊ ထွန်စက်စခန်း ၁၁ ခု၊ တည်ဆောက်ပြီးဆည် ၆၄ ခု၊ တည်ဆောက်ဆဲဆည် ၁၇ ခု၊ လျှပ်စစ်မီးလင်းသည့် မြို့/ရွာ ၂၀၇ ခု၊ ရေအားလျှပ်စစ်ရှိသည်မြို့/ရွာ ၅၁ ခု၊ ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံ ၁၁၃ ရုံ၊ စာတိုက် ၅၃ ခု၊ ကြေးနန်းရုံး ၄၇ရုံး၊ တယ်လီဖုန်းလုပ်ငန်း ၈၆ ခု၊ စေတီ၅၂ ဆူ၊ ဘုန်းကြီးကျောင်း ၂၈၉ ကျောင်း၊ စာသင်တိုက် ၁၅ ခုတို့ဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စတင်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူဗဟိုပြုစနစ်ဖြင့် ဒေသခံတိုင်းရင်းသားများ၏ အမှန်တကယ်လိုအပ်ချက်များကို နှစ်တိုနှစ်ရှည်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် လမ်း/တံတား၊ ပညာ၊ ကျန်းမာ၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းစသည်တို့ကို ဆောင်ရွက်ပေးရာတွင် လမ်း/တံတားကဏ္ဍ၌ မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းများအပြင် ဆိုင်ကယ်စီးလမ်းများပါလာသည်။ တံတားများ တည်ဆောက်ရာတွင်လည်း ကွန်ကရစ်တံတား၊ ကြိုးတံတား၊ သစ်သားတံတား စသည်ဖြင့် အမျိုးမျိုးပါဝင်လာသည်။ ကွန်ကရစ်ရေပြွန်များလည်း တည်ဆောက်ပေးသည်။ စိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးမြေများ ဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ပါဝင်လာသည်။ သောက်သုံးရေရရှိရေးတွင် ရေသွယ်ယူခြင်းအပြင် စက်ရေတွင်း၊ လက်ရေတွင်းနှင့် ရေကန်များ တည်ဆောက်တူးဖော်ပေးလျက်ရှိသည်။ စွမ်းအင်ကဏ္ဍတွင်လည်း ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ မီးလိုင်းများသွယ်တန်းခြင်းအပြင် ဆိုလာမီးစနစ်များ တပ်ဆင်ပေးခဲ့သည်။ သုံးစွဲခဲ့သော နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ၃၁-၁၂-၂၀၁၃ ရက်နေ့ထိ ကျပ်သန်းပေါင်း ၃၃၅၇၉၂ ဒသမ ၂၁ သန်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နှင့် ဖွဲ့စည်းထားသော မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့အတွက် ထာဝစဉ်ကြိုးပမ်းတည်ဆောက်နေရမည်ဖြစ်သည်။ ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အရှိန်အဟုန်ဖြင့် ဆက်လက်ထမ်းရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မကွေး-ကျောက်ပန်းတောင်းကားလမ်းပိုင်းအား ပြုပြင်ထိန်းသိမ်းအဆင့်မြှင့်တည်ဆောက်ပြီးစီး

»» ကျောဖုံးမှ

“မကွေး-ကျောက်ပန်းတောင်းလမ်းအရှည် ၆၆ မိုင်ကို ၂၀၁၀ ခုနှစ်က စတင်ပြီး ဆောင်ရွက်ခဲ့ကာ ၂၀၁၄ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ မကွေးမှ ကန်ပြားရွာ မိုင်တိုင် ၃၃၉ အထိ လမ်းအကျယ်မူလက ၁၂ ပေရှိတယ်။ ကျွန်တော်တို့က အခု ၂၄ ပေအထိချဲ့တယ်၊ ဒေါင်းနေချောင်း ၃ မိုင်အတက်၊ အဆင်းလမ်းကိုလည်း ၂၄ ပေအထိ ချဲ့တယ်၊ နောက်ငွေးကုန်းရွာအနီး ကားတွေ အရှောင်အတိမ်း အကွေ့အကောက်များတဲ့အတွက် ၂ မိုင်အထိ ၂၄ ပေချဲ့ထားတယ်၊ ရေနံချောင်းမြို့အဝင် မိုင်တိုင်အမှတ် (၃၆၀ မှ ၃၆၇)အထိ အချို့နေရာတွေကို ပေ ၃၀၊ အချို့နေရာတွေကို ၂၄ ပေအထိချဲ့ထားတယ်၊ ချောက်မြို့နယ် ငွေးပင်ရွာနဲ့ ငရှန်တောင်လမ်းခွဲကို ၂၄ ပေချဲ့ထားတယ်၊ မကွေးတိုင်းဒေသကြီးနယ်စပ်နဲ့ မန္တလေးတိုင်းဒေသကြီး နယ်စပ် ၆ မိုင်ကို ၂၄ ပေချဲ့ထားခဲ့ပြီးပါပြီ။ မကွေးနဲ့ ကျောက်ပန်းတောင်းကားလမ်းပေါ်မှာ BOT စနစ်နဲ့ လမ်းအသုံးပြုခ ဂိတ်လေးဂိတ်ရှိပါတယ်။ မကွေး-ကန်ပြားဂိတ်၊ ရေနံချောင်းဂိတ်၊ ငွေးချိုဂိတ်နဲ့ ကျောက်ပန်းတောင်းကားဂိတ်များဖြစ်ပါတယ်။ BOT စနစ်နဲ့ လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းအတွက် တစ်မိုင်ကို ငွေကျပ်သိန်း ၁၁၀၀ ကုန်ကျထားပါတယ်။ ပြီးတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းပုံထုတ်ဌာနက ပြဋ္ဌာန်းထားတဲ့ လမ်းအင်္ဂါအချိုးအစားမှတ်ချက်များရှိပါတယ်။ ယင်းသတ်မှတ်ချက်များမှာ ဖြတ်သန်းသွားလာတဲ့ ယာဉ်ပမာဏပေါ် မူတည်ပြီး လိုအပ်တဲ့လမ်းအကျယ်ပမာဏကို သတ်မှတ်ထားပါတယ်။ လမ်းတစ်လမ်းပေါ်မှာ တစ်နေ့ယာဉ်အစီး ၅၀ အောက်သွားတယ်ဆိုရင် လမ်းသားအကျယ် ၁၂ ပေသတ်မှတ်ပါတယ်။ ယာဉ် ၅၀ မှ ၂၀၀ အထိ ၁၆ ပေ၊ ယာဉ် ၂၀၀ မှ ၅၀၀ အထိ ၁၈ ပေ၊ ယာဉ် ၅၀၀ မှ ၂၅၀၀ အထိ ၂၄ ပေ၊ ယာဉ် ၂၅၀၀ အထက်ဆိုရင် ၄၈ ပေသတ်မှတ်ထားပါတယ်။ တည်ဆောက်ပြီးလမ်းများဟာ ဒီဇိုင်းကသတ်မှတ်ထားတဲ့ အလွှာအသီးသီးဟာ သတ်မှတ်ထားတဲ့အထူပမာဏရှိရမယ်။ အလွှာအသီးသီးဟာ သတ်မှတ်အလွှာအင်အားရှိရမယ်လို့ဆိုထားတဲ့အတိုင်းလုပ်ရပါတယ်။ ဒါကြောင့် မကွေး-ကျောက်ပန်းတောင်း(၆၆)မိုင်လမ်းဟာ စံချိန်စံညွှန်းမီတဲ့လမ်းအဖြစ် ပြည်ထောင်စုဝန်ကြီး၏ စံပြလမ်းအဖြစ်သတ်မှတ်ခြင်းခံရပါတယ်။ ယခင်လမ်းဟောင်းတုန်းက မကွေး-ကျောက်ပန်းတောင်းကို သုံးနာရီကျော်မောင်းရတယ်။ ခုဆိုရင် နှစ်နာရီတောင် မမောင်းရတော့ဘူး” ဟု ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာချုပ်က ပြောသည်။

ယခုအခါ ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ပွင့်ဖြူသို့ မကွေးမြို့နယ် ကန်ပြားရွာအဝိုင်းပတ်မှစတင်၍ BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာလမ်းခွဲအထိ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ “မကွေး-ပွင့်ဖြူလမ်းရဲ့မြေအနေအထားက အစိုဓာတ်များတယ်၊ ကျောက်ပိုပြီးထည့်ရတယ်၊ လယ်ကွင်းတွေများတယ်၊ ရေတိုက်စားတော့ လမ်းပျက်တာများတယ်၊ နိမ့်ပြီးကျွံကျတယ်၊ လမ်းအကျယ် ၁၈ ပေချဲ့ရတယ်၊ ခုဆိုရင် ၆၀ ရာခိုင်နှုန်းပြီးစီးသွားပါပြီ။ ဒီလမ်းပေါ်မှာ BOT စနစ်နဲ့လမ်းတံတားအသုံးပြုခကောက်ခံတဲ့ ဂိတ်သုံးဂိတ်ရှိပါတယ်။ ဧရာဝတီတံတား(မကွေး)၊ မန်းချောင်းတံတားနဲ့ မုန်းချောင်းတံတားများဖြစ်ပါတယ်။ လမ်းတွေပြီးသွားရင်လည်း လမ်းများရေရှည်တည်တံ့အောင် လမ်းထိန်းသိမ်းရေးလုပ်ငန်းတွေ ဆက်ပြီးလုပ်ရဦးမှာဖြစ်ပါတယ်” ဟု အင်ဂျင်နီယာချုပ်က ရှင်းပြသည်။








သတင်းမီဒီယာများဖွံ့ဖြိုးရေးသင်တန်း ပုသိမ်မြို့၌ဖွင့်လှစ်

ပြည်တွင်းရေးရာ စာမျက်နှာ - ၃ »»

ဒေါက်တာကံညွန့်၏

"ဆေးပညာသတင်းဆန်းများ - ၅၈"

ကျန်းမာရေး စာမျက်နှာ - ၂ »»

ပြည်သူများလေ့လာအကြံပြုနိုင်ရန်

လျှပ်စစ်ဥပဒေကြမ်း

ဥပဒေရေးရာ စာမျက်နှာ - ၄ »»



ရေဖြူမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်

ပြည်တွင်းရေးရာ စာမျက်နှာ - ၃ »»

# မကွေး - ကျောက်ပန်းတောင်းကားလမ်းပိုင်း ပြုပြင်ထိန်းသိမ်း တည်ဆောက်ပြီးစီး

မကွေးတိုင်းဒေသကြီး မကွေးမြို့မှ ကျောက်ပန်းတောင်းလမ်းဟောင်းပိုင်းနှင့် မကွေး-ပွင့်ဖြူလမ်းဟောင်းပိုင်းများကို မကွေးအခြေစိုက် ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ မကွေး-ကျောက်ပန်းတောင်း ၆၆ မိုင်ကားလမ်းမှာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှုပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မကွေး-ကျောက်ပန်းတောင်း လမ်းအရှည် ၆၆ မိုင်အတွက် မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၈ သန်းအပါအဝင် ငွေကျပ် ၆၇၁၇ ဒသမ ၂၉ သန်းဖြစ်ပြီး မကွေး-ပွင့်ဖြူလမ်းပိုင်း ၃၄ မိုင် ၂ ဖာလုံ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀ သန်းအပါအဝင် ငွေကျပ် ၃၂၂၀ ဒသမ ၆၆ သန်းဖြစ်ကြောင်းသိရသည်။

စာမျက်နှာ ၇ သို့ »»



rau;-v\Sih




# တိုင်းရင်းသား သွေးချင်းများအတွက် အမျိုးသားရေးတာဝန်

မြင့်စိုး(နတလ)

**မူဝါဒနှင့် ရည်မှန်းချက်တာဝန်များ**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ မူဝါဒ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည် -

(က) နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊
(ခ) ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး၊
(ဂ) နယ်စပ်ဒေသတွင်နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊
(ဃ) နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး၊

ယင်းမူဝါဒများအတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများအလိုက် ထမ်းရွက်ရမည့် ရည်မှန်းချက်တာဝန် (၈)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်၊
(ခ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်ရန်၊
(ဂ) နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊
(ဃ) နယ်စပ်ဒေသများတွင် ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားစေရန်၊
(င) မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊
(စ) တိုင်းရင်းသားလူငယ်များ၏ ဘဝနောင်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန်၊
(ဆ) တိုင်းရင်းသားလူငယ်များ မိမိဒေသ၏ ဖွံ့ဖြိုးရေးတာဝန်များကို အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်စေရန်၊
(ဇ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုစာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

**ဖွံ့ဖြိုးရေးဒေသကြီး (၁၉)ခု**

ယခင်က ဖွံ့ဖြိုးရေးဒေသကြီး (၁၈)ခု သတ်မှတ်ဆောင်ရွက်ခဲ့ရာမှ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုပါ ထည့်သွင်း၍ (၁၉) ခု သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းဒေသကြီးများမှာ ကချင်အထူးဒေသ (၁)၊ ကချင်အထူးဒေသ (၂)၊ ကချင်အရှေ့မြောက်ဒေသ၊ ကိုးကန့်ဒေသ၊ "ဝ" ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ရှမ်းဒေသ၊ ပလောင်ဒေသ၊ ကယားဒေသ၊ ဓနုဒေသ၊ ပအိုဝ်းဒေသ၊ ကရင်ဒေသ၊ မွန်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ စစ်ကိုင်းဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသ၊ နာဂဒေသတို့ ဖြစ်သည်။

**ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ**

နိုင်ငံတော်သမ္မတကြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏

စာမျက်နှာ ၇ သို့ »»


မကြာမီဖွင့်လှစ်ပါတော့မည်
စီးပွားရေးလုပ်ငန်းများအတွက်
လက်လွတ်မခံသင့်သော ရင်းနှီးမြှုပ်နှံမှု
သီရိရတနာ
Good!
Developed by
01 516533~6
01 524963, 526928

# STEEL DRAGON

(STAINLESS STEEL)

## စတီးပိုက်၊ စတီးပြား နှင့် စတီးအလှဆင်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေး

- စတီးပိုက်ဆိုဒ်မျိုးစုံ(ပန်းလိမ်၊ ပွတ်လုံး၊ Solid-Square-Retangular)
- စတီးပြားဆိုဒ်မျိုးစုံ(ကာလာပြား၊ ပန်းပြား၊ ဆန်ခါပြား၊ ရွှေရောင်ပြား၊ မှန်ပြား)
- စတီးအလှဆင်ပစ္စည်းမျိုးစုံ(ပန်းပိုင်း၊ ပန်းခက်၊ ပွတ်လုံး၊ ပဋ္ဌာန်းပိုင်း၊ မူလီနှင့် စက္ကူအမျိုးမျိုး)
- Argon စက်ပစ္စည်းအမျိုးမျိုး( Argon gas နှင့် အိုးများ)
- ပိုက်ကွေးစက်၊ ပိုက်ဟက်စက်၊ ပိုက်ဖြတ်စက်၊ စတီးပြားဖြတ်စက်၊ ခေါက်စက်၊ ဒေါင့်လှီးစက် အမျိုးမျိုး၊
- စက်ကွေးမို နှင့် လက်ကွေးမိုဆိုဒ်စုံ အမျိုးမျိုး၊
- ဘာရာမြောင်းခေါက်စက် နှင့် ဘာရာဆံ၊ ဘာရာဝါရှာ၊ ဘာရာဘီး အမျိုးမျိုး၊
- စတီးအဝတ်လှန်းစင် နှင့် စတီးထိုင်ခုံ အမျိုးမျိုး၊
- ကော်ပတ်၊ ဘတ်ဘီး၊ ဖြတ်ကျောက် နှင့် Cup ဖုံး အမျိုးမျိုး၊
- China ဖြတ်ကျောက်(ဈေးနှုန်းချိုသာ၍ အရည်အသွေးကောင်းမွန်ပြီး အန္တရာယ်ကင်းစွာ အသုံးပြုနိုင်သည့် ဖြတ်ကျောက် အမျိုးအစား၊)
- စတီးမှန်လက်ရမ်းတိုင် နှင့် လှေကားလက်ရမ်းတိုင် အမျိုးမျိုး၊
- စတီးပတ္တာ၊မြောက်လက်၊တံခါးဂျက်၊မင်းတုန်း၊လက်ကိုင်နှင့် Door Lock အမျိုးမျိုး၊
- Pipe Fitting၊ စက်ရုံသုံး နှင့် စားသောက်ကုန်သုံး ပိုက်ဆက်ပစ္စည်း အမျိုးမျိုး၊

စတီးပိုက်၊ စတီးပြား၊ စတီးထိုင်ခုံ နှင့် စတီးအလှဆင်ပစ္စည်းအမျိုးပေါင်း(၇၀၀၀)ကျော်ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးပြီး လက်လီ / လက်ကားဝယ်ယူအားပေးကြသည့် လုပ်ငန်းရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါသည်၊

ဆိုင်(၁) အမှတ်(၄၀၉၊၁၄၂၄၃၃) စံပယ်လမ်း၊ သိရီမွန်ပလာဇာဝင်းအတွင်း၊ ဘုရင့်နောင်စီးပွားရေးအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
Tel: 01-528587, 528524, 683161, 9688643, 9688645

ဆိုင်(၂) အမှတ်(၁၄၉၇) ပြည်ထောင်စုလမ်းမကြီး၊ (၂၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့
Tel: 01-8100009, 8100010, 8100269, 8100270, 09-5139193

ဆိုင်(၃) အမှတ်(ပ-၁၇၆) ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ နေပြည်တော်ပျဉ်းမနား၊
Tel : 067-26388, 09- 255 717238

ဆိုင်(၄) အမှတ်(၉၈)ကျိုက္ကဆံလမ်း၊ ဒေါင်းစရပ်ဈေးကြီး ရပ်ကွက်၊ မော်လမြိုင်မြို့
Tel : 09- 255 717239 , 09 - 430 20506

ဆိုင်(၅) အမှတ်(၁၀၁)၊ ၄၂လမ်း(၈၁x၈၂)လမ်းကြား၊ ချမ်းမြရပ်မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
Tel : 09- 250 358348 , 09 - 2590 48837

## ယွန်းပညာကောလိပ်(ပုဂံ)တွင် (၁၀)ကြိမ်မြောက် ယွန်းအနုပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် လက်ရာပြပွဲများ ကျင်းပမည်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ယွန်းပညာကောလိပ်(ပုဂံ)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ ယွန်းပညာဒီပလိုမာ အောင်လက်မှတ် အပ်နှင်းပွဲနှင့် ယွန်းအနုပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ၊ ယွန်းထည်ပစ္စည်းလက်ရာပြပွဲအခမ်းအနားတို့ကို မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့ဟောင်း၊ ယွန်းပညာကောလိပ်တည်နေရာ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပါသည်။

ယင်းအခမ်းအနားတွင် ယွန်းပညာဒီပလိုမာအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီးပါက ယွန်းပညာကောလိပ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ပြင်ပယွန်းပညာရှင်များ၏ စာတမ်း(၁၀)စောင်ကို တင်သွင်းဖတ်ကြားမည်ဖြစ်ပြီး သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ ယွန်းအနုပညာလက်ရာများနှင့် ပြင်ပယွန်းလုပ်ငန်းရှင်တို့၏ ထူးခြားသောယွန်းထည်လက်ရာပစ္စည်းများကို ခင်းကျင်းပြသထားခြင်းများ ပြုလုပ်မည်ဖြစ်ပါ၍ ယွန်းလက်မှု အတတ်ပညာဆိုင်ရာ စိတ်ပါဝင်စားသူများ၊ ဝါသနာရှင်များ တက်ရောက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ယွန်းပညာကောလိပ်(ပုဂံ)**

## ဝိပဿနာပညာမိတ်ဆက်သင်တန်း

## အဘိုးကြီး- လူသုံးယောက် - သတင်းစြိမ့်သူ

**တက်တိုး**

## U Tun Win B.A (Korean)MUFL

## ကိုရီးယားဘာသာ

သင်တန်းကျောင်း

## လူပျောက်

မလွင်လွင်မိုး(ခ)မီးငယ် အသက်(၄၁)နှစ်ရှိသည် (၁၁-၂-၂၀၁၄)ရက် နံနက် ၉း၃၀နာရီတွင် နေအိမ်မှ ဈေးဝယ်သွားရင်း ပျောက်ဆုံးသွားပါသဖြင့် သွေးဆောင်ဖြားယောင်းထားသူအား တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်။

**မိဘအုပ်ထိန်းသူ**

**ဒေါ်နွယ်နီနု ဖုန်း-၀၉-၇၃၁၄၀၂၅၆၊ A5-002-၆၅ ရပ်ကွက်၊ ရောဝဏ်လမ်း၊ ဒဂုံ(တောင်)**

## ဝန်ချတောင်းပန်ခြင်း ကြေညာချက်

(၂၁-၁၂-၂၀၁၃)ရက် ကြေးမုံသတင်းစာတွင် ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး စူပါဝေါလ်ရတနာခန်းမပိုင်ရှင်ဟုဆိုသူနှင့် အများသိစေရန် ကြေညာချက် ခေါင်းစဉ်နှင့်ပတ်သက်၍ ကျွန်မသည်စူပါဝေါလ်ပိုင်ရှင်များဖြစ်သည့် ဒေါ်ရှုကြူအားလည်းကောင်း၊ ဦးမောင်မောင်လွင်အားလည်းကောင်း၊ လူပုဂ္ဂိုလ်ဂုဏ်သိက္ခာ လုပ်ငန်းဂုဏ်သိက္ခာများ ကျဆင်းအောင် ဆောင်ရွက်ရန် ဆန္ဒလုံးဝမရှိပါ။ မှားယွင်းစွာဖြင့် လက်မှတ်ရေးထိုးပါဝင်ခဲ့မှုအပေါ် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**မမိုးမိုးလွင်[၁၁/ရဗန(နိုင်)၀၅၃၈၉၂]**

**DG Garden (အရောင်တင်ဆိုင်)**

**(၇) စူပါဝေါလ်ရတနာခန်းမ(၂)ပထမထပ်၊ အမှတ်(၁၉၂) ၃ထပ်၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## တို့ဘုရားသာသနာဘယ်အခါ ကွယ်ပျောက်မည်နည်း

ဖုန်း ၀၉ - 33013023, 250265925

## မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အသင်းဝင်များ သိသာပါရန်

၂၀၁၃-၂၀၁၅ခုနှစ် (၂)နှစ်တာကာလအတွက် အသင်း၏အလုပ်အမှုဆောင်သစ်များအဖြစ် ဆန္ဒပြုလာသည့် အသင်းသား(၇၃)ဦးအား ရွေးချယ်တင်မြှောက်ပွဲကော်မရှင်၏ ကြီးကြပ်မှုဖြင့် (၂၈-၂-၂၀၁၄) ရက် မွန်းလွဲ ၁း၀၀ နာရီတွင် UMFCCI Tower၊ ပထမထပ်၊ မင်္ဂလာခန်းမ၌ ပွင့်လင်းမြင်သာစွာ စနစ်တကျ ရွေးချယ်မည်ဖြစ်ပါ၍ အသင်းဝင်ကုမ္ပဏီများမှ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခံရသူကိုယ်တိုင် မပျက်မကွက် တက်ရောက်၍ ရွေးချယ်မဲ ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ ကိုယ်စားလှယ်လွှဲအပ်ခံရသူသည် ကိုယ်စားဆန္ဒမဲပေးခြင်းကို တစ်ဦးထက်ပို၍ ဆောင်ရွက်ခွင့်မရှိစေရ။

**မြန်မာနိုင်ငံပဲမျိုးစုံနှင့်**
**နှမ်းကုန်သည်များအသင်း**

## ဒဂုံမြို့သစ် အရှေ့ပိုင်း တောင်ပိုင်း ဆိပ်ကမ်း

09 - 73005053
09 - 5122010

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံတက္ကသိုလ်မှ နန်းမူးကုန် (ပထဝီ) [၃/ဘအန(နိုင်)၂၆၄၄၈၈]၏ ဖခင်အမည်မှာ ဦးမူးစိန်(ခ)ဦးမင်းစိန် တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးမူးစိန်(ခ)ဦးမင်းစိန်**

## အောင်ချစ်ပို

ဂဏန်းပေဒင်ဟောကိန်းများ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၇၃) မြေကွက်ပေါ်ရှိ (၆)ထပ်အဆောက်အအုံ၏ မြေညီထပ်(ခြေရင်း) ပေ(၁၂½ ×၅၀) ရှိ တိုက်ခန်းကို တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့် ဒေါ်စန်းစန်းမော်[၁၄/ပသန(နိုင်) ၁၆၄၁၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြင့်မြင့်လင်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၇)**

**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(D-11)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၇၃၀၂၉၅၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃ကံဘဲ့၊ မြေကွက်အမှတ် ၇/အ^၁၊ မြေကွက်တည်နေရာအမှတ်(၁၄)၊ ဂန္ဓမာလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးလှကျော်)အမည်ပေါက် အယ်လ်အနှစ်(၃၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်(၂၃-၁၂-၅၉) ဖြင့် ဦးကြည်မှလည်းကောင်း၊ ဦးကြည်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်(၁၉-၁၂-၂၀၁၀)ဖြင့် ဒေါ်စန်းစန်းယု[၁၂/မရက(နိုင်)၁၁၀၉၂၂]မှပိုင်ဆိုင်လာပါသည်။ဒေါ်စန်းစန်းယုမှ(တရားလို)ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၅၂/၂၀၁၃ဖြင့်ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှုဖြင့် ဦးလှကျော်နှင့်ဦးကြည်တို့အား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိလာပါသည်။ တရားမဇာရီမှုအမှတ် ၈၃/၂၀၁၃အရ တရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် ခန့်အပ်ခြင်းခံရသူ ဒေါ်စောယုမွန်(ဘီလစ်)မှ တရားရုံးဒီကရီအထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သည့် အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

## ဦးစော်မင်းဦး (ခ) ဘိုလေးနှင့် အများသိစေရန်

ဦးကျော်ဆန်း ( B.A.R.L., D.B.L. )

## ကန့်ကွက်နိုင်ပါသည်

## မှင့်ဦး

သစ်မွှေးဖိုက်ခင်းနှင့်မျိုးဥယျာဉ်

(Northern Agarwood)

သစ်မွှေးမျိုးပင်များရရှိနိုင်ပါသည်။ မျိုးပင်ဈေးနှုန်း (5)လက်မ-350 ကျပ်၊ (1)ပေ-600 ကျပ်၊ (1½)ပေ-700 ကျပ်၊ (2)ပေ-900 ကျပ်၊ (2½)ပေ-1100 ကျပ်၊ (3)ပေ-1400 ကျပ်၊ မျိုးပင်(1500)အထက်ဝယ်ယူသူများ မိုင်(100)အတွင်း ပို့ဆောင်ပေးပါမည်။ မျိုးပင်(5000)အထက် ...

